
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြပုလဲသွယ်

# အမုန်းနဲ့ မခွင်းတဲ့အချစ်ရဲ့ကြား

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၀၀၆၇၂၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၀၀၀၃၂၀၈၁၀ |
| အုပ်အိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ် အောက်တိုဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၃၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

မြပုလဲသွယ်

အမုန်းနဲ့ပစ်ခွင်းတဲ့ အချစ်ရဲ့မြား/ မြပုလဲသွယ်။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၁၀

၂၃၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အမုန်းနဲ့ပစ်ခွင်းတဲ့ အချစ်ရဲ့မြား


## အခန်း (၁)

စိမ်းမှောင်သော မျက်ခုံးကြီး တွန့်ကြုတ်လျက် နိုင်ဆွတ်မိုး ရောက်နေသည် တစ်စုံတစ်ရာ စိတ်ရှုပ်ထွေးသည့်ဟန်က အထင်းသား ပေါ်လွင်နေရသည်။

တကယ်လည်း နိုင်ဆွတ်မိုးတစ်ယောက် စိတ်ရှုပ်ထွေးလျက် စိတ်အညစ်ကြီး ညစ်နေရလေ၏။

မိန်းမမုန်းသမားတစ်ယောက် မဟုတ်ပေမယ့် မိန်းကလေးများနှင့် တတ်နိုင်သလောက် ကင်းကင်းရှင်းရှင်းနေထိုင်ခဲ့သော နိုင်ဆွတ်မိုး အိမ်ကိုမှ ကိုယ်နှင့် သွေးမတော်သားမစပ် ဘာမှ ပတ်သက်ရင်းနှီးခြင်းမရှိသည့် မိန်းကလေးတစ်ယောက် ရောက်ရှိမည်ဆိုသောအခါ နိုင်ဆွတ်မိုးစိတ်ဝယ် ကသိကအောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ကြီး ဖြစ်နေရလေတော့သည်။

အခုနအတိုင်းပြောရလျှင် သူ့အိမ်ကို ဘယ်မိန်းကလေး တစ်ယောက် လာသည်ကိုမှ နိုင်ဆွတ်မိုးမကြိုက်ပါ။

အသက်သုံးဆယ်ကျော်အရွယ် လူပျိုကြီးဆိုသောဂုဏ်နှင့် အတူ များပြားလှစွာသော စီးပွားရေးလုပ်ငန်းကို တိကျပြတ်သားစွာ တစ်ကိုယ်တည်း လုပ်ကိုင်နေသူလည်းဖြစ်သည်။

လုပ်ငန်းကိစ္စနှင့်ပတ်သက်ကာ မကင်းရာမကင်းကြောင်း မိန်းကလေးများနှင့် ပြောဆိုဆက်ဆံနေရပေမယ့် နိုင်ဆွတ်မိုးဆိုတဲ့ သူကတော့ အားလုံးကို လိုတာထက်မပိုခဲ့ပါ။

တည်တင်းသောမျက်နှာ၊ ပြတ်သားသော စကားများဖြင့် ပြောဆိုဆက်ဆံတတ်သူမို့ မိန်းကလေးများကလည်း သူ့အား ခပ်လန့်လန့်ရှိကြသည်အမှန်။

နိုင်ဆွတ်မိုးဆိုသည့် သူကတော့ ဘယ်သူတွေ ဘယ်လို ထင်ထင် ဂရုမစိုက်ပါ။

ယခု အသက်ရွယ်ထိ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့် နေသော သူ့ကို အချစ်မရှိသူ နှလုံးသားမရှိသူရယ်လို့ ဆိုကြပါစေ





ဦး နိုင်ဆွတ်မိုးကတော့ ထိုစကားများကို မကြားသလို မတုန် မလှုပ် အေးစက်လျက်။

*လူတွေ ဝေဖန်သလို တကယ်လည်း သူကိုယ်တိုင်က* အချစ်နှင့် ကင်းကွာခဲ့သူဖြစ်သည်။

ဘွဲ့ရပြီးကတည်းက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးလောကထဲ ရောက်ခဲ့သော နိုင်ဆွတ်မိုး။ ခုချိန်မှာတော့ သူသည် အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေလေပြီ။

ကျောင်းပြီးကတည်းက သူ့ဘဝတစ်ခုလုံးကို စီးပွားရေး လုပ်ငန်းထဲတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံထားသောသူမို့ နိုင်ဆွတ်မိုး မိန်းကလေးများကိုလည်း စိတ်ဝင်စားခြင်းမရှိခဲ့ပါ။

အချစ်ဆိုတာ သူနှင့်မပတ်သက်သလို ခံယူထားသော နိုင်ဆွတ်မိုးအနားတွင် အသင့်ရှိနေသော မိန်းမချော မိန်းမလှလေး များကလည်းမနည်း။

အလှတစ်ခုကို ဗန်းပြကာ ယောကျ်ားတွေ၏အချစ်ကို အပျင်းပြေ ကစားစရာတစ်ခုလို သဘောထားသော မိန်းမများကို



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆွတ်မိုး အထင်မကြီးပါ။

နိုင်ဆွတ်မိုး နားလည်လက်ခံထားသည့်အချစ်က အေးချမ်းမှုနှင့် တည်ငြိမ်သောအချစ်။

ထိုအချစ်မျိုး သူ့ရင်ထဲ ရောက်ရှိမလာသရွေ့ နိုင်ဆွတ်မိုး မိန်းကလေးများနှင့် ကင်းရှင်းစွာ နေခဲ့လေသည်။

ယခုတော့ သူ ဘယ်လိုပင် ကင်းရှင်းပါစေ။ ကင်းရှင်းလို့မရအောင်ပင် သူ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသည့် မိန်းကလေးက သူ့အိမ်ကို ဘယ်သူမှ မဖိတ်ခေါ်ပါဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့မည့်အဖြစ်။

ထိုအဖြစ်ကို နိုင်ဆွတ်မိုး လက်မခံနိုင်အောင် ဖြစ်နေရခြင်းဖြစ်သည်။

ခက်တာက သူ လက်မခံလို့လည်း မဖြစ်ခြင်းပင်။

ယခုရောက်ရှိလာမည့် ပန်ရွှယ်ဖူးဆိုသော မိန်းကလေးသည် လောကအလယ်တွင် သူ၏ တစ်ဦးတည်းသော ဆွေမျိုးရင်းချာဖြစ်သည့် ဦးလေး ဦးဆက်နောင် လွှတ်လိုက်သော မိန်းကလေး ဖြစ်နေသောကြောင့်ဖြစ်သည်။





နိုင်ဆွတ်မိုးမှာ သူ့အိမ်ကို ပန်ရွှယ်ဖူးဆိုသော မိန်းကလေး ရောက်ရှိလာမည့်အဖြစ်ကို သူ ဘယ်လိုပဲ မကြိုက်နှစ်သက်ပါစေ ဦးလေး ဦးဆက်နောင်စကားကိုတော့ဖြင့် သူ မဖယ်ရှားနိုင်ခဲ့ပါ။

ဦးလေး သူ့အား မိဘများမရှိတော့ကတည်းက တစ်ကိုယ်တည်းဘဝနှင့် စောင့်ရှောက်လာခဲ့သူဖြစ်သည်။

ဒါကြောင့် ဦးလေးဦးဆက်နောင်၏ ကျေးဇူးတွေက ဆပ်လို့မကုန်နိုင်သလို ဒီနေ့ထိလည်း ဦးလေးအား ချစ်ကြောက်ရိုသေခဲ့လေသည်။

ယခုကိစ္စတွင်လည်း နိုင်ဆွတ်မိုးသည် သူ့စိတ်မှာ ဘယ်လောက်ပဲ မကြိုက်နှစ်သက်နေပါစေ။ ဦးလေးဆန္ဒကိုတော့ သူ မငြင်းဆန်ရဲပါ။

မငြင်းဆန်ရဲသောကြောင့်လည်း ပန်ရွှယ်ဖူးဆိုသည့် မိန်းကလေးကို သူ လက်ခံရတော့မည်ဖြစ်သည်။

ငယ်သူငယ်ချင်း ဆွေမျိုးရင်းချာလိုဖြစ်နေသော သူ၏ သမီးကို နိုင်ဆွတ်မိုးလက်ထဲသို့ စိတ်ချလက်ချအပ်ကာ ကျောင်းပြီးထားသည့် သူမကို အလုပ်လုပ်ရန်နှင့် သူမကို သေချာစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဖုန်းထဲကတစ်ဆင့် မှာခဲ့သော ဦးလေးစကားကို နိုင်ဆွတ်မိုး ဘာတစ်ခုမှ မငြင်းဆန်ခဲ့ပါ။

'ဟုတ်ကဲ့ပါ ဦးလေး' ဆိုသော စကားနှင့်ပင် ပြီးဆုံးခဲ့ရလေသည်။

စိတ်ထဲမှာတော့ ကိုယ်နှင့်ဘယ်လိုမှ သွေးသားမတော်စပ်သည့် မိန်းကလေးတစ်ယောက်ကို အိမ်မှာခေါ်ထားရမည့်အပြင် သူ့မကိစ္စအားလုံး သူ့အပေါ် အလိုလိုပုံကျလာရသည့်အဖြစ်ကို တွေးတွေးပြီး နိုင်ဆွတ်မိုး စိတ်တွေညစ်နေရသည်။

ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်။

မိန်းကလေးတွေနှင့် မပတ်သက်ချင်၍ အချစ်ကိုပင် မရှာဖွေခဲ့သော နိုင်ဆွတ်မိုး။ ခုတော့ ဘယ်လိုကဘယ်လို ကိုယ်နှင့်ဘာမှမဆိုင်သည့် မိန်းကလေးတစ်ယောက်၏ တာဝန်တွေက သူ့အပေါ် အားလုံးစုပြုံကျရောက်လာရပြီဖြစ်သည်။

ပန်ရွယ်ဖူးဆိုသည့် မိန်းကလေး။ တကယ်ဆို သူမကိုယ့်ဘာသာကိုယ်နေဖို့ ကောင်းပါ၏။

အထက်အညာမြို့လေးတစ်မြို့ကနေ ကျောင်းပြီးလာသော





ပန်ရွယ်ဖူးသည် ရန်ကုန်မြို့ကြီးမှာ ဘဝ၏တိုးတက်မှု ရှာဖွေရန်အတွက် အလုပ်လုပ်ချင်ပါသည်ဆိုကာ ရောက်ရှိလာမည့်အဖြစ်က သူမတာဝန်တွေ သူ အားလုံး လွှဲယူလိုက်ရသည့်အဖြစ်။

တကယ်တော့ နိုင်ဆွတ်မိုးဆိုတာက အချိန်အားလပ်သူတစ်ယောက်တော့ဖြင့် မဟုတ်ပါပေ။ တစ်နေ့တစ်နေ့ များလှသည့် အလုပ်ကိစ္စတွေကြားမှာ လူက အလုပ်နှင့်မပြတ်နိုင်သည်မှာ သူ့အတွက် စားချိန် အိပ်ချိန်ပင် မနည်းလုယူနေရသည့်အဖြစ်။

သည်လို မအားလပ်သည့်ကြားက သူ့ထံ မဖိတ်ခေါ်ဘဲ ရောက်ရှိလာမည့် ပန်ရွယ်ဖူးဆိုသော မိန်းကလေးအတွက် သူ အစစ အရာရာ တာဝန်မလစ်ဟင်းရအောင် စီစဉ်ရပြန်သည်။

'ဒီနေ့တော့ နိုင်ဆွတ်မိုးတစ်ယောက် ခါတိုင်းအလုပ်ပြန်ချိန်ထက် စောစွာ ပြန်လာခဲ့ခြင်းဖြစ်သည်။

သူ မောင်းလာသည့်ကားလေးက တိုက်၏ ပေါ်တီကိုအောက် ထိုးရပ်သွားသည်နှင့် နိုင်ဆွတ်မိုးသည် ကားပေါ်မှ ကိုယ်ဟန်မတ်မတ်ဖြင့် ဆင်းလာခဲ့လိုက်သည်။

သူ့မျက်နှာချောချောကတော့ဖြင့် အပြုံးအရယ်မရှိ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တည်တည်နှင့်သာ။

ဒါကလည်း နိုင်ဆွတ်မိုး၏ မပြောင်းလဲသည့် စတိုင်လ်လို့ပင် ပြောရပါမည်။

နိုင်ဆွတ်မိုးသည် လူက တည်တံ့ချောမောသလောက် အနေလည်း တည်ကြည်သူတစ်ယောက်ဖြစ်သည်။

နိုင်ဆွတ်မိုး တိုက်ထဲသို့ ရောက်သည်နှင့်

"ဟော မောင်နိုင်ဆွတ်မိုး ပြန်လာပြီလား၊ ဒီနေ့ အလုပ်က ပြန်လာတာ စောသားပဲနော်"

သူ ငယ်ငယ်လေးကတည်းက ထိန်းကျောင်းလာခဲ့သည့် ဒေါ်လေးခင်မှာ သူ့ကိုမြင်တော့ အပြုံးနှင့် နှုတ်ဆက်လေသည်။

"ဟုတ်တယ် ဒေါ်လေးခင်၊ ဒီနေ့ အလုပ်က ကျွန်တော် စောစောပဲ ပြန်လာခဲ့လိုက်တယ်၊ ဒါနဲ့ ဧည့်သည်ရောက်နေပြီလား ဒေါ်လေးခင်"

"ဪ ပန်းရွယ်လေးကို ပြောတာလား"

သူ့အိမ်ရောက်လာသည့် မိန်းကလေးသည် ပန်းရွယ်ဖူး ဆိုတာကို သိပေမယ့် နိုင်ဆွတ်မိုးမှာတော့ ထိုနာမည်က သူနှင့်





စိမ်းလွန်းနေသဖြင့် နှုတ်က မခေါ်မိပါ။

ဒေါ်လေးခင်ပြောစကားကိုသာ ခေါင်းညိတ်ပြလိုက်တော့

"ရောက်နေပြီ မောင်နိုင်ဆွတ်မိုး၊ မိန်းကလေး သူ့အခန်းထဲမှာရှိတယ်၊ ဒေါ်လေးခင် သွားခေါ်ပေးမယ်လေ"

စကားဆုံးသည်နှင့် ပန်းရွယ်ဖူးအား ခေါ်ရန် ဒေါ်လေးခင်သည် အပေါ်ထပ်သို့ တက်သွားလေသည်။

"မိန်းကလေး မိန်းကလေး၊ တံခါးဖွင့်ပါဦးကွယ်"

"ဟုတ်ကဲ့ လာပါပြီ ဒေါ်လေးခင်"

ဒေါ်လေးခင်အသံကြောင့် ပန်းရွယ်ဖူး အသံပြန်ပေးရင်း အခန်းတံခါးကို ဖွင့်လိုက်လေသည်။

"လူလေးရောက်နေပြီ၊ ဒီနေ့ အလုပ်ကပြန်လာတာ စောတယ်၊ သမီးဆင်းတွေ့လိုက်ပါဦး"

ပန်းရွယ်ဖူးရင်မှာ ထိတ်သွားရသည်။ ဦးနိုင်ဆွတ်မိုး အလုပ်က ပြန်ရောက်နေပြီတဲ့လား။

အမှန်ပြောရလျှင် ပန်းရွယ်ဖူး ဦးနိုင်ဆွတ်မိုးဆိုသည့်လူကြီးနှင့် မဆုံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မဆုံချင်လို့ကလည်းအဖြစ်။ ဦးနိုင်ဆွတ်မိုးဆိုတာက ဒီအိမ်ကြီး၏ အရှင်သခင်တစ်ယောက်။ ဒီတော့လည်း ယန်ရှယ်ဖူး တွေ့ရပေဦးမည်ပေါ့။

တကယ်တော့ သူမစိတ်ဝယ် ယခုလို ခံစားမှုတွေဖြစ်ပေါ်ရခြင်းမှာ ဦးနိုင်ဆွတ်မိုးကြောင့်သာလျှင် ဖြစ်ပါသည်။

သူမအား ဦးနိုင်ဆွတ်မိုး လာကြိုမည့်အကြောင်းနှင့်စိတ်အားမငယ်ရန် ဦးဆက်နောင်သည် သူမအား တဖွဖွမှာလိုက်ပေမယ့် တကယ်တမ်းမှာတော့ သူမထင်သလို မဖြစ်ခဲ့သလိုဦးနိုင်ဆွတ်မိုးသည်လည်း သူမအား လာမကြိုပါပေ။

နယ်မှလာရသည့် ယန်ရှယ်ဖူးအတွက် ရန်ကုန်မြေဆိုတာသူမနှင့် စိမ်းလွန်းနေရသည့် နေရာတစ်ခု။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို သူမအားတူဖြစ်သူ နိုင်ဆွတ်မိုးကိုယ်တိုင် လာကြိုပါလိမ့်မည်ဟု ပြောခဲ့ပေမယ့် အချိန်အတန်ကြာသည်အထိ သူမတစ်ယောက်တည်း ကားဂိတ်တွင် ယောင်ချာချာနှင့် ကြိုမယ့်သူမဲ့နေသည့်အဖြစ်။

ခက်တာက သူမကိုယ်တိုင်ကလည်း ဦးနိုင်ဆွတ်မိုးကိုမမြင်ဘူးပါ။

သူ့ကိုတော့ သူမ ဝတ်လာမည့်ဝတ်စုံနှင့် သူမပုံစံကိုဦးလေး ဦးဆက်နောင်သည် တူဖြစ်တဲ့သူအား ပြောထားပြီးဖြစ်ပါလိမ့်မည်။

ဒါကြောင့် သူ သူမကို အလွယ်တကူနှင့် သိနိုင်ပါ၏။

ခရီးဆောင်အိတ်ကြီးနှင့် သိပ်လှကာ ကြိုသူမဲ့နေသောသူမကို လူတွေကလည်း အကဲခတ်သလို ကြည့်နေကြလေပြီ။

တကယ်တော့ ယန်ရှယ်ဖူးကို အကဲခတ်ကြည့်တာထက်သူမသိပ်လှ၍ ကြည့်သည်ဆိုလျှင်လည်း မှားမည်မထင်ပါ။

ယန်ရှယ်ဖူးမှာ သူမကို လူတွေကြည့်တိုင်း မျက်နှာလေးရဲရဲနှင့် လူက မနေတတ်အောင် ဖြစ်ရလေသည်။

ထိုအချိန်ထိ သူမကို လာမကြိုသေးသည့် သူ့ကိုလည်းယန်ရှယ်ဖူးစိတ်မှာ ကျိတ်ကာ ဒေါသတွေဖြစ်နေရသည်။

တကယ်တမ်း သူမကို လာကြိုပြန်တော့လည်း သူမထင်ထားသလို ဦးနိုင်ဆွတ်မိုးမဟုတ်ပါဘဲ သူမထင်မထားသည့်သူတပည့်တစ်ယောက် ဖြစ်နေလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ပန်းရွှယ်ဖူးအဖို့ သူမကို ဘယ်သူလာကြိုကြို ကိစ္စမရှိပေမယ့် ဦးလေး ဦးဆက်နောင်ကိုယ်တိုင် ပြောလိုက်သည့် စကားအတိုင်း သူမကို ဦးနိုင်ဆွတ်မိုး လာမကြိုသည်ကိုတော့ ပန်းရွှယ်ဖူးစိတ်မှာ ကလေးဆန်သည်လို့ပဲပြောပြော မကျေမနပ်ဖြစ်မိသည်ကတော့ အမှန်ပင်။

ဒီ မကျေနပ်စိတ်လေးက ယခုလို ဦးနိုင်ဆွတ်မိုးနှင့် မျက်နှာချင်းဆိုင်ရမည်ဆိုသည့်အခါမှာတော့ အနှောင့်အယှက်ဖြစ်ရတော့သည် မဟုတ်ပါလား။

"လာ သမီး၊ အောက်မှာ သမီးကို လူလေးစောင့်နေတယ်"

အတွေးတွေနှင့် ပန်းရွှယ်ဖူးကို ခေါ်လေးခင်သည် တစ်ချက်လှမ်းကြည့်ရင်းက သူမလက်လေးတစ်ဖက်ကို ဆုပ်ကိုင်ဆွဲခေါ်တော့ ပန်းရွှယ်ဖူးမှာ ယောင်တောင်တောင်နှင့် ပါလာခဲ့ရသည်။

ပန်းရွှယ်ဖူးတစ်ယောက် ခေါ်လေးခင်နှင့်အတူ အောက်ထပ်ဧည့်ခန်းဆီသို့ ရောက်သည်ဆိုရင်ပဲ

"အို"





ကကြီးပုံ လုံးဝန်းသည့် ဖူးဥနီထွေးနေရသော နှုတ်ခမ်းလေးက အံ့သြစိတ်ကြောင့် ခပ်ဟဟဖြစ်သွားရသည်။

ကြည့်စမ်းပါဦး။

သူမကို မမိတ်မသုန် မျက်ဝန်းများနှင့် ကြည့်နေသည့် လူတစ်ယောက်။

စူးရှတောက်ပသော အကြည့်စူးစူးစိမ်းစိမ်းကြီးတွေကြောင့် ပန်းရွှယ်ဖူးမျက်နှာလေး နီမြန်းလျက် မျက်ဝန်းလေး စင်းချသွားရသည့်တိုင် စူးရှလွန်းသည့် သူ့အကြည့်တွေကိုတော့ သူမမျက်ဝန်းထဲက မထွက်နိုင်။

ပခုံးကားကား၊ ရင်အုပ်ကျယ်ကျယ်၊ ညိုသော်လည်းဝါဝင်းစိုပြေသော အသားအရေနှင့် မျက်ခုံးထူထူအောက်က စူးရှတောက်ပလွန်းသည့် အကြည့်နှင့် မျက်ဝန်းတွေက တစ်ဖက်လူရင်ကိုထိုးဖောက်မတတ် ရှိလှသလို နှာတံပေါ်ပေါ် ပိရိသေသပ်သောနှုတ်ခမ်းက အရာရာကို ပြတ်သားမှုတွေနှင့် တိကျစွာ လုပ်ကိုင်တတ်ကြောင်း ဖော်ပြနေပေမယ့် ဒီလူသည် လူချောတစ်ယောက်ဆိုတာကိုတော့ဖြင့် ငြင်းလို့မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို ချောမောသောရုပ်သွင်နှင့်မလိုက်အောင် တည်တင်းသောမျက်နှာ။ စူးရှသော မျက်ဝန်းတွေကတော့ မကြိုက်နှစ်သက်စရာပင်။

တစ်ဖက်လူရင်ကို ထိုးဖောက်မတတ် ကြည့်တတ်သည့် သူ့အကြည့်တွေက ပန်ရွှယ်ဖူးတစ်ကိုယ်လုံးအား မျက်မှောင်ကြီးပြေပြေတွန့်လျက် ကြည့်နေသည့်ကပင် သူမအား တစ်စုံတစ်ရာအပြစ်ရှာနေသလို။ သူမ်အပေါ် စူးစူးရှရှကြီး ကျရောက်နေတာမို့ ပန်ရွှယ်ဖူး သူ့အကြည့်များအောက်တွင် လူက မနေတတ်အောင်ရှိလာရသည်။

"ပန်ရွှယ်ဖူးဆိုတာလား"

"ရှင် ဟုတ်ကဲ့"

ဒေါ်လေးခင်မရှိတော့ပြီမို့ သူမတစ်ယောက်တည်းယောင်တောင်တောင်ရှိနေဆဲ ရုတ်ခြည်း သူ့ထံမှထွက်ပေါ်လာသည့် စကားကြောင့် ပန်ရွှယ်ဖူးစိတ်မှာ ပို၍ အနှောင့်အယှက်ဖြစ်သွားရသည်။

သူ့အကြည့် သူ့စကားသံတွေက သူ့လက်အောက် တပည့်တစ်ယောက်ကို အမိန့်ပေးနေသလို တင်းမာခက်ထန်ပြတ်သားလွန်းနေရသည်ပဲ။

သူ့စကားတွေအတွက် သူကတော့ ဘယ်လိုမှ မဖြစ်ပေမယ့် ပန်ရွှယ်ဖူးလို တစ်အိမ်လုံး အလိုလိုက်ခံရသည့် မိန်းကလေးအတွက်တော့ သူ့စကားသံနှင့် စကားတွေက မခံချင်စရာ။ မကျေနပ်ချင်စရာများပင်ဖြစ်လေသည်။

ပန်ရွှယ်ဖူးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုပြောဆိုဆက်ဆံလို့မရဆိုတာ သူ မသိဘူးထင်ပါရဲ့။

နဂို ဂျစ်ကျတတ်သည့် စိတ်လေးက ရင်ထဲဝင်လာသဖြင့် ပန်ရွှယ်ဖူးမျက်နှာလှလှလေးက ခပ်စူစူတင်းတင်းလေး ဖြစ်လာရသည်။

"ဒီမှာ မိန်းကလေး၊ ကျုပ်ပြောတာ ကြားရဲ့လား"

ကြားပါ၏။ ကြားရုံတင်မက သူ့မျက်နှာကြီးကိုပါ မျက်ဝန်းနက်လေးနှင့် ခပ်စူးစူးကြည့်လိုက်သည်။

ဒီလူက ဦးနိုင်ဆွတ်မိုးတဲ့လား။

သူမ ထင်ထားတာထက် များစွာ အသက်အရွယ်ငယ်







www.burmeseclassic.com

www.burmeseclassic.com



သေးသည့် လူတစ်ယောက်။

ဦးနိုင်ဆွတ်မိုးဆိုသည့် လူကို ဒီလောက်ငယ်လိမ့်မည်လို့ သူမ မထင်ထားခဲ့ပါ။

ယခု သူမရှေ့ကရှိသော ဦးနိုင်ဆွတ်မိုးဆိုသည့်လူသည် သက်လတ်ပိုင်းရှိရုံမက မျက်နှာတည်တည်ကြီးနှင့် စကားပြောပုံ ပြောဟန်ကအစ သူမစိတ်နှင့် မတွေ့ချင်။

ကိုယ့်ကိုယ်ကို ဧည့်သည်တစ်ယောက်ပါလားဆိုတာ ခဏ မေ့သွားရသည့် ပန်းရွယ်ဖူး။ သူမ နဂိုဂျစ်ကျတတ်သည့်စိတ်နှင့် နေရာမှာတင် ပေရပ်နေဆဲ

"ဒေါ်ပန်းရွယ်ဖူး မင်း မတ်တပ်ရှာက လာတာတော့ မဟုတ်ပါဘူးနော်"

နိုင်ဆွတ်မိုးဆိုတာကလည်း နဂိုကမှ သိပ်ပြီးစိတ်ရှည် တတ်တဲ့သူတော့မဟုတ်။

ပေကပ်ကပ်နှင့် ဂျစ်ကျသလိုရှိနေသော ပန်းရွယ်ဖူးဆို သည့် မိန်းကလေးကို ရှုတည်တည်စိုက်ကြည့်ကာ မေးလိုက်သည်။

ပန်းရွယ်ဖူးမှာလည်း သူမကို အရွဲ့တိုက်ပြောရပါ့မလား





ဆိုသည့် မခံချင်သည့် စိတ်လေးနှင့် နှုတ်ခမ်းလေးဖိကိုက်ကာ သူ့ကို ပြန်ကြည့်လိုက်ပြီး

"ဟုတ်ကဲ့ လူကြီးမင်း၊ လူကြီးမင်းပြောတာ ကျွန်မကြား ပါတယ်"

"ဟင်"

သူမထံမှ မထင်မှတ်သည့် တုံ့ပြန်မှုစကားကြောင့် နိုင်ဆွတ်မိုး အံ့သြသွားရသည်။

သူ့တစ်သက်တွင် သူ့အား ယခုလိုမျိုး သူ့စကားကို ခွန်း တုံ့ပြန်သည့် မိန်းကလေးမျိုး မတွေ့ခဲ့ဖူးသည်မို့ နိုင်ဆွတ်မိုးစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်ကအမှန်။

နိုင်ဆွတ်မိုးမျက်နှာကြီး တည်တင်းသွားရပြီး

"ကျုပ်နဲ့စကားပြောရင် ကျုပ်စကားကို စိတ်ဝင်တစား နားထောင်ပါ၊ ပြီးတော့ ခွန်းတုံ့မပြန်ပါနဲ့"

ဗုဒ္ဓေါရေ။

သူ့စကားသံက ခက်ထန်နေရသလို သူ့မျက်နှာကြီး ကလည်း ကြောက်စရာကောင်းအောင် တည်တင်းနေသည်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ပန်ရွှယ်ဖူးမှာ သူမျက်နှာကို အယောင်ယောင်အမှားမှား ကြည့်မိသွားရသည်။

ထိုအခါ သူ့အကြည့်တွေနှင့် သူမအကြည့်တွေ ဆုံသွားရသည်။

"ဦးလေးပြောလို့ မင်းအကြောင်း ကျုပ် သိသင့်သလောက် သိနေပြီးပြီ၊ ရှင်းရှင်းပြောရရင် ကျုပ်က ကျုပ်အိမ်မှာ ဘယ်မိန်းကလေးကိုမှ လက်ခံချင်တာမဟုတ်ဘူး"

"ရှင်"

ပွင့်လင်းလွန်းသည့် သူ့စကားတွေက ပန်ရွှယ်ဖူးမာနကို ထိပါးသွားစေရသလို။

"အထူးသဖြင့် မင်းလိုသိပ်လှတဲ့ မိန်းကလေးမျိုးပေါ့"

"အို"

သည်လူတော့။

သေတော့မှာပဲ။

သူမကိုရှေ့ထားကာ သူမအကြောင်းကို ဒီလို လွယ်လွယ် ပြောရသည်တဲ့လား။





တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတွေက မှန်တယ်ထင်လျှင် နောက်မဆုတ်တမ်း ပြောတတ်ရုံမက အားနာမှုဆိုတာလည်း မရှိသည့်လူမျိုး။

သူမအကြောင်း သူမကိုရှေ့ထားကာ ပြောနေသည့် ဒီလိုလူမျိုးကို ပန်ရွှယ်ဖူး လက်ဖျားခါလန့်သွားရပါပြီ။

တစ်ဆက်တည်း ပန်ရွှယ်ဖူးရင်မှာ မာနတွေက အုံကြွလာရသည်မို့ သူမမျက်ဝန်းနက်နက်နှင့် အကြည့်စူးစူးလေးတွေက သူ့ထံ တုံ့ပြန်ကြည့်လိုက်ကာ

"ကျေးဇူးတင်ပါတယ်၊ ခုလိုမျိုး ရှင့်စိတ်ထဲမှာရှိတာတွေကို ပွင့်ပွင့်လင်းလင်းပြောပြတဲ့အတွက်၊ စိတ်ချပါ ကျွန်မကလည်း ကျွန်မကို လက်မခံချင်တဲ့၊ ကိုယ့်ကို မလိုလားတဲ့အိမ်မျိုးမှာ မနေပါဘူး"

ပန်ရွှယ်ဖူးစကားကြောင့် နိုင်ဆွတ်မိုး အံ့ဩသလို သူမကို ဆတ်ခနဲကြည့်လိုက်ပြီး

"ဘာပြောတယ်၊ မင်းက ဒီမှာမနေဘူး ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို မာနရှိတယ်လို့ပဲပြောပြော ကိုယ့်ကိုမလိုလားတဲ့အိမ်မှာ မျက်နှာပြောင်တိုက်ပြီး နေမယ့်သူထဲ ပန်းရွှယ်ဖူးဆိုတဲ့ ကျွန်မ မပါပါဘူး"

"နေပါဦး၊ မင်းက ဒီမှာမနေလို့ ဘယ်သွားနေမလို့လဲ"

"ဒါ ကျွန်မကိစ္စမို့ လူကြီးမင်းနဲ့ မဆိုင်ဘူးထင်ပါတယ်"

"ဘာပြောတယ်"

"မင်းကို ဦးလေးက ကျုပ်ဆီ ယုံယုံကြည်ကြည်နဲ့ စိတ်ချပြီးလွှတ်လိုက်တာ၊ ဒါကြောင့် ခုချိန်မှာ မင်းနဲ့အသက်ဆိုင်ဆုံးသူက ကျုပ်ပဲ"

"ဟင်"

"ရှင် ရှင်"

ပန်းရွှယ်ဖူးမျက်ဝန်းလေးတွေ လက်ဖြာသွားရသည်အထိ ဒေါသဖြစ်သွားရသည်။

ဒါ သူ သူမကို အနိုင်ကျင့်နေတာ။ သူ့အိမ်ရောက်နေတာနှင့် သူ ပြောသည့်စကား သူမ နာခံရတော့မည်လား။

နိုင်ဆွတ်မိုးကတော့ သူ့အပေါ် သူမဘယ်လောက်ပဲ





ဒေါသဖြစ်နေပါစေ သူကတော့ဖြင့် ဂရုမစိုက်။

သူ့မျက်နှာထက်ဝယ် တစ်စုံတစ်ရာ ဆုံးဖြတ်ထားပြီးသည့်ဟန်က ပေါ်လွင်နေရသည်။

ဒါကိုပင် ပန်းရွှယ်ဖူးကလည်း မကျေမနပ်ဖြစ်ရသည်မို့

"ဒီမှာရှင့် လူကြီးမင်း၊ ရှင့်အိမ်မှာ ရောက်နေတယ်ဆိုပြီး ရှင် ကျွန်မကို အမိန့်ပေးဖို့ မကြိုးစားပါနဲ့၊ ပန်းရွှယ်ဖူးဆိုတာ တစ်သက်လုံး ဘယ်သူ့အမိန့်ကိုမှ နာခံလာတဲ့သူ မဟုတ်ဘူးဆိုတာ ရှင် သိထားပါ"

"မင်းပြောတဲ့စကားတွေက အရင်တုန်းက ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမဲ့ ခုချိန်မှာတော့ မင်း ကျုပ် ပြောသမျှကို နာခံရလိမ့်မယ်၊ ဘာကြောင့်လည်းဆိုတော့ မင်းက ကျုပ်အိမ်ကိုရောက်နေလို့ပဲ"

"ဟင်"

အကြည့်ရူးရူးတွေက အေးတိအေးစက်နှင့် လူကို အနိုင်ယူသလိုပြောနေပုံက သူ့မျက်နှာကြီးကို စိတ်ရှိတိုင်း ဆွဲကုတ်ပစ်ချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးခင်က မီးဖိုထဲ တကုပ်ကုပ်နှင့် နိုင်ဆွတ်မိုးနှင့် သူမ ဘာဖြစ်နေသည်ကိုမသိပါ။

"မင်း ဒီကိုလာတာ အလုပ်လုပ်ဖို့၊ ဘဝရဲ့ တိုးတက်မှုကို ရှာဖို့ဆို"

"ရှင်နဲ့မဆုံခင်ကအထိတော့ ကျွန်မမှာ အဲဒီဆန္ဒတွေရှိခဲ့တယ်"

"မင်းပြောတာက"

"ရှင်နဲ့ဆုံပြီး ကျွန်မရဲ့ဆန္ဒတွေ ပျက်သွားပြီ၊ ကျွန်မ နယ်ကိုပြန်တော့မယ်"

"ဘယ်လို ပြန်မယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မပြန်မယ်"

ထိုစကားကို ယန်ရွှယ်ဖူးသည် တကယ်ပင် ပြောနေခြင်း ဖြစ်ပါသည်။ ကိုယ့်ကို မလိုလား မကြည်ဖြူသည့်အရိပ်မှ သူမ တစ်စက္ကန့်မျှပင် မနေချင်တော့ပါ။

"အေးလေ မင်းကိုမြင်လိုက်ကတည်းက မင်းဟာ ဆုံးဖြတ်ချက်မခိုင်မာတဲ့ မိန်းကလေးဆိုတာ ကျုပ် သိလိုက်ပါ





တယ်"

"ဘာရှင့်"

သူ့စကားတွေကို ယန်ရွှယ်ဖူး သည်းမခံနိုင်တော့ပါ။

"ရှင် ရှင့်စကားတွေက ကျွန်မကို သိပ်စော်ကားနေပြီ"

"အေးလေ ကျုပ်စကားတွေက အမိကို စော်ကားသလို ဖြစ်ချင် ဖြစ်သွားမယ်၊ ဒါပေမဲ့ ကျုပ်ပြောတဲ့ စကားတွေကတော့ အမှန်တွေပဲ"

"ဘာမှန်ရမှာလဲ၊ ရှင်က ကိုယ့်အတွက် ကိုယ်ကြည့်တဲ့ လူပဲ၊ အို တော်ပြီ၊ ရှင့်အိမ်မှာ ကျွန်မ တစ်စက္ကန့်တောင် ဆက်မနေနိုင်တော့ဘူး၊ သွားမယ်"

ဒေါသမျက်ဝန်း စူးစူးတောက်တောက်လေးနှင့်ပြောပြီး ယန်ရွှယ်ဖူးသည် နိုင်ဆွတ်မိုးနားမှနေ ချာခနဲလှည့်ထွက်ရန်အလုပ်

"ပြန်ချင်လို့ ပြန်တဲ့သူကိုတော့ ကျုပ် မတားပါဘူး၊ ဒါပေမဲ့ ကိစ္စတစ်ခုကို လွယ်လွယ်နဲ့ အလျှော့ပေးတတ်တဲ့ မိန်းက လေးမျိုးကိုတော့ ကျုပ် စိတ်ပျက်မိတယ်၊ ဒီလိုမိန်းကလေးအတွက် ဘဝတိုးတက်မှုဆိုတာ ဘယ်လိုလုပ်ရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာပြောတာလဲ"

"ဘဝတိုးတက်မှုရှာတဲ့သူတွေထဲမှာ မင်း မပါနိုင်ဘူးလို့ ပြောနေတာ"

"ဒါ ရှင် ကျွန်မကို အထင်သေးတာ၊ ကျွန်မက ဘာလို့ မပါနိုင်ရမှာလဲ"

"ဘာ"

ဒေါသမျက်ဝန်းလေးတွေနှင့် တခြားစီ စိန်ခေါ်သလို တုံ့ပြန်လာသည့် မျက်နက်ဝန်းလေးတွေက နိုင်ဆွတ်မိုးအား ခပ်တွေတွေလေးကြည့်လာကာ စကားဆိုတော့ အံ့သြမှုတွေနှင့် နိုင်ဆွတ်မိုးမျက်ခုံးကြီးပင့်ကာ တက်သွားရကာ

"မင်းဘာပြောလိုက်တာလဲ ပန်ရွှယ်ဖူး"

"ခု ရှင့်ဆီက စကားတစ်ခွန်းတည်းနဲ့ ကျွန်မ ဒီအရိပ်မှာ ပဲနေဖို့ ဆုံးဖြတ်လိုက်ပြီ၊ ရှင် မလိုလားတဲ့ ကျွန်မဟာ ရှင့်အရိပ်အောက်မှာနေပြီး ဘဝတိုးတက်မှုကို ရှာဖို့ ဆုံးဖြတ်လိုက်ပြီ"

"အင်း ဒီလိုပဲ ဖြစ်သင့်ပါတယ်လေ၊ ကျုပ်ဆိုတဲ့ကျုပ်ကလည်း အဲဒီလို စိတ်ဓာတ်မျိုးရှိတဲ့သူမျိုးကိုပဲ သဘောကျတယ်၊





တဲ မင်း မနက်ဖြန်ကစပြီး ကျုပ်ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ပြင်ဆင်ထားပါ၊ ခြော် နေဦး၊ တစ်ခုတော့ မင်းကို ကျုပ်ပြောထားရဦးမယ်၊ ကျုပ် ကုမ္ပဏီမှာ လုပ်တဲ့သူအားလုံးဟာ ကိုယ်ပိုင်အရှည်အချင်းနဲ့ အရည်အသွေးရှိတဲ့သူတွေချည်းပဲ၊ အဲဒီအတွက် မင်းလည်း မင်းအရည်အချင်း၊ အရည်အသွေးပေါ်မူတည်ပြီး အလုပ်လုပ်ရလိမ့်မယ်၊ ကျုပ်အိမ်မှာနေတယ်ဆိုပြီး ကျုပ်ရဲ့နာမည်ကိုတော့ မင်း သုံးလို့ရမှာမဟုတ်ဘူး"

သေလိုက်စမ်း။ ရှင် သေလိုက်စမ်း ဦးနိုင်ဆွတ်မိုး။ ရှင့်ရဲ့ စကားတွေက ကျွန်မကို ဘယ်လောက်စော်ကားနေတယ်ဆိုတာ ရှင် သိရဲ့လား။

ပန်ရွှယ်ဖူးဆိုတာ ကိုယ့်ကိုစိန်ခေါ်ရင် ဘွာခတ်တတ်သူ တော့မဟုတ်ပေ။

သူ့ဘက်က ဒီလိုပြတ်ပြတ်သားသား ပြောလာတော့လည်း သူမဘက်က သူ့ထက် ပိုပြတ်သားရပေမည်ပေါ့။

"ကောင်းပါတယ်၊ ကျွန်မကလည်း ရှင့်ရဲ့ဂုဏ်ရှိန်ကြောင့် အလုပ်ရမယ်ဆိုရင်တောင် အဲဒီအတွက် စဉ်းစားရဦးမှာပါ၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ ကျွန်မကိုယ်တိုင်က ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အရည်အချင်းကို ကိုယ်ထုတ်သုံးတတ်တဲ့ မိန်းကလေးဖြစ်နေ လို့ပါပဲ''

''အိုဗ်က ဒါဆို ကျုပ်တို့နှစ်ယောက်အတွက် အဆင်ပြေ သွားတာပေါ့၊ မနက်ဖြန် ကျုပ် ကုမ္ပဏီသွားချိန်မှာ မင်း ကျုပ်နဲ့ အတူလိုက်ဖို့ ပြင်ဆင်ယားပါ''

''ဟုတ်ကဲ့ ကျွန်မ အားလုံးပြင်ဆင်ထားလိုက်ပါ့မယ်၊ ကျွန်မ သွားလို့ရပြီလား''

''နေဦး ကျုပ်အိမ်ရဲ့ စည်းကမ်းတစ်ခုကိုတော့ မင်းကို ပြောထားရဦးမယ်၊ စည်းကမ်းဆိုတာထက် မင်းကို မှာချင်တဲ့စကား ဆိုရင် ပိုမှန်လိမ့်မယ်၊ အဲဒါဘာလဲဆိုတော့ ကျုပ်အိမ်ထဲကို ကျုပ်မသိ ဘဲ မင်းမဟုတ်တဲ့ တခြားမိတ်ဆွေ သူငယ်ချင်းမိန်းကလေးတွေ လုံးဝခေါ်မလာဖို့ပဲ၊ မင်းကိုတောင် ကျုပ်က ကျုပ်ဦးလေးမျက်နှာ နဲ့ လက်ခံထားရတာ၊ ဖြစ်နိုင်ရင် ကျုပ် ဘယ်မိန်းမနဲ့မှ မပတ်သက် ချင်ဘူး၊ အဲဒီတစ်ခုကိုတော့ မင်း သတိထားပါ၊ ကဲ မင်း သွားနိုင် ပြီ''

ဝိုးမိုး၀၁၆ပ



သူ သွားခွင့်ပြုလိုက်တာနှင့် ပန်နွယ်ဖူး ချက်ချင်းပင် သူ့အနားက လှည့်ထွက်လာခဲ့လိုက်သည်။

သူ့အပေါ် ဒေါသဖြစ်ရသည်ဆိုတာထက် သူ့အကြည့်တွေ အောက်မှာ လူက အသက်ရှူခက်ခက် အနေကျပ်ကျပ်ဖြင့် ဖြစ်ရ သည်မို့ ယခုလို သူ့ရှေ့က ထွက်လာတော့မှ သူမ အသက်ရှူ ချောင်သလို ရှိရလေတော့သည်။

အခန်းထဲရောက်တဲ့အထိ သူမစိတ်လှုပ်ရှားမှုတွေက မပြေ နိုင်သေး။ ယဥ်သလိုလိုနှင့် တွေ့စမှာပင် အဆင်မပြေခဲ့သော နိုင်ဆွတ်မိုးနှင့် သူမ၏ ဆက်ဆံရေးအတွက်လည်း ပန်နွယ်ဖူး ရင်မောသလိုရှိနေရသည်။

''ဦးနိုင်ဆွတ်မိုးရယ် ရှင်နဲ့ ပန်နွယ်ဖူးဆိုတာ ခုမှမြင်ဖူး တွေ့ဖူးတဲ့သူတွေပါ၊ ဒါနဲ့တောင် ရှင် ပန်နွယ်အပေါ် ရန်သူကြီး တစ်ယောက်လို ဘာကြောင့် ဆက်ဆံနေရတာလဲ''

ပန်နွယ်ဖူးမှာ ခက်ထန်လွန်းသည့် နိုင်ဆွတ်မိုးမျက်နှာကြီး ကို မြင်ယောင်ပြီး ကိုယ်စိတ်နှစ်ပါးနွမ်းလျှစွာ တွေးလိုက်မိလေ သည်။

ဝိုးမိုး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



သူမနည်းတူ နိုင်ဆွတ်မိုးမှာလည်း သူ့အခန်းထဲရောက်တဲ့ အထိ ပန်းရွယ်ဖူးအကြောင်းတွေက ပါလာခဲ့ရသည်။

လောကသဘာဝ တယ်လည်းဆန်းကြယ်ပါလားနော်။ မိန်းမတွေနှင့်မပတ်သက်အောင် ခပ်ကင်းကင်း ခပ်ရှင်းရှင်းနေပါသည်ဆိုကာမှ သူ့အလိုလို မဖိတ်ခေါ်ဘဲ ရောက်လာသည့် မိန်းကလေးက သူ့အနီးဆုံးကို ရောက်လာခဲ့ရပြီ။

ကျောက်စိုင်ကျောက်သားပမာ တည်ငြိမ်အေးစက်လွန်းပါသည်လို့ ကိုယ့်ကိုယ်ကို ထင်မှတ်ထားသော နိုင်ဆွတ်မိုး။ သူမကို မြင်တော့ ရင်မှာ အနည်းငယ် လှုပ်ခတ်သွားရသလို။

ဒါကိုပင် နိုင်ဆွတ်မိုးမှာ သူ့ကိုယ်သူ မကျေနပ်နိုင်။ မိန်းကလေးတစ်ယောက်နှင့်ပတ်သက်ပြီး သူ့ရင်မှာ ဒီလိုခံစားရသည်မျိုး နိုင်ဆွတ်မိုး မကြိုက်ပါ။

မကြိုက်၍လည်း သူ့မျက်နှာကြီးက လိုတာထက် ပိုတင်းမာနေရသည်။

"ကျွတ် သွားစမ်းကွာ၊ ဘာတွေလည်း ဟူး"

ခဏလေးဖြစ်သွားရသည့် စိတ်ခံစားမှုအတွက် နိုင်ဆွတ်





မိုးစိတ်မှာ ရှုပ်ထွေး အနှောင့်အယှက်ဖြစ်သွားရသည့်အဖြစ်ကို ဖလိုလားစွာ ပန်းရွယ်ဖူးဆိုသည့် မိန်းကလေးနှင့်ပတ်သက်သမျှ သူ့အတွေးထဲမှာ ဖယ်ထုတ်ကာ သက်ပြင်းမောတစ်ချက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ပစ်လိုက်သည်။

အလုပ်မှာ ဒီလောက် ပင်ပန်းသည်မဟုတ်ပေမယ့် ပန်းရွယ်ဖူးဆိုသည့် မိန်းကလေးနှင့် ဆုံတွေ့ကာ စကားပြောလိုက်ရသည့်အဖြစ်က သူ့အတွက် စိတ်မောကိုယ်မောနှင့် ဘာကြောင့်ဖြစ်ရသည်ကိုလည်း နိုင်ဆွတ်မိုး သူ့ကိုယ်သူ မသိနိုင်တော့ပါ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မျက်ဝန်းလေးနှစ်ဖက် ဖျတ်ခနဲ ပွင့်သည်နှင့် ပန်းရှယ်ဖူး အိပ်ရာမှ ဆတ်ခနဲထလိုက်လေသည်။

သူမအကြည့်လေးများက စားပွဲတင်နာရီဆီသို့ အကြည့်များ ရောက်ရှိသွားတော့

ဗုဒ္ဓေါ။

ဘုရားကယ်ပါ။

ပျက်ယွင်းသွားသော မျက်နှာလေးနှင့် ပန်းရှယ်ဖူး အိပ်ရာထက်မှ ခုန်ဆင်းကာ ရေချိုးခန်းဆီသို့ အပြေးလေးဝင်လာခဲ့လိုက်သည်။

"ပြဿနာပဲ၊ အချိန်တောင် မနည်းတော့ပါလား၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်ဆွတ်မိုးနဲ့ ကုမ္ပဏီကို ပထမဦးဆုံးလိုက်ရမှာ၊ မဖြစ်ဘူး မဖြစ်ဘူး၊ ငါ နောက်ကျနေလို့ မဖြစ်ဘူး၊ မြန်မြန်လုပ်မှ"

ပါးစပ်က တတွတ်တွတ်နှင့် ပန်ရွယ်ဖူး သူ့ကိုယ်သူ သတိပေးရင်း လုပ်စရာရှိသည်များ အမြန်လုပ်နေလိုက်သည်။

အားလုံးပြီးစီးပြီး အချိန်ကြည့်လိုက်တော့ မနက်ရှစ်နာရီ။

ပန်ရွယ်ဖူးအလုပ်အတွက် ယူစရာရှိတာများယူပြီး အောက်ထပ်သို့ဆင်းလာခဲ့လိုက်သည်။

ဘုရားရေ။

ပန်ရွယ်ဖူး အံ့သြသွားရသည်။

ကြည့်စမ်း။

ဦးနိုင်ဆွတ်မိုး သူမကို ဧည့်ခန်းအလယ်တွင် သတင်းစာဖတ်ရင်း စောင့်နေတာများလား။

ရင်တထိတ်ထိတ်နှင့် ပန်ရွယ်ဖူး ခြေသံလုံအောင်ထိန်းရင်း အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

သို့သော် အင်မတန်မှ နားပါးသော နိုင်ဆွတ်မိုးသည် သူမခြေသံကိုကြားသွားကာ သူမအား နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။

"ဟင်"

နိုင်ဆွတ်မိုး ရုတ်တရက် ဘာစကားမှ မပြောဖြစ်ပါ။ အကြည့်စူးစူးတွေကတော့ ပန်ရွယ်ဖူးထံ ခပ်စိုက်စိုက်လေး ရောက်ရှိနေရသည်။

သူ့အကြည့်မမှားပါ။

သူ မြင်တွေ့နေရသော မိန်းကလေးသည် သိပ်ကိုလှပလွန်းသော မိန်းကလေးတစ်ယောက်။

ထိုမိန်းကလေးသည် ရွှေရောင်နတ်သမီးလေးလိုလည်း လွန်စွာ လှပလွန်းနေရချေ၏။

ရွှေဝါရောင် ခပ်ဖျော့ဖျော့ဝတ်စုံလေးနှင့် မှုန်ညက်ဝင်းအိနွေးစွာ လှပလွန်းရုံမက သူ့အား မျက်နက်ဝန်းလှလှကြီးတွေနှင့် ပြန်ကြည့်နေပုံလေးက သူ့နှလုံးခုန်သံကို ဒိတ်ခနဲ မြန်ဆန်သွားစေရသလို။

သူမအလှတွင် ရုတ်ခြည်းငေးမောသွားရသော နိုင်ဆွတ်မိုး။ လွန်သွားရသော သူ့အကြည့်တွေကို သူ့ကိုယ်သူ ပြန်ထိန်း




စိုးမိုးစာပေ

www.burmeseclassic.com



လိုက်ရင်း

"ဘယ်အချိန်ရှိပြီလဲ"

"ရှင်"

"မင်း အခုဆင်းလာတာ ဘယ်အချိန်ရှိပြီလဲလို့ မေးနေတာ"

တင်းမာသော အကြည့်တွေကတော့ တစ်စက်မှမလျော့ပါ။ ပန်ရွှယ်ဖူး သူ့မျက်နှာကို မဝံ့မရဲကြည့်ရင်း

"ရှစ်နာရီရှိပါပြီ"

"မင်းစိတ်ထဲမှာ ဒီအချိန်က သိပ်ပြီးစောနေသေးတယ်လို့များ ထင်နေလား"

"ရှင်"

"ဘာလဲကွာ၊ တရှင်ရှင်နဲ့"

စိတ်မရှည်တော့သလို ပြောလာတာ ပန်ရွှယ်ဖူး မျက်နှာပျက်ယွင်းသွားရပြီး

"ကျွန်မ နောက်ကျသွားတယ်ဆိုရင် တောင်းပန်ပါတယ်"





"လောကမှာ ကျုပ် အမုန်းဆုံးက ဘာလဲသိလား၊ အချိန်ကို မလေးစားတဲ့သူကိုပဲ"

"ရှင်"

"ဟုတ် ဟုတ်ကဲ့"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ပန်ရွှယ်ဖူးမျက်နှာလေး ငယ်နေရတော့သည်။ ခံပေဦးတော့။

ခုချိန်မှာ သူ ဘာပြောပြော သူမ ခံရတော့မည်ပဲလေ။ တကယ် သူ့လိုလူတစ်ယောက်ရှေ့မှာ သူမ ဒီထက်ပိုကာ ဝိရိယရှိသင့်ပါ၏။

အပြစ်ရှာနေသည့် လူတစ်ယောက်ရှေ့မှာမှ အပြစ်ပြောစရာရှိလာရသည့်အဖြစ်။

သည်တော့လည်း ခေါင်းငုံ့ကာခံပေဦးတော့ပေါ့။

"ဟော မိန်းကလေး အလုပ်သွားဖို့ အသင့်ဖြစ်နေလား၊ လူလေးတောင် ကော်ဖီသောက်ဖို့ မိန်းကလေးကိုစောင့်နေတာ၊ လာလာ အလုပ်မသွားခင် ကော်ဖီသောက်လိုက်ဦး"

ကြည့်စမ်း။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်စရာပါပဲလား။

သူ့လိုလူတစ်ယောက်က မိန်းကလေးတစ်ယောက်ကို သူနှင့်အတူ ကော်ဖီသောက်ဖို့ စောင့်နေရသည့်တဲ့လား။

ပန်ရွယ်ဖူးမှာ သူမကို ပြန်စောင့်နေရသည်ဆိုသဖြင့် နိုင်ဆွတ်မိုးအား အားနာသွားရလေသည်။

သူမကို သူခုလိုမျိုး ကော်ဖီသောက်ရန် စောင့်နေလိမ့်မည်ဟု ပန်ရွယ်ဖူး ထင်မထားခဲ့ပါ။

ဒါကြောင့်လည်း စိတ်အေးလက်အေးနှင့် ပြင်ဆင်စရာရှိတာများကို ပြင်ဆင်နေခြင်းဖြစ်သည်။

ခုတော့ ထိုအဖြစ်က သူ့ကို အရမ်းအားနာဖို့ကောင်းနေရသည် မဟုတ်ပါလား။

အားနာလွန်းသဖြင့် ပန်ရွယ်ဖူး သူ့မျက်နှာကိုလည်း မကြည့်ရဲတော့ပါ။

ဒေါ်လေးခင် ပြင်ဆင်ပေးသည့် ကော်ဖီဝိုင်းတွင် ဝင်ထိုင်ရင်းက သူနှင့် ကြာကြာမျက်နှာချင်းမဆိုင်လိုသဖြင့် ပန်ရွယ်ဖူး ကော်ဖီကို ခပ်မြန်မြန် ယူသောက်လိုက်သည်။





ပြီးသည်နှင့် သူ့အနားက လှည့်ထွက်မည်အလုပ်

“ဒါက ဘယ်ကို သွားဦးမလို့လဲ”

“ရှင် ဟို ဟင့်အင်း၊ ကျွန်မ ဘယ်မှမသွားပါဘူး”

“အလုပ်အတွက် လိုအပ်တဲ့စာရွက်စာတမ်းတွေရော ပါရဲ့လား”

“ဟုတ်ကဲ့ ပါ ပါတယ်”

“နောက်ဆို ခုလိုမျိုး မဖြစ်ပါစေနဲ့”

“ရှင်”

“ကျွတ် ဘာပြောပြော တရှင်ရှင်နဲ့၊ အဲဒီအကျင့်ကိုလည်း င်း ပြင်ဦး”

“ဟို ကျွန်မ”

“ဒီလိုမျိုး မင်းကိုစောင့်ရတာ ဒီနေ့ နောက်ဆုံးဖြစ်ပါစေ၊ ဲ သွားမယ်၊ ဒေါ်လေးခင် ကျွန်တော်သွားပြီ”

“အေး အေး”

လိုရင်းတိုရှင်းနှင့် စကားကို ခပ်ပြတ်ပြတ်ကြီးပြောကာ ါလေးခင်ကို နှုတ်ဆက်ပြီးနောက် ခြေလှမ်းကျဲကြီးနှင့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ့ ပန်းရွယ်ဖူး သူ့နောက်မှ ခပ်ကုတ်ကုတ်ပါလာခဲ့ရသည်။

လှုပုံကား ချောပါရက်နဲ့ တော်တော်လည်း စိတ်မြန်ကိုယ်မြန်ရှိလွန်းတဲ့ သူပါလားဟုတွေးရင်း ပန်းရွယ်ဖူး သူ့ခြေလှမ်းမီအောင်လိုက်လာခဲ့ရသည်။

လူငယ်ပေမယ့်လည်း အချိန်ကို တန်ဖိုးထားတတ်သည်။ စီးပွားရေးလောကတွင် ဒါတွေကြောင့်လည်း အောင်မြင်နေတာဖြစ်ပါလိမ့်မည်။

ပန်းရွယ်ဖူးလို ဘဝတိုးတက်မှုကို ရှာဖွေနေသော မိန်းကလေးအတွက် သူ့လုပ်ရပ်နှင့် သူ့အပြုအမူတွေက အတုယူစရာ၊ အထင်ကြီးစရာတွေပင်ဖြစ်သည်။

ပန်းရွယ်ဖူး ကားနောက်ခန်းတံခါးကိုဖွင့်လိုက်သည်နှင့်

''ရှေ့မှာ လာထိုင်''

''ရှင်''

''လာပြန်ပြီလား ဒီ ရှင်က''

''ဟို ကျွန်မ''

''ကဲ အမိ၊ မင်း ဘာမှမပြောပဲ ကျုပ်ပြောတဲ့အတိုင်းရှေ့ခန်းမှာလာထိုင်၊ အချိန်မရှိဘူး၊ သွားမယ်''





ဒီတစ်ခါတော့ ပန်းရွယ်ဖူး နှုတ်ဆိတ်ကာ သူပြောသည့်အတိုင်း သူနှင့်အတူ ကားရှေ့ခန်းမှာ ထိုင်လိုက်လေသည်။

သူမ ကားပေါ်ရောက်သည်နှင့် နိုင်ဆွတ်မိုးမှာ သူမကိုတစ်ချက်လေးမှ လှည့်မကြည့်ပဲ ကားကို မောင်းထွက်လာခဲ့လိုက်သည်။

ကားထဲမှာတော့ နှစ်ဦးသား နှုတ်ဆိတ်လျက် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှမဆိုဖြစ်ကြပါ။

အတွေးကိုယ်စီနှင့် သူ မောင်းလာသည့်ကားက ကုမ္ပဏီသို့ ရောက်လာခဲ့ရသည်။

''ကဲ အမိ၊ ဆင်း ရောက်ပြီ''

ဆင်းဆိုတော့လည်း ပန်းရွယ်ဖူး သူ ပြောသလို ကားပေါ်က ဆင်းလိုက်လေသည်။

ထုံးစံအတိုင်း ခြေလှမ်းကျဲကြီးတွေနှင့် သူမကိုမစောင့်ဘဲ ကုမ္ပဏီသို့ ဝင်သွားသော နိုင်ဆွတ်မိုးနောက်မှ ပန်းရွယ်ဖူး သူ့ခြေလှမ်းကို အမှီ နောက်ကလိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ သူ့အပေါ် နည်းနည်းမှ မကျေနပ်ချင်။

တကယ်ဆို ဒီကုမ္ပဏီနှင့် စိမ်းလွန်းနေရသည့် သူမကို အနည်းဆုံး သူ စောင့်ခေါ်ဖို့တော့ ကောင်းပါ၏။

ခုတော့ သူ့နောက်တွင် သူမ ပါမလာသည့်အတိုင်း ခြေလှမ်းကျဲကျဲ။ ကိုယ်နေဟန်မတ်မတ်နှင့် သွားနေသည့် သူ့ပုံစံက သူ့နောက်ကျောကြီးကို ပြေး၍ထုပစ်ဖို့ပင် ကောင်းနေရသည်။

ကုမ္ပဏီမှ လူတွေကလည်း သူ့နောက်မှပါလာသည့် သူမကို အကဲခတ်သလို စူးစမ်းသည့်မျက်ဝန်းများနှင့် ကြည့်နေကြလေပြီ။

ပန်ရွယ်ဖူး သူမကိုယ်သူမ ခြေလှမ်းမမှားအောင်ထိန်းရင်း သူ့ရုံးခန်းသို့ရောက်လာခဲ့သည်။

"ခဏထိုင်ဦး၊ မင်းကို ကျုပ် မန်နေဂျာနဲ့ မိတ်ဆက်ပေးမယ်"

ကျယ်ဝန်းသော သူ့ရုံးခန်းက အခန်းထဲ ဝင်လိုက်တာနှင့် မွှေးမြသင်းပျံ့ကာ အေးစိမ့်လျက် ကြည်လင်လန်းဆန်းသော ရနံ့ကို ရှူရှိုက်လိုက်ရသည်။





တစ်ခန်းလုံးမှာလည်း သန့်ရှင်းကာ သပ်ရပ်နေရသည်မှာ သူသည် သန့်ရှင်းသပ်ရပ်မှုကို အတော်ပင် ဂရုစိုက်တတ်သူမှန်း သိသာနေရသည်။

သူမ သူ့ရုံးခန်းကို အကဲခတ်ကာ ကြည့်နေပေမယ့် သူကတော့ ရောက်ကတည်းက အလုပ်တွေရှုပ်လှကာ သူမကို တစ်ချက်မှ မကြည့်အားသလို သူမ ရှိနေသည်ကိုလည်း သူ အသိအမှတ်ပြုပုံ မရပါ။

ကြည့်ရတာ သူ့စိတ်ထဲတွင် သူ့အလုပ်ကိစ္စတွေသာ အာရုံရောက်နေပုံရပါ၏။

အချိန်ကို နည်းနည်းမှမဖြုန်းသူတွေထဲ ဦးနိုင်ဆွတ်မိုးလည်း တစ်ယောက်အပါအဝင် ဖြစ်ပေလိမ့်မည်။

ခဏကြာတော့ မန်နေဂျာဆိုသူ ရုံးခန်းထဲရောက်လာလေ၏။

"လာဗျာ ဦးကျော်သောင်း၊ ခင်ဗျားကို ကျွန်တော် မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော်တို့ကုမ္ပဏီကို အလုပ်လုပ်ဖို့ ရောက်လာတဲ့သူ ပန်ရွယ်ဖူးတဲ့၊ အဲဒါ ဦးကျော်သောင်းကပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့အရည်အချင်းပေါ်ကြည့် အလုပ်ခန့်သင့်မခန့်သင့်ဆုံးဖြတ်ပါ၊ အဲ အရည်အချင်းမရှိဘဲနဲ့တော့ ကျွန်တော့်မျက်နှာနဲ့ အလုပ်ခန့်တာမျိုးတော့ မဖြစ်စေချင်ဘူး၊ သူ့မှာ တကယ့်အရည်အချင်းနဲ့ အရည်အသွေးရှိမှ အလုပ်ခန့်ပါ၊ မင်းလည်း မှတ်ထားပါ၊ ဒါ ကျုပ်တို့ကုမ္ပဏီရဲ့ မန်နေဂျာ ဦးကျော်သောင်း၊ မင်း သူနဲ့လိုက်သွားပါ၊ ဦးကျော်သောင်းကပဲ မင်းရဲ့ အရည်အချင်းကိုကြည့်ပြီး အလုပ်ခန့်သင့် မခန့်သင့်ဆိုတာ ဆုံးဖြတ်ပေးလိမ့်မယ်''

အပြုံးအရယ် တစ်စက်မှမရှိပါဘဲ မျက်နှာတည်တည်တင်းတင်းကြီးနှင့် သူမကို တစ်ချက်မှမကြည့်ပါဘဲ ပြတ်ပြတ်သားသား ပြောနေသော သူ့ကို ပန်းရွှယ်ဖူး ဖျတ်ခနဲကြည့်လိုက်လေသည်။

သူ ဒီလောက်ပြတ်သားနေမှတော့ သူမကရော ဘာကို ဂရုစိုက်ဖို့လိုနေသေးလဲ။

သူ့အပေါ် မခံချင်စိတ် မကျေနပ်စိတ်တွေနှင့် ပန်းရွှယ်ဖူး သူမအပေါ် အထင်သေးလွန်းသည့် သူ့ကို မကျေနပ်စွာ။ သူ့အရည်အချင်းတွေအတွက် ရလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ထုတ်ပြရန် ဆုံးဖြတ်လိုက်လေသည်။





မန်နေဂျာ ဦးကျော်သောင်းမှာလည်း သူမ အရည်အချင်းနှင့် ကြိုးစားမှုတွေကြောင့် သူမအား ကုမ္ပဏီတွင် အလုပ်ခန့်လိုက်လေသည်။

ပန်းရွှယ်ဖူးမှာ သူမအရည်အချင်းနှင့် အစွမ်းအစကို ဦးနိုင်ဆွတ်မိုးအား မထင်မှတ်ဘဲ သိအောင် ပြခွင့်ရလိုက်သဖြင့် စိတ်မှာ အကျေနပ်ကြီး ကျေနပ်နေရလေတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူမ အရည်အချင်းကြောင့် အလုပ်ရခဲ့သည့် ပန်းရွယ်ဖူး တစ်ယောက် ဘာလိုလိုနှင့် နိုင်ဆွတ်မိုးကုမ္ပဏီမှာ အလုပ်ဝင်ခဲ့သည်မှာ ရက်လေးများပင် ကြာခဲ့ရပြီဖြစ်သည်။

အလုပ်သွား အလုပ်ပြန် ကုမ္ပဏီပိုင်ရှင်နှင့် အတူသွား အတူလာနေသော သိပ်လှသည့် သူမကို လူတွေ စိတ်ဝင်စားနေသည်မှာလည်း သိသာလှန်းနေရသည်။

ယောကျ်ားပီသကာ ချောမောခန့်တည်သော ရုပ်သွင်နှင့် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ တစ်ယောက်ဖြစ်သော နိုင်ဆွတ်မိုးဆိုတာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ စိတ်ဝင်စားသူမဟုတ်မှန်းလည်း အားလုံး သိထားပါရက်နှင့် ခုတော့ ထိုလူချောကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပင် လူမမယ်နှတ်တမျှ သိပ်လှသော ရွှေဆင်းရုပ်သွင် ပန်းရွှယ်ဖူးနှင့် အတူသွား အတူလာနေသည်ကို တွေ့ရသောအခါ အားလုံး စိတ်ဝင်စားမှုတွေက သူတို့နှစ်ဦးထံ ရောက်ရှိနေရသည်ကလည်း မဆန်း။

နှစ်ဦးလုံးကလည်း အပြစ်ပြောစရာဟူ၍မရှိအောင် လွန်စွာ အတွဲညီညီနှင့် လိုက်ဖက်လွန်းနေရသည်ကလည်း သူတို့နှစ်ဦးကို လူတွေ ပို၍ စိတ်ဝင်စားစေရသည့်အချက်ပင်ဖြစ်လေသည်။

ကုမ္ပဏီရှိ လူတွေက သူတို့နှစ်ဦးကို အားကျစေးမောသလို ကြည့်သည့် အကြည့်တွေကြောင့် ပန်းရွှယ်ဖူးအနေနှင့် စိတ်မှာ အနေခက် ကျဉ်းကျပ်လှပါသည်။

သူမနှင့် ဦးနိုင်ဆွတ်မိုးကိုကြည့်သည့် အကြည့်တွေကိုလည်း ပန်းရွှယ်ဖူးမကြိုက်ပါ။

နှစ်ယောက်အတူ တစ်အိမ်တည်းမှာ နေရုံမက အလုပ်သွား အလုပ်ပြန် အတူသွားလာတတ်သော သူတို့နှစ်ဦးကို လူတွေက ဘာလဲ။ ဘယ်လိုပတ်သက်နေလည်းဆိုသည့် အကြည့်မျိုးနှင့် ကြည့်တတ်လေသည်မှာ သူမ သတိထားမိလာရပါ၏။

ဒါတောင်မှ ဦးနိုင်ဆွတ်မိုးသည် သူမကို တစ်ချက်လေးမှ





မျက်နှာသာပေး အရေးယူဆက်ဆံတတ်သူမဟုတ်။ အလုပ်ဆိုတာကလည်း သူမ၏အရည်အချင်းကြောင့်သာ ရခဲ့တာဖြစ်သည်။

ကုမ္ပဏီတွင် လုပ်သက်လေးများ ရလာသည်နှင့်အမျှ ပန်းရွှယ်ဖူး လုပ်ဖော်ကိုင်ဘက်တွေနှင့်လည်း ရင်းနှီးလာရပြီ။

အထူးသဖြင့် သူမနှင့် အလုပ်စားပွဲချင်းကပ်သည့် မေနှင့် အချိန်တိုအတွင်းမှာ သူမ အတော်ရင်းနှီးခင်မင်သွားရပြီဖြစ်သည်။

မေသည် ဖော်ရွေသဘောကောင်းသူတစ်ယောက်ဖြစ်သည်။ ပြောဆိုဆက်ဆံရာတွင်လည်း ဟန်ဆောင်မှုမရှိ။ မေကို သူမ မြင်မြင်ချင်း ညီအစ်မတစ်ယောက်လို ခင်မင်ရင်းနှီးသွားခဲ့ရပြီဖြစ်သည်။

မေကလည်း သူမကို ညီအစ်မရင်းတစ်ယောက်လို ခင်လေ၏။

မေသည် သိပ်လှသော ပန်းရွှယ်ဖူး၏ အလှတွေကို အမြဲလို ချီးမွမ်းနေတတ်သူလည်းဖြစ်သည်။

ယခုလည်း အလုပ်လုပ်နေရင်းက သိပ်လှသော ပန်းရွှယ်ဖူး၏ မျက်နှာလေးကို ငေးစိုက်ကြည့်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



"ပန်ရွယ်ကိုကြည့်လိုက်ရင် အမြဲလှတာပဲနော်၊ မေတော့ ပန်ရွယ်ဖူးအလှတွေကို သိပ်အားကျတာပဲသီလား"

"မေ ရှင် ပန်ရွယ့်ကို ဒီစကား အမြဲပြောနေတော့မှာလား၊ ကဲ ပြော၊ ပန်ရွယ် ရှင့်ကို ဘာဝယ်ကျွေးရမလဲ"

"ပန်ရွယ်နော်၊ မေက မင်းဆီက စားချင်လို့ပြောနေတာ မဟုတ်ဘူး သီလား၊ ပန်ရွယ် တကယ်လှလို့ လှတယ်ပြောနေတာ"

ကလေးတစ်ယောက်လို စူတင်းတင်းမျက်နှာလေးနှင့် အလိုမကျသလို ဖြစ်သွားသော မေ့ကို ပန်ရွယ်ဖူး အပြုံးနှင့်ကြည့်ကာ ချော့လိုက်ရင်း

"ကြည့် မျက်နှာက ဘယ်လိုဖြစ်သွားရတာလဲ၊ ကလေးလည်းမဟုတ်ဘဲနဲ့ကွာ၊ အလကား ဆိုးတယ်"

ပန်ရွယ်ဖူးမှာ ချစ်စရာမျက်နှာအမူအရာလေးနှင့် ကလေးဆန်ဆန် ချော့လိုက်တော့မှ မေ့မျက်နှာလေးသည် တဖြည်းဖြည်း ပြုံးလာရပြီး

"ပန်ရွယ်နော် မင်းတော့ မလွယ်ဘူး သီလား၊ ဟွန်း"

ဝိုးမိုးစာစဥ်



စိတ်ဆိုးမပြေပြေအောင် ချော့မော့နေသော ပန်ရွယ်ဖူးကို မေ တကယ် စိတ်မဆိုးရက်တော့ပါ။

"တကယ်ပြောတာ ပန်ရွယ်ရဲ့၊ ပန်ရွယ်က သိပ်လှတာပဲ၊ မေ သိချင်တာက ဒီလောက်လှတဲ့ ပန်ရွယ်မှာ ချစ်သူရှိ မရှိ ဆိုတာကိုပဲ"

"မေနော် မေ စကားမစနဲ့သီလား၊ ပန်ရွယ်က ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားဘူး"

"အင်းလေ ပန်ရွယ်ပြောလို့ မေတော့ ယုံရမှာပဲ၊ ဒါပေမဲ့ စိတ်ထဲ ယုံရခက်ခက်ရယ်"

"တကယ်ပြောတာပါ မေရယ်၊ ပန်ရွယ့်ဘဝမှာ ပန်ရွယ် ချစ်ရမယ့်သူဆိုလို့ ပန်ရွယ့်ဖေဖေတစ်ယောက်ပဲရှိတယ်၊ ဖေဖေ့ကိုပဲ ပန်ရွယ်ချစ်တယ်"

ပြောရင်းက ဖခင်ဖြစ်သူကို သတိရသွားသလိုမျိုး ပန်ရွယ် မျက်နှာလှလှလေး ညှိုးနွမ်းသွားရသည်။ ဒါကို မေသည် သတိ ထားမိကာ

"ပန်ရွယ့်မေမေကော"

ဝိုးမိုးစာစဥ်

www.burmeseclassic.com

www.burmeseclassic.com



"မေမေက ပန်ရွယ် ငယ်ငယ်ကတည်းက ဆုံးသွားတယ်၊ ပန်ရွယ့်ဘဝမှာ ပန်ရွယ်နဲ့ ဖေဖေ နှစ်ယောက်ပဲရှိတယ်"

မထင်မှတ်ဘဲ ပန်ရွယ်ဖွင့်သည့် သူ့မအကြောင်းကို မေအား စိတ်လိုလက်ရ ပြောနေမိလေသည်။

"ဒါနဲ့ ပန်ရွယ်၊ မေ့ကို စပ်စုတယ်လို့တော့ မင်း မထင်နဲ့နော်၊ မေ သိချင်တာတစ်ခုရှိတယ်၊ မေးလို့ရမလား"

မေးရန်သင့် မသင့် စကားခံနေသော မေ့ကို ပန်ရွယ်ဖူးမှာ ဘာများလည်းဆိုသော အကြည့်လေးဖြင့် မေ့အား ကြည့်လိုက်လေသည်။

"ဘာမေးမှာမို့လို့ မေက စကားခံနေရတာလဲ၊ ကဲ မေက ဘာသိချင်တာလဲ မေး"

"တခြားတော့မဟုတ်ပါဘူး ပန်ရွယ်ရယ်၊ မေသိချင်တာက မေမှ မဟုတ်ပါဘူး၊ ကုမ္ပဏီကလူတွေအားလုံးလိုလို သိချင်နေတာက ဦးနိုင်ဆွတ်မိုးနဲ့ပန်ရွယ်"

"ဪ ဒါလား"

"အင်း"





"ပန်ရွယ်နဲ့ ဦးနိုင်ဆွတ်မိုးကို မေလည်း စိတ်ဝင်စားတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ပန်ရွယ်နဲ့ ဦးနိုင်ဆွတ်မိုးက အရမ်း"

"အရမ်း ဘာဖြစ်လဲ မေ"

ပြောလက်စ စကားကိုရပ်ကာ သူ့မအား မရှိုမချည်အပြုံးနှင့်ကြည့်ကာ ခပ်လွှန့်လွှန့်ရယ်နေသော မေ့ပုံစံကြောင့် ပန်ရွယ် သူ့မပြောမည့်အကြောင်း ပို၍သိချင်နေသည်။

"ပြောပါဦး မေ၊ ပန်ရွယ်နဲ့ ဦးနိုင်ဆွတ်မိုးက အရမ်း ဘာဖြစ်လည်းဆိုတာ"

"ပန်ရွယ် မေးတာကို မေ မဖြေခင် မေ မေးတာကို ပန်ရွယ် အရင်ဖြေပါဦး"

"ဘာကိုလဲ မေ"

"ဦးနိုင်ဆွတ်မိုးနဲ့ ပန်ရွယ် ဘယ်လိုပတ်သက်လဲဆိုတာ"

"မေရယ် ပန်ရွယ်က ဘာများလဲလို့၊ ပန်ရွယ်နဲ့ ဦးနိုင်ဆွတ်မိုးက ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဦးနိုင်ဆွတ်မိုးက ဖေဖေ့ မိတ်ဆွေရဲ့တူ၊ ပန်ရွယ်တို့နဲ့လည်း အရမ်းရင်းနှီးတယ်၊ အဲဒါ ဦးလေး က ကျောင်းပြီးထားတဲ့ ပန်ရွယ်ကို ရုံးကုမ္ပဏီမှာ အလုပ်လုပ်ချင်လား



www.burmeseclassic.com

www.burmeseclassic.com



မေးတာနဲ့ ပန်ရွယ်လည်း ကျောင်းပြီးထားလို့ ယောင်ချာချာဖြစ်နေတဲ့အချိန်ဆိုတော့ ခေါင်းညိတ်ခဲ့တယ်၊ ဒါနဲ့ပဲ ပန်ရွယ် ဦးနိုင်ဆွတ်မိုးအိမ်ရောက်ခဲ့တာ''

''ပန်ရွယ်ပြောသလိုဆို ဦးနိုင်ဆွတ်မိုးနဲ့ ပန်ရွယ်က ဘာမှမပတ်သက်ဘူးပေါ့နော်''

''ဟင့်အင်း၊ ပန်ရွယ် ရန်ကုန်ရောက်မှ ဦးနိုင်ဆွတ်မိုးကို သိခဲ့တာ''

''အင်း ထင်တော့ထင်ပါတယ်လေ၊ မေတို့က ဦးနိုင်ဆွတ်မိုးနားမှာ ပန်ရွယ်ကိုတွေ့တော့ အရမ်းအံ့သြနေကြတာ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့ ဦးနိုင်ဆွတ်မိုးက နာမည်တစ်လုံးနဲ့နေတဲ့သူလေ''

''ဘယ်လို နာမည်တစ်လုံးနဲ့နေတဲ့လူ ဟုတ်လား''

မေ့စကားကို ပန်ရွယ်ဖူးတစ်ယောက် နားမလည်သလို ပြန်မေးလိုက်လေသည်။

''ဟုတ်တယ် ပန်ရွယ်ရဲ့၊ ဦးနိုင်ဆွတ်မိုးဟာ အနေတည်





သလောက် လူကတည်း ပြတ်သားတယ်၊ တည်ကြည်ခန့်ညားတဲ့ ရုပ်ရည်နဲ့ လူချောတစ်ယောက်ဆိုပေမယ့် သူ့ဘဝမှာ မိန်းကလေးတွေနဲ့ပတ်သက်ပြီး အရှုပ်အရှင်းကင်းရှင်းတယ်၊ ပြောရရင်တော့ကွာ ဦးနိုင်ဆွတ်မိုးဆိုတာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူ့ဘဝမှာ စိတ်မဝင်စားခဲ့ဘူးဆိုရင် ပိုမှန်လိမ့်မယ်၊ အဲလို မိန်းကလေးကိစ္စ ကင်းရှင်းလွန်းတဲ့လူက ရုတ်တရက် သူ့ဘေးနားမှာ သူနဲ့ လိုက်ဖက်တဲ့ သိပ်ကိုလှပတဲ့ မင်းကိုတွေ့လိုက်ရတော့ အားလုံးက စိတ်ဝင်စားပြီး အံ့သြသွားတယ်လေ''

''အို''

မေ့စကားကြောင့် ပန်ရွယ်ဖူးမျက်နှာလေး ရဲတက်သွားရသည်။

ဘုရားရေ။

မေ ပြောသလိုဆိုပါက ကုမ္ပဏီရှိလူအားလုံးက သူမနဲ့ ဦးနိုင်ဆွတ်မိုးကို တစ်မျိုးထင်နေကြပါလား။

''နောက်ပြီး ရှိသေးတယ် ပန်ရွယ်ဖူးရဲ့၊ ကုမ္ပဏီက လူတွေပြောနေကြတာတော့ ပန်ရွယ်က ဦးနိုင်ဆွတ်မိုးလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မယ့် မိန်းကလေးတဲ့''

''ဟင်''

အံ့သြစိတ်နှင့် ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်လာရပါပြီ။

ကြည့်စမ်း။

ဒီစကားတွေက တကယ်ပဲ ကုမ္ပဏီမှာ ပျံ့နေပြီတဲ့လား။

ပန်ရွှယ်ဖူးတစ်ယောက် မျက်နှာလှလှလေး ပျက်နေရပါတော့သည်။

ဒီအထင်လွဲမှားမှုကို သူမ ဘယ်လိုဖြေရှင်းရပါ့မည်လဲ။

''မေရယ် မေတို့ထင်သလို မဟုတ်ရပါဘူး၊ ပန်ရွှယ်နဲ့ ဦးနိုင်ဆွတ်မိုးကြားမှာ ဘယ်လိုပတ်သက်မှုမျိုးမှ မရှိဘူးဆိုတာ မေ ယုံပါ၊ ပြီးတော့လေ ဦးနိုင်ဆွတ်မိုးကိုယ်တိုင်ကလည်း ပန်ရွှယ်ကို မတတ်သာ မကောင်းတတ်လို့ ဦးလေးမျက်နှာနဲ့ လက်ခံထားတာ''

ပန်ရွှယ်ဖူးမှာ သူမနှင့် ဦးနိုင်ဆွတ်မိုး ဘယ်လိုမှ ပတ်သက်မှုမရှိကြောင်း ရှင်းပြရင်း မျက်နှာလေး ညှိုးနွမ်းနေရသည့်အဖြစ်ကို မေ့မှာ ရိပ်မိကာ





''ဆောရီးပဲ ပန်ရွှယ်ရယ်၊ မေက မေကြားတဲ့စကားကို မေးကြည့်တာပါ၊ မဟုတ်ဘူးဆိုလည်း စိတ်ထဲ ဘာမှမထားပါနဲ့ဟုတ်လား''

ပန်ရွှယ်နှင့်မေဆိုတာ အသက်ချင်းက မကွာလှပေမယ့် အသိချင်း အတွေးချင်းကတော့ဖြင့် ကွာလှပါသည်။ ပန်ရွှယ်သည် ခင်ရင်ခွင်အောက်မှာ ကလေးတစ်ယောက်လို နေခဲ့ပေမယ့် မေက တော့ ဘဝအသိပေးတွေဖြင့် လူတွေအကြောင်းကို ပိုသိ ပိုနားလည်သူတစ်ယောက်လည်း ဖြစ်သည်။

ယခုလည်း နွမ်းလျသွားရသည့် ပန်ရွှယ်ဖူးမျက်နှာလေးကိုကြည့်ကာ မေသည် အစ်မကြီးတစ်ယောက်သဖွယ် ပန်ရွှယ်ဖူးအား အားပေးကာ ဆုံးမနေလေသည်။

အားငယ်နေသူအဖို့ အားပေးဖော်ရှိလာတော့လည်း လန်းဆန်းလာရသည်။

''ကျေးဇူးပဲ မေရယ်၊ ပန်ရွှယ်ကို ခုလို အားပေးတဲ့အတွက်''

''မလိုပါဘူး ပန်ရွှယ်ရယ်၊ ကိုယ့်ကြောင့် လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားရင်ပဲ မေက ကျေနပ်နေတဲ့သူပါ၊ အင်း ပြောမယ့်သာ ပျော်ရတာပါလေ၊ တကယ်တော့ လူတွေပြောကြတာလည်း မမှားပါဘူး''

''ဘာကိုလဲ မေ''

''သြော် သိပ်လှတဲ့ ပန်းရွယ်နဲ့ ဦးနိုင်ဆွတ်မိုး လိုက်ဖက်တဲ့အကြောင်းကိုပေါ့''

''ဟာ''

''မေ…မေနော်''

မေ့စကားကြောင့် ပန်းရွယ်ဖူး ဘယ်လောက်ထိ ရှက်သွားရသည်မသိပါ။ ဖြူနုသော မျက်နှာလေးမှာ ချက်ချင်းလိုပင် သွေးရောင်တွေ ဖုံးလွှမ်းသွားရလေသည်။

''မေနော် မလုပ်နဲ့ ပန်းရွယ်၊ မေ တကယ်ပြောနေတာ၊ ဦးနိုင်ဆွတ်မိုးလို ကျောက်ရုပ်နှလုံးသားနဲ့ လူချောကြီးကို ဒီက အလှဘုရင်မလေးက လှုပ်လာအောင် လုပ်ပစ်လိုက်စမ်းပါ''

''မေ''

ရှက်စိတ်တွေနှင့် ပန်းရွယ်ဖူးအသံလေးက ခပ်ဆတ်ဆတ်





ထွက်ပေါ်သွားရသည်။

''မေတော့ မြင်ယောင်ပါသေးတယ်၊ အဲဒီအခါကျရင် ဦးနိုင်ဆွတ်မိုး ပါးစပ်က ပန်းရွယ့်နာမည်ကို ချမှာမဟုတ်တော့ဘူးဆိုတာ''

''မေနော် မပြောနဲ့ဆို''

စကောင်းကောင်းနှင့် စနေသူ မေမှာ နှင်းဆီခင်းပမာ ရဲရဲတောက်နီမြန်းနေသော ပန်းရွယ်ဖူးမျက်နှာလေးကို အပြုံးတွေနှင့် ကြည့်ကာဆိုတော့ ပန်းရွယ်ဖူးမှာလည်း ရှက်စိတ်တွေနှင့် မေ့အား လက်သီးဆုပ်နုနုလေးနှင့် ထုရိုက်ပါတော့သည်။

ရှက်ရမ်းရမ်းနေသည့် ပန်းရွယ်ဖူး၏ အထုအရိုက်တွေကို အသည် အပြုံးလေးနှင့် ရှောင်ရှားရင်း အခန်းထောင့်ချိုးလေးဘက်သို့ ကူးသွားတော့ ပန်းရွယ်ဖူးသည်လည်း ရှက်စိတ်တွေနှင့် ကမူးရှူးထိုးပင် မေ့နောက်သို့ အပြေးလေးလိုက်ရာ

''အင့်''

''အမေ့''

''အို''



www.burmeseclassic.com

www.burmeseclassic.com



လှတစ်ယောက်နှင့် ရင်ချင်းအပ် တိုက်မိမတတ် ဖြစ်သွားရသော ပန်ရွှယ်ဖူးမှာ ရှက်ရှက်နှင့်ပင် သူမနှင့် ဝင်တိုက်မိသူကို မော့အကြည့်

"ဟင်"

ဘုရားရေ။

ဦးနိုင်ဆွတ်မိုးပါလား။

"နေစမ်းပါဦး၊ ဒါ အမိ ဘာလုပ်နေတာလဲ၊ ဘာလဲ ဒီမှာလာပြီး အပြေးကျင့်နေတာလား"

မျက်မှောင်ကြီးစုံတွန့်ကာ ရူးရှတောက်ပလွန်းသော အကြည့်များဖြင့် စကားကို တည်တည်ပြတ်ပြတ်ကြီးမေးလာတော့ ပန်ရွှယ်ဖူးမျက်နှာလေး ပျက်သွားရပြီး

"ဟို ကျွန်မ ကျွန်မ"

စကားသံတွေက အထစ်ထစ်အငေါ့ငေါ့နှင့် ပန်ရွှယ်ဖူးမှာ စကားလုံးတွေပင် ပျောက်ကွယ်နေရသည်။

"မင်း ကျုပ်ရုံးခန်းထဲကို လိုက်ခဲ့ပါ"

"ရှင်"





"ကျွန်မ ကျွန်မ"

နိုင်ဆွတ်မိုးကတော့ ပန်ရွှယ်ဖူးစကားကို ဆုံးအောင် မစောင့်တော့ပါ။ အကြည့်တည်တည်စူးစူးကြီးတွေနှင့် သူမကို တစ်ချက်ကြည့်ကာ နေရာမှနေထွက်သွားလေပြီ။

ပန်ရွှယ်ဖူးတစ်ယောက် မျက်နှာငယ်လေးနှင့် နိုင်ဆွတ်မိုး ရုံးခန်းထဲ ရောက်ခဲ့ရလေသည်။

"မင်း ကုမ္ပဏီကိုရောက်လာတဲ့ ရည်ရွယ်ချက်က ဘာလဲ"

"ရှင်"

"ကျွတ် လာပြန်ပြီလား ဒီရှင်ကြီးက၊ မင်းကို ကျုပ် ပြောထားပြီးပြီလေ၊ ကျုပ်နဲ့စကားပြောရင် ဒီ တရှင်ရှင်ဆိုတာကြီး ကို မထည့်ပါနဲ့ဆိုတာ"

"ရှင် ဟို"

"ဟုတ်ကဲ့"

"မင်းသိထားဖို့က ဒီကုမ္ပဏီမှာ အလုပ်လုပ်ရင် ဒီကုမ္ပဏီ ရဲ့ စည်းကမ်းကိုတော့ နားလည်ထားရမယ်၊ ကုမ္ပဏီမှာ လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကစားသလိုလုပ်နေတာတော့ မကောင်းဘူးထင်တယ်''

မျက်နှာထားတည်တည်ကြီးနှင့် ဒေါသတကြီး စကားတွေဆိုနေသော နိုင်ဆွတ်မိုး၏ စကားများအောက်တွင် ပန်ရွယ်ဖူး မျက်နှာလေး ဆီးရွက်လောက်သာ ရှိတော့သည်။

ရင်ထဲတွင်လည်း ရှက်ရွံ့စိတ်တွေက နေရာအပြည့်။

''ဟိတ် မင်း ငါပြောနေတာကြားရဲ့လား''

''ဟုတ်ကဲ့ ကြားပါတယ်''

''ကြားတယ်ဆို ငါ့စကားကို ပြန်ပြောလေကွာ''

''ဟို ကျွန်မ ကျွန်မ ဘာပြောရမှာလဲ''

''ပန်ရွယ်ဖူး''

ခက်ထန်လွန်းသည့် သူ့ဒေါသ်ကြောင့် ပန်ရွယ်ဖူး လန့်သွားရသလို သူမအကြည့်လေးများကလည်း သူ့ထံ အယောင်ယောင်အမှားမှားနှင့် ရောက်ရှိသွားရသည်။

သူ သူမနာမည်ကို ဒါ ပထမဦးဆုံးအကြိမ် ခေါ်လိုက်ခြင်း ပင်မဟုတ်ပါလား။

သူ့အကြည့်တွေက သူမထံ စူးစူးစိုက်စိုက်။





''မင်း ငါ ငါ့ကို ဘာအချိုးချိုးနေတာလဲ ပန်ရွယ်ဖူး''

''ဟင်''

သူ ပန်ရွယ်ကို ဘာပြောတာပါလိမ့်။ ပန်ရွယ်ဖူး သူ့စကားကို နားမလည်ပါ။

မျက်ဝန်းနက်နက်လှလှကြီးတွေနှင့်သာ သူ့ကိုကြည့်နေသော ပန်ရွယ်ဖူးကြောင့် နိုင်ဆွတ်မိုးရင်မှာ မချင့်မရဲဖြစ်သွားရသည်။

ကြည့်စမ်း။

ဒီမိန်းကလေးလုပ်နေပုံက သူ့အတွက် ဘယ်လောက်များ အသည်းယားဖို့ ကောင်းနေရပါသည်လည်း။

သူ့စကားကို အလေးမထားသလို မတုန်မလှုပ်လုပ်နေပုံက နိုင်ဆွတ်မိုး ဒေါသတွေကို ပို၍ဖြစ်စေရသလို။

နိုင်ဆွတ်မိုးဆိုတာ သူ့ကို ဒီလို မထီမဲ့မြင်လုပ်တတ်တာမျိုး နည်းနည်းလေးမှမကြိုက်။

နိုင်ဆွတ်မိုးဆိုတာ အမေးရှိလျှင် အဖြေရှိမှ ကျေနပ်တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အလုပ်ကိုလည်း စနစ်တကျလုပ်မှ ကျေနပ်တတ်သူမျိုး။

ပန်ရွယ်ဖူးလို ကလေးဆန်ဆန်နှင့် အပြုအမူမျိုးကို သူနည်းနည်းလေးမှ မနှစ်သက်နိုင်ပါ။

"မင်း ဒီကိုလာတာ အလုပ်လုပ်ဖို့တော့ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

ပန်ရွယ်ဖူး သူ့စကားကို မဝံ့မရဲလေး ခေါင်းညိတ်ပြလိုက်သည်တိုင် သူ့အကြည့်တွေက သူမထံ စူးစူးစိုက်စိုက်ရောက်ရှိနေဆဲ။

"ကုမ္ပဏီရဲ့လစာကို ယူထားတဲ့လူတစ်ယောက်အနေနဲ့ ကုမ္ပဏီအပေါ် တာဝန်ကျေရမယ်ဆိုတာ မင်း နားလည်မယ်ထင်တယ်"

"အို"

ပြောရက်လိုက်တာ။

သူ့စကားတွေက သူမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နေရလေ





ပြီ။ ပန်ရွယ်ဖူးဆိုသည့် သူမသည် ကုမ္ပဏီ၏လစာကိုယူပြီး ကုမ္ပဏီအပေါ် တာဝန်မကျေသည့် လူတစ်ယောက်ဖြစ်နေပြီလား။

ရှက်ရွံ့စိတ်တွေနှင့်အတူ သူ့အပေါ် နာကြည်းစိတ်တစ်မျိုးအလည်း သူမရင်ထဲရောက်ရှိလာရသည်။

နာကြည်းစိတ်။ ရှက်စိတ်တွေကြောင့် မျက်ရည်ဥကြီးတွေက မျက်ဝန်းအိမ်လှလှမှာ ပြည့်လျှံလာရပြီ။

ပန်ရွယ်ဖူးဆိုသည့် သူမသည် သူပြောသလို သူထင်ထားသည့် လူမျိုးမဟုတ်ဘူးဆိုတာ သူသိအောင်တော့ သူမ သက်သေပြရပေမည်။

"ကျုပ်ပြောတဲ့စကားကို မင်း နားလည်ပါတယ်နော် ပန်ရွယ်ဖူး"

"ဟုတ်ကဲ့ ကျွန်မ နောက်တစ်ခါ ဒီလိုမျိုးမဖြစ်စေရဘူးဆိုတာ လူကြီးမင်းကို ကတိပေးပါတယ်"

"ကောင်းပြီလေ၊ မင်း ကတိတစ်ခုကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ကြည့်ရသေးတာပေါ့၊ ကဲ မင်းသွားနိုင်ပြီ"

ပန်ရွယ်ဖူး နှင့် သေလိုက်စမ်းဆိုသည့် စကားတွေ ကို



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ဆိုရင်း ပန်းရွယ်ဖူးတစ်ယောက် သူ့ရုံးခန်းထဲက လှည့်အထွက် မျက်ရည်စက်တချို့က သူ့ရုံးခန်းထဲ ကြွေကျဆင်းသက်ခဲ့ရလေသည်။

ကျိတ်ကာ ငိုရှိုက်သွားသော ပန်းရွယ်ဖူးထံမှ ရှိုက်သံတိုးတိုးလေးကို နိုင်ဆွတ်မိုးကြားဖြစ်အောင် ကြားလိုက်ရသောအခါ ရင်မှာ မောလျှသွားရသည် မဟုတ်ပါလား။

□ □ □

## အခန်း (၄)

နိုင်ဆွတ်မိုးနှင့် ပြဿနာဖြစ်ပြီးကတည်းက ပန်းရွယ်ဖူးမှာနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေမှန်း နိုင်ဆွတ်မိုးသတိထားမိပါသည်။

ခါတိုင်း အလုပ်သွား အလုပ်ပြန်ချိန် သူနှင့်သာ အတူသွားတတ်သည့် သူမ။ နောက် အလုပ်သွား အလုပ်ပြန်ချိန်များ သူမတစ်ယောက်တည်း သွားလာတတ်လေသည်။

ဒီလိုမျိုး သူမတစ်ယောက်တည်း သွားလာပြန်တော့လည်း နိုင်ဆွတ်မိုးရင်ထဲ ဘာကိုမှန်းမသိ အလိုမကျဖြစ်ရသလို။

ဒီရက်တွေမှာ သူ့အလုပ်ကိစ္စတွေကလည်း မအားလပ်အောင် ရှိနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်များ၍ စိတ်အလိုမကျဖြစ်ရသည်လား။ သူမ၏ ဆောင်ရွက်နေမှုများကြောင့် စိတ်အလိုမကျဖြစ်ရသည်လားတော့ သူ မသိပါ။ ခုတလော သူ့စိတ်ဝယ် နေရသည့်စိတ်မှာ အလိုမကျဖြစ် နေရသည်ကတော့ အမှန်။

ဒါကြောင့်လည်း သူ့မျက်နှာကြီးက ခါတိုင်းထက်ပို၍ တည်တင်းခက်ထန် မာကျောနေရလေသည်။

တကယ်တော့ ထိုနေ့ကအဖြစ်သည် သူနှင့် အမှတ်မထင် ဆုံသွားရခြင်းသာဖြစ်လေသည်။

သို့သော် ကုမ္ပဏီလူကြီးတစ်ယောက်အနေနှင့် ထိုအဖြစ်ကို သူ ခေါ်ယူဆုံးမမှုဖြစ်ပေမည်။

မဟုတ်ပါက ကုမ္ပဏီတွင်ရှိသည့် မျက်လုံးပေါင်းများစွာ၏ အကြည့်တွေက သူ့ထံ ရောက်ရှိနေပြီမဟုတ်ပါလား။

သူမက မသိပေမယ့် သတိထားမိရသည့် သူကတော့ သိပါသည်။

ယန်ရွှယ်ဖူးဆိုတာ သူနှင့် တစ်အိမ်တည်းမှာ အတူနေရုံမက အလုပ်သွား အလုပ်ပြန်ပါ သူနှင့်အတူ ရှိနေတတ်သည့်





မိန်းကလေး။

သူမကို သူ ခေါ်ယူမဆုံးမပါလျှင် စည်းကမ်းကို အလွန်တိကျသော သူသည် သူမကို သူ့အိမ်မှာနေ၍ မျက်နှာသာပေးသည်လို့ ပြောခံရပေတော့မည်။

ဒီအဖြစ်မျိုးတော့ သူ လက်မခံနိုင်ပါ။ နိုင်ဆွတ်မိုးဆိုသည့် သူသည် ကိုယ့်ကုမ္ပဏီဝန်ထမ်းအားလုံးအပေါ်မှာ ကျောသားရင်သား ခွဲခြားတတ်သူမျိုးမဟုတ်ပါ။

အားလုံးကို တပြေးညီ ဆက်ဆံတတ်သူမျိုးဖြစ်သည်။

အလုပ်လုပ်ရာတွင် ပြတ်သားတတ်သလို ကိုယ့်ကုမ္ပဏီဝန်ထမ်းအားလုံးအပေါ်မှာလည်း မေတ္တာထားကာ မိသားစုလို ဆက်ဆံတတ်သူမို့ ဝန်ထမ်းတွေအားလုံးကလည်း သူ့အပေါ် စေတနာမေတ္တာ ထားရှာလေသည်။

ယန်ရွှယ်ဖူးဆိုသည့် ဒီမိန်းကလေးတစ်ယောက်ကြောင့်နှင့်တော့ နိုင်ဆွတ်မိုး ဝန်ထမ်းတွေ၏ အထင်အမြင်လွဲမှားမှုကို မခံနိုင်ပါ။

ဒီအဖြစ်တွေကို နားလည်အောင် ရှင်းပြဖို့ဆိုတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ခက်လွန်းသည့်အခြေအနေ။

ဒီအခြေအနေမှာ သူမ သူ့ကို အထင်လွဲနေမှန်းလည်း သူ သိပါသည်။

တစ်ဖက်ကလည်း သူ့အိမ်တွင် ရောက်နေသည့် သူမကို အနေမခက်စေချင်။

အလုပ်တွေကလည်း သူ့အတွက် မအားလပ်နိုင်။ ဒီရက်တွေမှာ သူ သူမနှင့် မဆုံတွေ့မိလောက်အောင်ပင်။

နေ့စဉ် တွေ့နေကျ သူတစ်ယောက်ကို မတွေ့ရပြန်တော့လည်း နိုင်ဆွတ်မိုးရင်ထဲ တစ်စုံတစ်ရာ လစ်ဟာနေရသလို။

ဒီလို ခံစားချက်မျိုး သူ့ရင်ထဲ တစ်ခါမှမရှိခဲ့ပါ။ ခုမှ သူ ဘာတွေဖြစ်နေရသည်လဲ။

လောလောဆယ် သူသိသည်က ပန်ရွှယ်ဖူးဆိုသော သူမလေးသည် သူ့အား ရှောင်ဖယ်နေသည့်အတွက် ရင်ထဲ အခံရခက်ခက်နှင့် တစ်မျိုးဖြစ်နေရခြင်းပင်။

ဖြစ်နိုင်လျှင် နိုင်ဆွတ်မိုးသည် သူ့အား ဒီလောက်ရှောင်နေသော သူမကို ပညာပေးလိုက်ချင်ပါသည်။ ဒါမှ သူမလေး





သူ့ကို နောက်ဒါမျိုးမလုပ်တော့မှာဖြစ်သည်။

အတွေးနှင့်အတူ ဆုံးဖြတ်ချက် ချလိုက်မိသည်နှင့် ပန်ရွှယ်ဖူးဆိုသည့် သူမရှိရာသို့ သူ ရောက်ခဲ့လေသည်။

''ဒေါ်လေးခင် ခဏ''

ဧည့်ခန်းထဲတွင်ရှိနေသော ဒေါ်လေးခင်ကို နိုင်ဆွတ်မိုး ခေါ်လိုက်တော့ ဒေါ်လေးခင်သည် ရောက်လာလေသည်။

“ဘာလည်း မောင်နိုင်ဆွတ်မိုး၊ ဘာလိုလို့လဲ”

“ကြော် တခြားမဟုတ်ပါဘူး ဒေါ်လေးခင်၊ ပန်ရွှယ်ဖူးကို သွားခေါ်လိုက်ပါ၊ ဒီနေ့ညနေ ကျွန်တော့်မိတ်ဆွေသုံးလေးယောက်ကို အိမ်မှာ ထမင်းဖိတ်ကျွေးချင်တယ်၊ အဲဒါ လိုအပ်တာတွေဝယ်ဖို့ သူ့ကိုခေါ်ပြီး ဒေါ်လေးခင် ကျွန်တော်နဲ့အတူ ဈေးလိုက်ခဲ့ပါ”

“အေး အေး၊ ခဏလေး မောင်နိုင်ဆွတ်မိုး၊ ဒေါ်လေးခင် မိန်းကလေးကို သွားခေါ်လိုက်ဦးမယ်”

ဒေါ်လေးခင်သည် ပြောပြီး သူ့အနားမှ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆွတ်မိုး သိပ်ကြာကြာမစောင့်လိုက်ရပါ။

ဒေါ်လေးခင်နှင့်အတူ ပန်းရွယ်ဖူးပါ သူ့ရှေ့သို့ ရောက်လာခဲ့သည်။

"ဒေါ်လေးခင်တို့ကတော့ အသင့်ပဲ မောင်နိုင်ဆွတ်မိုး၊ သွားမယ်ဆို သွားလို့ရပြီ"

နိုင်ဆွတ်မိုး၏ အကြည့်တစ်ချက်က ပန်းရွယ်ဖူးထံ ရောက်ရှိသွားရပြီး

"ဒါဆိုလည်း သွားကြမယ်"

ပြောပြောဆိုဆို ရှေ့မှနေ နိုင်ဆွတ်မိုး လှည့်ထွက်သွားလေသည်။

တကယ်တော့ သူမ အံ့သြမည်ဆိုလည်း အံ့သြစရာပင် ဖြစ်သည်။

သူမ ဒီကိုရောက်ပါပြီဆိုကတည်းက ဒီလိုမျိုး သူနှင့်အတူ ဈေးဝယ်ထွက်တာမျိုး တစ်ခါမှ မရှိခဲ့ပါပေ။

ဒီနေ့မှ ထူးထူးခြားခြား ထူးခြားနေသည့် သူ့အပြုအမူတွေက ဖိတ်ထားသည့် ဧည့်သည်များသည် သူ့အတွက် ဘယ်လောက်





များ အရေးပါနေသည်မှန်း ဖော်ပြနေရသည် မဟုတ်ပါလား။

ဒါကြောင့်သာ သူကိုယ်တိုင် ဈေးကို ယခုလို လိုက်ပို့နေရခြင်းဖြစ်သည်။

အတွေးတွေနှင့် ပန်းရွယ်ဖူး သူ့ကိုအကြည့် ဖြစ်ချင်တော့ သူကလည်း သူမကို ကားနောက်ကြည့်မှန်ထဲမှတစ်ဆင့် ပြန်၍ အကြည့်နှင့် အကြည့်များ ဆုံသွားရလေသည်။

အို။

စူးရဲလွန်းသော သူ့အကြည့်များကြောင့် ပန်းရွယ်ဖူးမျက်နှာလေး နီမြန်းသွားရသည်။

သူ ပန်းရွယ်ကို ဘာလို့များ ကြည့်နေတာပါလိမ့်။

ဒိတ်ခနဲခုန်သွားရသည့် ရင်ခုန်သံများကိုထိန်းရင်း သူမ အကြည့်လေးများကို ဘေးသို့ပို့လျက် ပါလာခဲ့သည်မှာ ဈေးသို့ပင် ရောက်ခဲ့ရလေသည်။

ဒေါ်လေးခင်နှင့် ပန်းရွယ်ဖူး ဈေးဝယ်နေစဉ် နောက်မှနေ တကောက်ကောက်နှင့် စိတ်ရှည်လက်ရှည် လိုက်နေသော ဦးနိုင်ဆွတ်မိုးကို ပန်းရွယ်ဖူးသာမက ဒေါ်လေးခင်ကပါ အံ့သြနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အံ့ဩမည်ဆိုလျှင် အံ့ဩစရာပင်ဖြစ်သည်။

နိုင်ဆွတ်မိုးဘဝတွင် ယခုလိုမျိုး စျေးဝယ်သည့်နောက် တကောက်ကောက်နှင့် စိတ်ရှည်လက်ရှည်လိုက်တာမျိုး ဒီတစ်ခါသာရှိလေသည်။

ဒေါ်လေးခင်နှင့် ပန်ရွှယ်ဖူး အံ့ဩနေပေမယ့် နိုင်ဆွတ်မိုးကတော့ စိတ်မှာ ထူးထူးခြားခြား ပျော်ရွှင်နေရသလို။

သူ့စိတ်ထဲတွင်လည်း သူ့အား ရှောင်ဖယ်နေသော ပန်ရွှယ်ဖူးအား ယခုလို အပါခေါ်လျှက် သူ့အနား သူမလေးရောက်အောင် လုပ်လိုက်ပုံကိုတော့ သင်းလေး သိမည်မဟုတ်ပါ။

သူမကို ယခုလိုခေါ်လာသည့်အတွက် အံ့ဩသလို မျက်ဝန်းပြာကြီးနှင့် သူ့ကို ကြည့်နေပုံကလည်း ရယ်ချင်စရာ။

ဒါပေမယ့် သူ့အကြံကို သူမလေး မသိစေရပါ။ မျက်နှာကြီးခပ်တည်တည်နှင့်သာ ဒေါ်လေးခင်နှင့်သူမ စျေးဝယ်ရာနောက်သို့ စိတ်ပေါက်ပေါက်နှင့် တမင်အရွဲ့တိုက်ကာ လိုက်နေမိတော့သည်။





"မောင်နိုင်ဆွတ်မိုး စျေးက လူတိုးတယ်၊ ကားမှာနေရင် နေခဲ့လေ"

"ရတယ် ဒေါ်လေးခင်၊ ကိစ္စမရှိဘူး၊ ဒေါ်လေးခင်တို့သာ ဝယ်စရာရှိတာဝယ်ပါ၊ ဩော် မင်းလက်ထဲကခြင်း ကျုပ်ကိုပေး၊ ပစ္စည်းတွေနဲ့ လေးနေပြီ၊ ကျုပ် ဆွဲခဲ့မယ်"

ပြောလည်းပြော နိုင်ဆွတ်မိုးသည် ပန်ရွှယ်ဖူးလက်ထဲက ဆွဲခြင်းကို ဆွဲယူလိုက်တော့ ပန်ရွှယ်ဖူးမှာ ပေးလိုက်လေသည်။

"ဘယ်လိုလဲ စျေးဝယ်ရလို့ ခေါင်းတွေရှုပ်နေပြီလား"

ရုတ်ခြည်း သူမမျက်နှာလေးကို စူးစိုက်ကြည့်ကာ မေးလိုက်တော့ ပန်ရွှယ်ဖူး သူ့စကားကို ရုတ်တရက် ဘာဖြေရမှန်း မသိပါ။

မှန်တာပြောရလျှင် ပန်ရွှယ်ဖူးအဖို့ မသိတာထက် သူ့စကားကြောင့် အံ့ဩသွားရသည်ဆိုလျှင် မမှား။

သူမနှင့်သူ ပြဿနာဖြစ်ပြီးကတည်းက ပန်ရွှယ်ဖူး နိုင်ဆွတ်မိုးနှင့် မျက်နှာချင်းမဆိုင်မိခဲ့သလောက်ပင်။

ပြဿနာဖြစ်ပြီး သူနှင့် မျက်နှာချင်းဆိုင် ပြန်ဆုံသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒါပထမဦးဆုံးဖြစ်လေ၏။

ယနေ့ရှယ်ဖူးနှင့်ဆုံတိုင်း မျက်မှောင်ကြီးချီလျက် မျက်နှာထားတည်တည်တင်းတင်းကြီးနှင့် ရှိတတ်သော သူသည် ယခုတော့လည်း သူမဟုတ်သည့်အတိုင်း အပြုံးမြမြနှင့် ရှိနေရလေသည်။

"ကျွန်မအတွက်တော့ အခုလိုမျိုး ဈေးဝယ်တာ မဆန်းတော့ပါဘူး"

"ဟုတ်လား၊ ဒါဆို မင်းက အဝယ်တော်ပေါ့"

"ဖေဖေနဲ့ကျွန်မ နှစ်ယောက်တည်းရှိတာဆိုတော့ ရှင်ပြောသလို ကျွန်မ အဝယ်တော်ဆိုလည်း မမှားပါဘူး"

"မင်းက မင်းဖေဖေနဲ့ နှစ်ယောက်တည်းရှိတာလား"

"ဟုတ်ကဲ့"

"ဒါဆို မင်း ဒီကိုလာတော့"

"ကျွန်မ ဒီကိုလာတော့ ကြီးတော်အပျိုကြီးက ဖေဖေနဲ့အတူ လာနေပေးပါတယ်"

"အင်း ဦးလေး ကျုပ်ကိုပြောတုန်းက သူ့မှာ ညီအစ်ကို

စိုးမိုး ၈၁၆၀



ရင်းလို ခင်မင်တဲ့သူရှိတဲ့အကြောင်း ပြောပေမယ့် မင်းဖေဖေလို့တော့ ကျုပ် မထင်ခဲ့ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ မင်းဖေဖေက ဦးလေးနဲ့ပတ်သက်ပြီး ကျုပ်တို့အိမ်ကို တစ်ခါမှ အဝင်အထွက်မရှိခဲ့လို့ပဲ"

"ဖေဖေက အေးအေးဆေးဆေးနေတတ်တယ်၊ ပြီးတော့ ပွဲရုံမှာ ဖေဖေမရှိလို့မဖြစ်ဘူး၊ ဒါကြောင့် ဦးနိုင်ဆွတ်မိုး ဖေ့ဖေ့ကို မမြင်ဖူးတာပါ"

နှစ်ယောက်သား မထင်မှတ်ဘဲ ရင်းရင်းနှီးနှီး စကားတွေဆိုဖြစ်သွားလေသည်။

ဒါကို သူတို့နှစ်လုံး သတိမထားမိကြပါ။

"ကုမ္ပဏီမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ရှင်"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကို အားကိုးပြီးရောက်လာတဲ့ သူတစ်ယောက်အပေါ် ကျုပ် တာဝန်ကျေချင်တယ်"

သူ့စကားတွေအတွက် သူမ အံ့ဩနေရတော့သည်။ အံ့ဩမှုတွေနှင့် သူ့ကိုအကြည့်

စိုးမိုး ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာ ဒေါ်လေးခင် ဈေးဝယ်ပြီးသွားပြီနဲ့တူ တယ်"

သူ့စကားကို အဆုံးသတ်သွားသော နိုင်ဆွတ်မိုးကို ပန်းရွယ်ဖူး ဘယ်လိုနားလည်ရမှန်း မသိတော့ပါ။

သူကတော့ သူမရှေ့ကနေ ခပ်တည်တည် ချာခနဲလှည့် ထွက်သွားလေပြီ။

ဈေးဝယ်ပြီးအပြန် လမ်းမှာတော့

"မင်းလည်း ထမင်းဟင်းကောင်းကောင်း ချက်တတ်မှာ ပေါ့"

"ဟုတ်ကဲ့ ကျွန်မ ချက်တတ်ပါတယ်"

"ဒါဆို ဒေါ်လေးခင်ကို ကူညီပေးလိုက်ပါ၊ ကျုပ်ဖိတ် ထားတဲ့ ဧည့်သည်တွေကို မင်းလက်ရာ ဘယ်လောက်ကောင်း ကြောင်း ကြွားရတာပေါ့"

"ဟင်"

သူ ဘာကို ရည်ရွယ်ပြောတာပါလိမ့်။

သူမလက်ရာကောင်းမကောင်း ကြွားရအောင် သူ့ဆီလာ



မည့် ဧည့်သည်တွေနှင့် သူမသည် ဘာဆိုင်လို့ပါလိမ့်။

သူကတော့ သူ့စကားကို သူ သတိထားမိပုံမရသလို

"ဒေါ်လေးခင်တို့ကို အိမ်ပြန်ပို့ပေးပြီး ကျွန်တော် အပြင် သွားဦးမယ်၊ အပြန်မှာ ကျွန်တော်နဲ့အတူ ဧည့်သည်တွေပါလာလိမ့် မယ်၊ အဲဒါ ဒေါ်လေးခင်နဲ့ပန်းရွယ် အားလုံး ပြင်ဆင်ထားပါ"

"အေး အေး၊ ဒေါ်လေးခင်တို့ အားလုံးပြင်ဆင်ထားမယ် မောင်နိုင်ဆွတ်မိုး၊ ဒါနဲ့ ဧည့်သည်တွေက သုံးယောက်နော်"

ဒေါ်လေးခင်မှာ သေချာအောင် ထပ်မေးတော့ နိုင်ဆွတ် မိုးသည် ခေါင်းညိတ်ပြရင်း

"ဟုတ်တယ် ဒေါ်လေးခင်၊ ဧည့်သည်က သုံးယောက် လာမှာ၊ ဒါပေမယ့် အိမ်ရှင်ဖြစ်တဲ့ ကျွန်တော်နဲ့ ပန်းရွယ်နဲ့ဆိုတော့ အားလုံး ငါးယောက်စာ ပြင်ထားလိုက်ပါ"

"ရှင် ပန်းရွယ်က"

"ကဲ အိမ်ရောက်ပြီ"

ပန်းရွယ်ဖူးတစ်ယောက် စကားမှ ပြန်မပြောရသေး။ နိုင်ဆွတ်မိုး မောင်းလာသည့်ကားက ခြံထဲသို့ရောက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကားကို ပေါ်တီကိုအောက်တွင် ရပ်လိုက်သည်နှင့်

"ညနေကျရင် မင်း အကောင်းဆုံး ပြင်ဆင်ထားပေးပါ ပန်ရွယ်ဖူး"

စကားနှင့်အတူ သူမအား အပြုံးနှင့်စိုက်ကြည့်ကာ ကားကို မောင်းထွက်သွားသော နိုင်ဆွတ်မိုးကို ပန်ရွယ်ဖူး ဘယ်လို မှ နားမလည်နိုင်ခင်မှာပင် သူ့ကားလေးက ခြံထဲက ထွက်သွား လေပြီ။

ပန်ရွယ်ဖူးမှာတော့ သူ့ဘက်က သိသိသာသာ ပုံစံပြောင်း နေရသော နိုင်ဆွတ်မိုးကို သူမဘက်က အံ့သြဖို့အချိန်ပင် ကြာကြာ မရလိုက်ပါ။

သူနှင့်အတူ ရောက်လာမည့် ဧည့်သည်တွေအတွက် အချိန်မီ ပြင်ဆင်ချက်ပြုတ်ကျွေးမွေးရန်အတွက် ဒေါ်လေးခင်နှင့် အတူ သူမ ပြင်ဆင်ရတော့မည် မဟုတ်ပါလား။

ဈေးမှပြန်ရောက်ပါပြီဆိုကတည်းက ဒေါ်လေးခင်ရော ပန်ရွယ်ဖူးပါ နားရသည်မရှိတော့။ နှစ်ယောက်သား အလုပ်တွေ ရှုပ်နေရတော့သည်။

ဝယ်လာသမျှ ဟင်းအမယ်များကို စားလို့ကောင်းအောင်





ပြင်ဆင်ချက်ပြုတ်ရင်း နှစ်ဦးသား မအားနိုင်အောင် ရှိနေရကော့ သည်။

ဟင်းလေးငါးခြောက်မျိုးချက်ပြီး အသီးအရွက်ကြော်များ။ အရည်သောက်ဟင်းအမယ်များနှင့် ပေါင်းလိုက်တော့ ဒေါ်လေးခင် နှင့် သူမ ပြင်ဆင်ထားသည့် ထမင်းဝိုင်းကြီးက စားချင့်စဖွယ် ဖြစ်နေရတော့သည်။

"ပန်ရွယ်လေးက လူငယ်ပေမယ့် အချက်အပြုတ်မှာ တော့ တော်တော်ကျွမ်းကျင်တာပဲ၊ ဒေါ်လေးခင်က မိန်းကလေးကို ဒီလောက်ထိ ချက်ပြုတ်တတ်လိမ့်မယ်လို့ ထင်မထားဘူး၊ တယ်"

ဒေါ်လေးခင်၏ ချီးကျူးစကားကြောင့် ပန်ရွယ်ဖူး ရှက်ပြုံး လေးနှင့် မျက်နှာလေး ရဲပသွားရ၏။

"ဒေါ်လေးခင်ကလည်း ပန်ရွယ်ကို အနေခက်အောင် ပြောနေပြန်ပါပြီ၊ ပန်ရွယ့်လက်ရာက အဲဒီလောက်ထိ မဟုတ်ပါဘူး ။ ဒေါ်လေးခင်လက်ရာကမှ တကယ့်စားလို့ကောင်းတာ၊ ဒါနဲ့ ဒေါ်လေးခင်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာများလဲ မိန်းကလေး''

''ပန်းရွှယ် တစ်ခုတော့ စိုးရိမ်တယ်၊ ဦးနိုင်ခွတ်မိုး ပန်းရွှယ်တို့ ပြင်ဆင်ထားတာကို ကြိုက်မှကြိုက်ပါ့မလားလို့''

ပန်းရွှယ်ဖူး တစ်ကယ်ပင် စိုးရိမ်ဟန်လေးနှင့် မေးလိုက်တော့ ဒေါ်လေးခင်မှာ သဘောတျသလို ပြုံးသွားကာ

''ဒေါ်လေးခင်က ဘာများလည်းလို့ကွယ်၊ စိတ်ချ၊ ပန်းရွှယ်လေးပြင်ဆင်ထားတာကို မောင်နိုင်ဆွတ်မိုး သဘောကျမှာ သေချာတယ်၊ ဒီလောက်ကောင်းတဲ့လက်ရာနဲ့ အပြင်အဆင်ကို သူ ဘာလို့မကြိုက်ရမှာလည်း၊ ကဲပါကွယ် မိန်းကလေး ဘာမှ စိုးရိမ်မနေပါနဲ့၊ ကဲ ကဲ သွား၊ မောင်နိုင်ဆွတ်မိုး သမီးကို ဘာမှာသွားလဲ၊ သမီးကို အကောင်းဆုံး ပြင်ဆင်ထားဖို့ သူမှာသွားတယ် မဟုတ်လား၊ ရေမိုးချိုးပြီး အလှဆုံးပြင်ဆင်ထားလိုက်နော် ဟုတ်ပြီလား၊ ခဏနေ မောင်နိုင်ဆွတ်မိုး ရောက်လာတော့မှာ''

နာရီကို တစ်ချက်လှမ်းကြည့်ရင်း ဒေါ်လေးခင်ပြောလိုက်တော့ ပန်းရွှယ်ဖူး မျက်နှာရဲရဲလေးဖြစ်သွားပြီး

''ဒေါ်လေးခင်ကလည်း ဦးနိုင်ဆွတ်မိုး သူ့ဧည့်သည်တွေ





ဒိတ်တာနဲ့ ပန်းရွှယ်နဲ့ ဘာဆိုင်လို့ ပန်းရွှယ်က အလှဆုံးပြင်ဆင်ထားရမှာလဲ''

''ဒါတော့ ဒေါ်လေးခင်လည်း မပြောတတ်ပါဘူးတော်၊ ဒါပေမယ့် မောင်နိုင်ဆွတ်မိုးစကားထဲမှာတော့ မိန်းကလေးကို အကောင်းဆုံးဖြစ်စေချင်တာ ပေါ်နေတာပဲ''

''ဟင် စိတ်ရှုပ်ပါတယ် ဒေါ်လေးခင်ရယ်၊ ပန်းရွှယ်နဲ့ ဘာမှလည်းမဆိုင်ဘဲနဲ့''

''မဆိုင်ပေမယ့် လှုပ်လို့ကလည်း မဖြစ်ဘူးနော် မိန်းကလေး၊ ကဲပါကွယ် မိန်းကလေးက လိမ္မာပါတယ်၊ သွား သွား ပြင်ဆင်တော့''

ဒေါ်လေးခင်မှာ လှုကြီးပီပီ ပန်းရွှယ်ဖူးအား ချော့မော့ကာ ပြင်နိုင်းလိုက်ရလေသည်။

ပန်းရွှယ်ဖူး စိတ်မပါပေမယ့် ဒေါ်လေးခင်စကားကို မငြင်းဆန်ချင်သည်မို့ လေးလံသော ခြေလှမ်းတွေနှင့်ပင် အပေါ် သူမ အခန်းရှိရာသို့ ရောက်လာခဲ့သည်။

အခန်းထဲရောက်သည်နှင့် ပန်းရွှယ်ဖူး ရေချိုးဖို့ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရေကြိုက်တတ်သူမို့ ရေကို ခပ်ကြာကြာလေး စိမ်ချိုးနေလိုက်သည်။

အတန်ကြာ ရေစိမ်ချိုးပြီးသည်နှင့် ပန်ရွှယ်ဖူး ရေချိုးခန်းထဲမှထွက်ကာ သူမကိုယ်သူမ အလှပြင်ရလေတော့သည်။

အလှပြင်သည်ဆိုရာ၌လည်း နုထွေးနေသော မျက်နှာလှလှလေးကို အောက်ခံမိတ်ကပ်ကလေးလူးကာ အပေါ်မှ သနပ်ခါးရေကျဲလေး ထပ်လူးလိုက်ရုံသာ။

ပြီးမှ မိတ်ကပ်မှုန်မှုန် နည်းနည်း ထပ်လူးလိုက်ပြီး သူမအလှပြင်ဆင်ခြင်းကို အဆုံးသတ်လိုက်သည်။

မျက်ခုံး မျက်တောင် နှုတ်ခမ်းနှင့် မျက်ဝန်းအလှတို့က သူမအတွက် ဘာမှ အထူးပြင်ဆင်ရန် မလိုလောက်အောင် အထူးလှနေသည်မို့ သူမအတွက် ပြင်ဆင်ရန်မလိုတော့။

ပန်ရွှယ်ဖူးဆိုတာ ဒီလိုလည်း အလှဆုတောင်းကောင်းရှာလွန်းသူဖြစ်သည်။

နောက်ဆုံး ကျော့ရှင်းသည့် သူမခန္ဓာကိုယ်ကောက်ကြောင်းအလှပေါ် နို့နှစ်ရောင်ဖျော့ဖျော့မှာ အညိုခက်လေး





မျှားနှင့်ရောထားသည့် ဝတ်စုံလေးကို ဝတ်ဆင်လိုက်သည့်အခါမှာတော့ ပန်ရွှယ်ဖူးသည် သိပ်လှသည့် နတ်သမီးလေးဖြစ်သွားရလေပြီ။

ဘာကိုမှ အထူးတလည်ကြီး ပြင်ဆင်ထားသည် မဟုတ်ပါပဲနှင့်ကို ပန်ရွှယ်ဖူးအလှက ဝင့်ဝင့်ကြွားကြွားနှင့် တောက်ပနေရသည်မို့ သူမသည် အလှကံကောင်းလွန်းသူလေးပင် မဟုတ်ပါလား။

အားလုံး ပြင်ဆင်ပြီး ပန်ရွှယ်ဖူး အောက်ထပ်သို့ဆင်းလာခဲ့လိုက်သည်။

ဦးနိုင်ခွတ်မိုးနှင့် ဧည့်သည်များရောက်ရန် အချိန်ကလည်း နီးနေလေပြီ။

"ဟော ကြည့်စမ်း၊ မိန်းကလေး လှလိုက်တာကွယ်၊ ဒေါ်လေးခင်ဖြင့် မျက်စိတောင် မှားမတတ်ပဲ၊ မိန်းကလေးက ဘယ်လိုနေနေ သိပ်လှတာပဲ"

သူမအလှကို ဒေါ်လေးခင်မှာ အံ့သြမှုတွေနှင့် နှုတ်ကတဖွဖွ ချီးကျူးလို့မဆုံးတော့ပါ။

ပန်ရွှယ်ဖူးမှာ ဒေါ်လေးခင်၏ ချီးကျူးစကားအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အနေခက်ရသည်မို့

"ဒေါ်လေးခင်နော် ပန်းရွယ်ကို ချီးကျူးနေတာ ပန်းရွယ် မနေတတ်တော့ဘူး သိလား"

"တကယ်ပြောတာပါကွယ်၊ မိန်းကလေးက အလှရော ဘဝရော ကံကောင်းတဲ့သူလေးပါပဲ၊ ဒေါ်လေးခင်ဖြင့် မိန်းကလေး ကိုကြည့်ပြီး သိပ်စိတ်ချမ်းသာတာပဲ၊ တကယ်အဟုတ်"

"အဟင်း ဟင်း ဟင်း၊ ဒေါ်လေးခင်ပြောတာနဲ့ ပန်းရွယ် တောင် ကိုယ့်ကိုယ်ကို ဘဝင်မြင့်ချင်လာပြီနော်၊ ဒေါ်လေးခင် ပန်းရွယ်ကို ဒီထက် ပိုပြီး ပြောနေရင်တော့ ပန်းရွယ်ကိုယ် ပန်းရွယ် ထိန်းနိုင်မှာမဟုတ်တော့ဘူး၊ အဟင်း ဟင်း"

"မိန်းကလေးကတော့ ပြောရှာမယ်"

"အဟင်း ဟင်း"

ပန်းရွယ်နဲ့ ဒေါ်လေးခင်မှာ တစ်ယောက်စကားကို တစ်ယောက် သဘောကျကာ ရယ်မောမိလေသည်။

ထိုစဉ်…

ခြံထဲသို့မောင်းဝင်လာသော ကားသံကြောင့် ဒေါ်လေးခင်





နှင့် ပန်းရွယ်၏ အကြည့်များက ကားဆီသို့ရောက်ရှိသွားသည်။

သူမတို့ကြည့်နေဆဲ ကားလေးက ပေါ်တီကိုအောက် ရပ် သွားလေပြီ။

"ဟော မောင်နိုင်ဆွတ်မိုးတို့ရောက်လာပြီ"

"ဟုတ်ပါရဲ့၊ ပြောတော့ဖြင့် နည်းနည်းမိုးချုပ်မယ်ဆိုတဲ့ သူက ခုတော့လည်း စောသားပဲ၊ တော်သေးတာပေါ့ ဒေါ်လေးခင် ရယ်၊ ပန်းရွယ်တို့ အားလုံး ချက်ပြုတ်ပြီးသွားလို့၊ ဟင် ဒေါ်လေး ခင်ရေ နောက်မှာ ကားတစ်စီးပါလာတယ်၊ ကြည့်ရတာတော့ ဧည့်သည်တွေလည်း တစ်ခါတည်း ပါလာပြီနဲ့တူတယ်"

"အေး အေး ဟုတ်မယ်၊ ဧည့်သည်တွေပါလာမယ်လို့ မောင်နိုင်ဆွတ်မိုး ပြောသွားတယ်"

ဒေါ်လေးခင်နှင့် ပန်းရွယ်ဖူးတို့မှာ ပြောလည်းပြော၊ အကြည့်တွေက နိုင်ဆွတ်မိုးနှင့် အတူပါလာသည့် ဧည့်သည်တွေထံ ရောက်ရှိသွားရသည်။

ကားပေါ်မှ ရယ်ရယ်မောမောနှင့် ဆင်းလာသည့် နိုင်ဆွတ် မိုးဘေးတွင် သူနှင့် သက်တူရွယ်တူ ထင်ရမည့် အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်။

အမျိုးသမီးကတော့ သူတို့ထက် အသက်ငယ်ပုံရလေသည်။

အားလုံး ဖြူဖြူမြင့်မြင့်နှင့် ရုပ်ရည်ချောမောကြသူများ။ အထူးသဖြင့် အမျိုးသမီးမှာ ရုပ်ရည်ချောမောရုံတင်မက ခေတ်မီသော အပြင်အဆင်များနှင့် အရမ်းကို လှပလွန်းနေရသည်။

ကြွေရုပ်လေးလို လှပလွန်းသည့် သူမက ဦးနိုင်ဆွတ်မိုးဘေးတွင် သူနှင့်အတူ ယှဉ်တွဲရပ်ကာ ရယ်ရယ်မောမောနှင့် ပြုံးရွှင်စွာ စကားဆိုနေလေသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ပန်းရွယ်ဖူးရင်ထဲ ဘာလိုလိုကြီးဖြစ်သွားရသည်။

ထိုမြင်ကွင်းကိုပဲ သူမဆက်၍ မကြည့်ချင်တော့သလို မကြည့်နိုင်တော့သလိုလိုနှင့် စိတ်မှာ တစ်မျိုးကြီးဖြစ်သွားရသည် မဟုတ်ပါလား။

"ဒေါ်လေးခင်"

"ဘာလည်း မိန်းကလေး"





"ညီ့သည်တွေအတွက် ပန်းရွယ် နောက်မှာ ပြင်စရာရှိတာတွေ ပြင်ဆင်လိုက်ဦးမယ်နော်"

ပြောပြောဆိုဆို ပန်းရွယ်ဖူး နောက်ဘက်ဆီသို့ လှစ်ခနဲ ပြေးဝင်ခဲ့လေသည်။

မျက်ဝန်းထဲမှာတော့ ဦးနိုင်ဆွတ်မိုးနှင့် မိန်းမလှက မထွက်ချင်။

ထူးခြားနေသည့် သူမခံစားမှုအတွက်လည်း ပန်းရွယ်ဖူးမှာ သူမကိုယ်သူမ အံ့ဩနေရသည်။

"ပန်းရွယ်ဖူး"

"အမေ့"

"ဟင်"

"ဘာတွေ တွေးနေလို့ ခေါ်လိုက်တာနဲ့ လန့်သွားရတာလဲ"

"ရှင်"

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး"

မျက်လွှာလေးချကာ သူ့အား မကြည့်ပါဘဲ ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



ပန်ရွယ်ဖူးထံ နိုင်ဆွတ်မိုးအကြည့်တွေ စိုက်ခနဲရောက်ရှိသွားရသည်။

ပန်ရွယ်ဖူးဆိုသည့် မိန်းကလေး သိပ်ကိုလှနေပါလား။ သူမ လှတာကိုသိပေမယ့် နိုင်ဆွတ်မိုးအနေနဲ့ သူမကို ဒီလောက်ထိ လှလိမ့်မည်လို့ မထင်ခဲ့မိပါ။

ခုတော့ ကြည့်စမ်းပါဦး။

သူ့ရှေ့မှာ ရှိနေသည်က လူမမယ် နတ်တမျှ သိပ်ကိုလှလွန်းနေသည့် ပန်ရွယ်ဖူးဆိုသော မိန်းကလေး။

ဒီမိန်းကလေး အလှတွေကို သူ ဘာကြောင့် ယခုမှသတိထားမိတာပါလိမ့်။

သူ့အကြည့်ရူးရူးနှစ်နှစ်တွေက သူမထံ ဘယ်လောက်ထိနက်နက်ရှိုင်းရှိုင်း ရောက်ရှိသွားရသည် မသိပါ။ လွန်ကဲသွားရသော သူ့အကြည့်များကြောင့်ထင်။ ပန်ရွယ်ဖူးမျက်နှာလေး ရဲပသွားကာ သူ့အကြည့်များအောက်တွင် အနေခက်နေရသည့်ပုံစံလေးကိုမြင်မှ နိုင်ဆွတ်မိုး သူ့အကြည့်တွေ သူမအပေါ် လွန်နေရမှန်း သတိထားမိလိုက်သည်။

"အို"





ပန်ရွယ်ဖူးကတော့ မျက်နှာလေးရဲပလျက် သူ့အကြည့်ရူးရူးတွေကြောင့် အနေရခက်နေသည်။

နိုင်ဆွတ်မိုး ချက်ချင်းပင် သူ့အကြည့်တွေကို လွှဲပစ်လိုက်သည်။

ရင်မှာတော့ ထူးခြားသည့် ခံစားမှုနှင့်က မြန်ဆန်နေရသည့် ရင်ခုန်သံတွေကိုလည်း ကိုယ့်ဘာသာကိုယ် အံ့သြနေရလေပြီ။

ဘာဖြစ်တာပါလိမ့်။

ဒီခံစားမှုသည် သူမလေးကို သူ စတွေ့လိုက်ကတည်းကဆိုလျှင် များမည်မထင်ပါ။

ဒါကိုပင် နိုင်ဆွတ်မိုးမှာ ထိုခံစားမှုကို မနှစ်သက်ဟန်နှင့် သူ့ခံစားမှုတွေကို သူ ကာကွယ်ခဲ့သည်မဟုတ်ပါလား။

ယခုလည်း နိုင်ဆွတ်မိုးမှာ သူ့ခံစားမှုကို သူ ဖုံးကွယ်သည့်အနေဖြင့်. မျက်နှာချောချောကြီးကို ခက်ထန်သော အသွင်ဖြင့်ပြောင်းစေလိုက်ပြီး

"အားလုံးအသင့်ဖြစ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဘာတွေ လိုအပ်သေးလဲ"

"ဟင့်အင်း ဘာမှ မလိုအပ်တော့ပါဘူး၊ ဦးနိုင်ဆွတ်မိုး ဘာထပ်ပြီး ပြင်ဆင်စေချင်လို့လဲ"

"အားလုံးပြည့်စုံမှတော့ မလိုအပ်တော့ပါဘူးလေ၊ ဧည့်သည်တွေကို ဧည့်ခံဖို့ပဲ ရှိတော့တာပေါ့"

"မောင်နိုင်ဆွတ်မိုး ဧည့်သည်တွေကမေးနေတယ်"

"သြော် ဟုတ်ကဲ့ ဒေါ်လေးခင်၊ ကဲ ပန်းရွှယ်ဖူး အားလုံး အသင့်ဖြစ်အောင် ပြင်ဆင်လိုက်တော့"

ပြောပြီး နိုင်ဆွတ်မိုး အခန်းထဲမှ ချာခနဲလှည့်ထွက်သွားလေသည်။

ပန်းရွှယ်ဖူးမှာ နားလည်ရခက်သော သူ့အကြည့်တွေကို ကြာကြာမစဉ်းစားနိုင်အားပါ။ သူ ပြောသွားသည့်အတိုင်း ထမင်းပွဲကိုသာ အမြန်ဆုံးနှင့် အလှပဆုံးဖြစ်အောင် ပြင်ဆင်လိုက်လေသည်။

အားလုံးပြင်ပြီးသည်နှင့် ထမင်းပွဲကြီးက မြင်ရသူကို





စားချင်စဖွယ်ဖြစ်စေရတော့သည်။

"အားလုံးတော့ ပြင်ဆင်ပြီးသွားပြီ ဒေါ်လေးခင်၊ ဦးနိုင်ဆွတ်မိုးနဲ့ ဧည့်သည်တွေကို ဒေါ်လေးခင်ပဲ သွားခေါ်လိုက်တော့နော်"

နောက်တစ်ကြိမ် သူ့အကြည့်တွေနဲ့ ဆုံစည်းရမှာကို ပန်းရွှယ်ဖူး ဘာကြောင့် ထိတ်လန့်မိသည်မသိပါ။ သူ့အကြည့်တွေနဲ့ နောက်တစ်ကြိမ် ဆုံရမှာကို ထိတ်လန့်စွာနှင့်ပင် ဒေါ်လေးခင်အား ချော့ချော့မော့မော့နှင့် ဦးနိုင်ဆွတ်မိုးတို့အား အခေါ်လွှတ်လိုက်ရသည် မဟုတ်ပါလား။

သူမကတော့ လိုအပ်သည်များကိုသာ လုပ်နေလိုက်သည်။

မကြာလိုက်ပါ။

ဦးနိုင်ဆွတ်မိုးနှင့်အတူ ဧည့်သည်များ ထမင်းစားခန်းထဲသို့ ရောက်ရှိလာလေသည်။

ထမင်းစားပွဲပေါ်တွင် ပြင်ဆင်ထားသည်မှာ ဖွယ်ဖွယ်ရာရာနှင့် မြင်ရသူကို စားချင့်စဖွယ် ပြင်ဆင်ထားသည်မှာ လက်ရာရှင်ကို ချီးကျူးစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ထမင်းပွဲကြီး ပြင်ဆင်ထားတာ စားချင့်စဖွယ်ပါပဲလား၊ မြင်တာနဲ့ စားချင့်စဖွယ် ပြင်ဆင်ထားတာ လက်ရာရှင်ကို ချီးကျူးရမယ်နဲ့တူတယ်"

"ချီးကျူးတာလည်း ချီးကျူး၊ စားတာလည်း အဝစားကွ"

"စိတ်ချ အစားဆို ကိုယ်တို့က နောက်မကျဘူး၊ ဟဲဟဲ"

ပွင့်လင်းလွန်းသည့် စည်သည်၏စကားကြောင့် နိုင်ဆွတ်မိုးသာမက အားလုံး ပြုံးသွားရလေသည်။

"မင်းအကြောင်း ငါ အသိဆုံးပါကွာ၊ မင်းက အစားဆို မြင်တာနဲ့ ဟန်ဆောင်ဖို့ သတိမရတဲ့လူ၊ ဒါကြောင့်လည်း ဒီပွဲမှာ မင်းကိုပါအောင် ခေါ်လာခဲ့တာပေါ့"

"ဟဲ ဟဲ ငါ့သူငယ်ချင်းကို ဒါကြောင့် အားကိုးရတာ၊ ဒါပေမယ့် လူတွေရှေ့မှာတော့ ငါ အစားကြီးတဲ့အကြောင်း မင်းသိပ်မပြောနဲ့"

"လုပ်မနေစမ်းပါနဲ့ကွာ၊ အခု ဒီကိုလာတဲ့သူအားလုံး





မင်းအကြောင်း မသိတဲ့လူ တစ်ယောက်မှမရှိဘူး"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ငါက ဟန်လုပ်လို့များ ရမလားလို့"

"တော်စမ်းပါကွာ၊ မင်းလား ဟန်လုပ်တဲ့လူ"

"ဟုတ်တယ် နိုင်ဆွတ်မိုး၊ မင်းပြောတာမှန်တယ်၊ ဒီကောင့်အကျင့်က ဒီလိုပဲ၊ မိန်းမချောလေးတွေရှေ့မှာဆို ပိုပြီး သူ့ကိုယ်သူ ဟန်လုပ်ချင်တယ်၊ ခုတော့ ဘယ့်နှယ့်လဲ ကိုယ့်လူ၊ ထိပြီမဟုတ်လား"

နိုင်ဆွတ်မိုးနှင့်ဆက်ပိုင် အတိုင်အဖောက်ညီညီနှင့် ပြောနေသော စကားများအောက်တွင် ကျော်နောင်မှာ မျက်နှာလေးငယ်လျက်

"အေးပါကွာ၊ မင်းတို့ကတော့ ငါ့ကို ဘယ်နေရာရောက်ရောက် အလွတ်မပေးကြပါလား"

"ဟား ဟား ဟား၊ ဒီလိုဆိုတော့လည်း မင်းက မင်းကိုယ်မင်း သိသားပါလားကွ"

ငယ်သူငယ်ချင်းများအပြင် တစ်ယောက်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သိပြီးသား လူတွေမို့ စကားကိုလည်း ဟန်ဆောင်မှု မရှိ ပွင့်ပွင့်လင်းလင်း ပြောနေကြလေသည်။

"နင်တို့ကလည်းဟယ်၊ တော်ပါတော့၊ တစ်ဆိတ်ရှိ ကျော်နောင့်ကိုပဲ ပြဿနာလုပ်နေကြတယ်၊ ဟိုမှာကြည့်ပါဦး၊ ကျော်နောင်ခမျာ မျက်နှာလေးငယ်နေရှာပြီ"

နှုတ်ခမ်းရဲရဲနီဆိုးထားသည့် ခေတ်ဆန်ကာ လှပလွန်းသော အမျိုးသမီးစကားကြောင့် ကျော်နောင်မှာ မျက်နှာကြီး ဝင်းလက်သွားရပြီး

"တွေ့လား ဘောဘီနဲ့မင်းတို့နဲ့တော့ တခြားစီပဲ၊ ဒါကြောင့် ဘောဘီ့ကို ငါ အားကိုးရတာ၊ ဘောဘီ ကျေးဇူးပဲဟာ ဟဲ ဟဲ ဟဲ"

"တော်ပါ ငါက နင့်ကိုသနားလို့သာ ဝင်ပြောရတာ၊ နင် ကျေးဇူးတင်တာကိုတော့ ခပ်လန့်လန့်ပဲ"

"ဟား ဟား ဟား"

"ဘောဘီကလည်းကွာ"

"အဟွန်း ဟွန်း ဟွန်း"





ကျော်နောင်မှာ ဘောဘီ သူ့ဘက်ကဝင်ပြောနေ၍ အားကိုးကာ ပြောလိုက်ပါမှ ပြောလိုက်သည့် ဘောဘီစကားကြောင့် ပို၍ ဆိုးသွားရကာ မျက်နှာကြီးမှာ မအီမသာနှင့် ရှုံ့မဲ့သွားရလေသည်။

ဒါကိုကြည့်ပြီး နိုင်ဆွတ်မိုးရော ဆက်ပိုင်ပါ ကျော်နောင် အဖြစ်ကို သဘောတကျကြည့်ပြီး ရယ်မော်လိုက်လေသည်။

ရယ်မော်နေရင်းက နိုင်ဆွတ်မိုးအကြည့်များက သူတို့နှင့် မနီးမဝေးတွင်ရပ်နေသည့် ပန်းရွှယ်ဖူးထံသို့ အကြည့်များ ဖျတ်ခနဲ ရောက်ရှိသွားကာ

"ပန်းရွှယ်ဖူး"

ခေါ်သံနှင့်အတူ နိုင်ဆွတ်မိုးတစ်ယောက် ပန်းရွှယ်ဖူးအနား သို့ ရောက်ရှိလာပြီး

"မင်းကို ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ် လာ"

ဟုဆိုကာ ပန်းရွှယ်ဖူးလက်လေးကို ဆွဲခေါ်မတတ် ခေါ်လိုက်လေသည်။

"မင်းတို့အားလုံးကို ငါ မိတ်ဆက်ပေးရဦးမယ်၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ပန်ရွယ်ဖူးတဲ့၊ ဒီနေ့ ထမင်းဝိုင်းရဲ့ လက်ရာရှင်ပေါ့၊ ပန်ရွယ်ဖူးက နယ်ကနေ ဒီမှာ အလုပ်လာလုပ်တာ၊ ဘယ့်နယ်လဲ နာမည်နဲ့ လူ လိုက်ရဲ့လားဆိုတာ''

''အို''

ရုတ်တရက် သူ ဒီလိုပြောမည်မထင်၍ ပန်ရွယ်ဖူးမျက်နှာ လေး ပန်းရောင်ရဲသွားရသည်။

ဧည့်သည်များရှေ့တွင် ဦးနိုင်ဆွတ်မိုးစကားကို ဘယ်လို ပြောလိုက်တာပါလိမ့်။

အားလုံး၏အကြည့်တွေက ပန်ရွယ်ဖူးထံ ရူးရူးလေးရောက် ရှိနေကြသည်။ သူတို့အားလုံး၏ စိတ်ထဲတွင် လူမမယ်နတ်တမျှ သိပ်လှသော ပန်ရွယ်ဖူး မိန်းမချောလေး၏ အလှတွေကိုသာ အံ့သြ သလို ငေးကြည့်နေလေ၏။

ပို၍အံ့သြသည်က တစ်သက်နှင့်တစ်ကိုယ် ဘယ်မိန်း ကလေးတစ်ဦးတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခြင်းမရှိသော သူသည် ခုတော့ဖြင့် သိပ်ကိုလှပလွန်းသော မိန်းမချောလေးကို ရင်းနှီးပတ်သက်ရုံမက ခုတော့ သူ့အိမ်ပေါ်ပင် ဆိုက်ဆိုက်





မြိုက်မြိုက် ရောက်ရှိနေသည့်အဖြစ်မို့ ပို၍ အံ့သြနေရသည်ဆိုလျှင် မမှား။

''ဒီလောက်လှတဲ့ မိန်းကလေးကို မင်း ဘယ်လိုများ ရှာထားတာလဲ နိုင်ဆွတ်မိုး၊ နာမည်လေးက လှရုံတင်မကဘူး၊ လူကလည်း နတ်သမီးလေးလို သိပ်လှတာပဲ၊ အင်း ဒီလောက်လှ တဲ့ မိန်းကလေး ပြင်ဆင်ထားတဲ့ ထမင်းပွဲဟာ နတ်ပြည်က အစား အစာတွေနဲ့မလဲ ကောင်းမယ်ဆိုတာတော့ သေချာနေပြီ''

''အို''

သူမကိုရှေ့ထားကာ ပြောင်ချီးကျူးနေသည့် ကိုရွှေဧည့် သည်စကားကြောင့် ပန်ရွယ်ဖူးမှာ ရှက်စိတ်တွေနှင့် မျက်နှာမဖော် ရဲပါတော့။

''မင်းလည်း မှတ်ထား ပန်ရွယ်ဖူး၊ ဒါ ကိုယ့်သူငယ် ချင်းတွေ၊ သူက ဘေဘီ၊ သူက ကျော်နောင်၊ ဒီတစ်ယောက်က ဆက်ပိုင်၊ အားလုံး ကိုယ့်လိုပဲ စီးပွားရေးသမားတွေ၊ လူလွတ်တွေ ပေါ့''

''နိုင်ဆွတ်မိုးကတော့ လုပ်ချလိုက်ပြန်ပြီ၊ ငါတို့က စီးပွား

www.burmeseclassic.com



ရေးသမား လူလွှတ်တွေဆိုတော့ လူလွှတ်ဖြစ်ရခြင်းအကြောင်းက ငါတို့က စီးပွားရေးရှာနေလို့ ဖြစ်ရသ ိုလို၊ နင့်စကားကြီးက မဟုတ်သေးပါဘူးဟယ်"

"ငါက အမှန်ပြောနေတာပဲ"

"နို့မဟုတ်လို့လား ဘေဘီ"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့"

"ကဲ ဘာမှ ဒါပေမဲ့လုပ်မနေနဲ့ ဒေါ်ဘေဘီ၊ စားစရာရှိတာ စားကြမယ်၊ လာ မင်းလည်း တစ်ခါတည်းဝင်စား ယန်ရွှယ်ဖူး"

"ရှင်"

"ဟို ကျွန်မ"

"ဒေါ်လေးခင် ကျွန်တော်တို့စားတော့မယ်"

ယန်ရွှယ်ဖူးစကားကို အရေးမထားသလို ဂရုမစိုက်ဟန်နှင့်ပင် နိုင်ဆွတ်မိုးက ထမင်းပွဲမှာ ဝင်ထိုင်လိုက်သည်။

အားလုံးလည်း မနေသာတော့။

ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် ယန်ရွှယ်ဖူးမှာ သူမနှင့် အနီးဆုံးခုံတွင်ရှိနေသော နိုင်ဆွတ်မိုး ယန်းကန်ထဲသို့



ဟင်းတစ်ဖွန်း ခပ်ထည့်ပေးလိုက်သည်။

နိုင်ဆွတ်မိုးမှာ သူမကို တစ်ချက်ကြည့်ကာ

"ကျေးဇူးပဲ"

ဟုဆိုလျက် ထမင်းစားလိုက်လေသည်။ ဒီနောက် သူ့သူငယ်ချင်းများကိုလည်း

"စားကြနော်၊ အလှမစားနဲ့ အဝစားကြ၊ ဒါမှ ချက်ပြုတ်ပြင်ဆင်ထားတဲ့သူတွေလည်း အမောပြေမှာ၊ ဟုတ်တယ်မဟုတ်လား၊ ယန်ရွှယ်ဖူး"

"ဟင်"

"ရှင်"

"ဟုတ်ကဲ့"

သူ့စကားကို ယန်ရွှယ်ဖူး အယောင်ယောင် အမှားမှားနှင့် ခေါင်းညိတ်ပြလိုက်သည်။

"စားမှာပါကွာ စိတ်ချပါ၊ ဒီလို နတ်သမီးလေးချက်ထားတဲ့ ထမင်းဟင်းကိုမှမစားရင် ငါတို့လောက်မိုက်မဲတဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိနိုင်ပါ့ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



ပန်ရွှယ်ဖူးမျက်နှာလေးကို ခပ်ရှုံးရှုံးလေးကြည့်ကာပြော လိုက်သည့် ဆက်ပိုင်စကားကြောင့် ကာယကံရှင်ဖြစ်တဲ့ ပန်ရွှယ်ဖူးမှာ မျက်နှာလေး ရဲပသွားရသလို နိုင်ဆွတ်မိုးမှာလည်း မျက်မှောင်ကြီးတွန့်လျက် မျက်နှာပျက်သွားရလေသည်။

ဆက်ပိုင်၏ အကြည့်တွေ ပန်ရွှယ်ဖူးအပေါ် မရိုးသားမှန်း နိုင်ဆွတ်မိုး သတိထားမိပါ၏။

သို၍လည်း သူ့ရင်ထဲ လိပ်ခဲတည်းလည်းကြီး ရှိနေရခြင်းဖြစ်သည်။

မိတ်ဆက်ပေးတာက သူကိုယ်တိုင်ဖြစ်ပေမယ့် ယခုလို သူမအပေါ် ဆက်ပိုင်အကြည့်များ လွန်ကဲနေသည့်အဖြစ်ကိုလည်း နိုင်ဆွတ်မိုးရင်ထဲ မကျေနပ်ပြန်။

ရင်ထဲက ခံစားမှုက အမျိုးအမည်ခွဲခြားရခက်စေရသည့် ဝေဒနာမျိုး။

ဟင်းတွေက အမျိုးအမည် စုံလင်လှသလို စားကောင်းလွန်းပေမယ့် သူ့ပါးစပ်ထဲမှာတော့ ခံတွင်းမတွေ့နိုင်။

သူ့ရင်ထဲ လိပ်ခဲတည်းလည်းနဲ့ ခံရခက်သည့် ဝေဒနာက





သူ့ကို အာရုံတွေ ရှုပ်ထွေးစေနေရသည်။

သိပ်လှသည့် ပန်ရွှယ်ဖူးနှင့် လိုက်ဖက်အောင် ဆက်ပိုင်ဆိုတာကလည်း ငွေဂုဏ်၊ အဆင့်အတန်းဆိုတာ ဘာတစ်ခုမှ ပြောစရာမလိုသည့်လူ။

ဒီလို အစစအရာရာ သူနှင့်တန်းတူနီးပါးလောက် ပြည့်စုံသူတစ်ယောက်ကို ပန်ရွှယ်ဖူးဆိုသည့် မိန်းကလေးကရော စိတ်မဝင်စားပဲ နေမည်တဲ့လားလေ။

ရင်ထဲက ဘာကိုမှန်းမသိ စိုးရိမ်လာရကာ လူကလည်း ဘာကြောင့်မှန်းမသိ နေမထိထိုင်မသာဖြစ်လာရသည်။

ပန်ရွှယ်ဖူးဆိုတာ သူ့အိမ်မှာလာနေသည့် မိန်းကလေးတစ်ယောက်အနေနဲ့ကလွဲပြီး သူနှင့် ဘယ်လိုမှ သက်ဆိုင်ခြင်းမရှိသည့်သူ။

လွတ်လပ်သည့် လူပျိုတစ်ယောက်။ ပျိုရွယ်သူ မိန်းကလေးတစ်ယောက်အပေါ် မည်သည့်စိတ်နှင့်မဆို ကြည့်နိုင်သည်ကို မေ့ထားလို့မရပါ။

နိုင်ဆွတ်မိုး သူ့ကိုယ်သူ ဘာတွေ စဉ်းစားလို့ စဉ်းစားနေ

www.burmeseclassic.com



မှန်းလည်း မသိတော့ပါ။

သူတို့နှစ်ယောက်ကို ယှဉ်တွဲကြည့်လိုက်တာနှင့် သူ့ရင်မှာ စပ်ဖျင်းဖျင်းဝေဒနာ ဘာကြောင့်ဖြစ်ရသည်လဲ။

စောစောက အချိန်ထိ စကားတွေပြောနေသော နိုင်ဆွတ်မိုးနှင့် ဆန့်ကျင်ဘက် နှုတ်ဆိတ်သွားရသော သူ့အဖြစ်ကို သတိမထားမိသည့် ဆက်ပိုင်ကတော့ ပန်းရွယ်ဖူးအပေါ် ရင်းရင်းနှီးနှီး စကားတွေဆိုနေလေသည်။

"ပန်းရွယ်ဖူးက နယ်ကဆို"

"ဟုတ်ကဲ့"

"ဒီမှာ အလုပ်လုပ်ရတာရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ် ဦးဆက်ပိုင်"

"ဘယ်လို ဦးဆက်ပိုင် ဟုတ်လား၊ ဟား ဟား၊ နိုင်ဆွတ်မိုး ကြည့်စမ်း၊ မင်းချာတိတ်မကတော့ ကိုယ့်ကို ဦးတပ်ခေါ်နေပြီကွ"

သူ့ကိုရှေ့မှ ဦးတပ်ခေါ်ရမလားဆိုကာ နိုင်ဆွတ်မိုးကို တိုင်တည်သလိုပြောလိုက်တော့ နိုင်ဆွတ်မိုးအကြည့်စူးစူးတွေက





သူ့ထံ တစ်ချက်ရောက်ရှိလာပြီးနောက်

"အဲဒါ သူ့မူပဲထင်တယ်၊ ကိုယ့်ကိုလည်း ဦးတပ်ခေါ်တာပဲ"

"ဟား ဟား ဟား၊ ဒါဆို ငါတို့က သမီးရဲ့ဦးတွေ ဖြစ်နေပြီပေါ့"

"အို"

"အဟွန်း ဟွန်း ဟွန်း"

ဆက်ပိုင်စကားကြောင့် ပန်းရွယ်ဖူးမျက်နှာလေး ရဲပသွားပေမယ့် သူကတော့ ဆက်ပိုင်စကားကို သဘောကျသလို နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လျက် ခပ်လွှန့်လွှန့်ရယ်လိုက်လေသည်။

ပန်းရွယ်ဖူးမှာသာ သူတို့နှစ်ဦးကြား အနေရခက်ခက်နှင့် မနေတတ်အောင် ဖြစ်နေရတော့သည်။

"ပန်းရွယ်ဖူး မင်းအိမ်မှာနေတာဆိုတော့ နောက်တစ်ခါ ငါလာရင် ပန်းရွယ်ဖူးတွေ့ဖို့ အဆင်ပြေသွားတယ်လို့ပြောတာပါ"

"မင်းက ဘာလာလုပ်မှာလဲ"

"ဟ ခါတိုင်းလည်း ငါ မင်းအိမ်မှာ ဒီလိုပဲ ဝင်ထွက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေတာ၊ ခုမှ မင်းက ဘာဖြစ်ရတာလဲ၊ ဘာလဲ ယန်းစံပယ်ရှိနေပြီဆိုတော့ အိမ်ရှင် ကြည်ကြည်ဖြူဖြူ မကြိုဆိုနိုင်တော့ဘူးပေါ့လေ"

"ဆက်ပိုင် မင်း"

ဆက်ပိုင်စကားကို နိုင်ဆွတ်မိုး ဒီထက်ပိုကာ မဆိုပါတော့။ သူ့မျက်နှာကြီးကတော့ တင်းမာနေရလေပြီ။

နိုင်ဆွတ်မိုးကြောင့် ယန်ရွှယ်ဖူး ကြားထဲကနေ ဆက်ပိုင်ကို အားနာရလေသည်။

ဆက်ပိုင်ကတော့ နိုင်ဆွတ်မိုး၏ ပြောင်းလဲမှုကို သတိထားမိသည်လား မထားမိသည်လား မသိပါ။ အပြုံးအပျက်ပါပဲ

"ကုမ္ပဏီကို ကိုယ် လာလည်လို့ရတယ်မဟုတ်လား ယန်ရွှယ်ဖူး"

"ရှင်"

"ဟုတ် ဟုတ်ကဲ့"

ပွင့်လင်းစွာပြောနေသည့် ဆက်ပိုင်စကားကြောင့် ယန်ရွှယ်ဖူး အခက်တွေ့တွေ့ကြီးနှင့်ပင် ခေါင်းညိတ်လိုက်ရသည်။





ဒါကိုပင် နိုင်ဆွတ်မိုးမှာ မကျေမနပ်ကြီးဖြစ်သွားကာ

"ဒီလောက် အလုပ်များတဲ့ မင်းက ကုမ္ပဏီကိုလာလည်ဖို့ အချိန်ပေးနိုင်မှာလား ဆက်ပိုင်"

"အဟွန်း ဟွန်း စိတ်ချ၊ ဒါတော့ ကိုယ် ဖြစ်အောင်လုပ်ရမှာပဲ သူငယ်ချင်း၊ အရင်က အလုပ်တွေ ဘယ်လောက်များများ ခုတော့ အဲဒီအလုပ်တွေ မိုင်နာဖြစ်သွားပြီ"

အဓိပ္ပါယ်တစ်မျိုးနှင့် ယန်ရွှယ်ဖူးမျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ကာပြောလိုက်သော ဆက်ပိုင်ကို နိုင်ဆွတ်မိုးမှာ သူစိမ်းတစ်ယောက်လို ခပ်စူးစူးကြည့်လိုက်သည်။

BURMESE CLASSIC .com

တစ်သက်လုံးပေါင်းလာသည့် သူငယ်ချင်းပေမယ့် ဒီတစ်ခါတော့ ဒီကောင့်ကို ကြည့်မရချင်အောင် ဖြစ်သွားရသည်။

ဒီကောင့်စကားတွေက ဘာကိုဦးတည်ပြောနေမှန်း နိုင်ဆွတ်မိုး သိနေရသည်ပဲလေ။

သိ၍လည်း သူ့ရင်မှာ အခံရခက်နေရခြင်းဖြစ်သည်။ ဒီကောင် ဘယ်ကိုခြေလှမ်း လှမ်းနေပြီမှန်း သူ ကောင်းကောင်း သိနေရပြီမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘောဂီနှင့် ကျော်နောင်ကတော့ သူတို့အဖြစ်တွေကို မသိသည်လား။ သိရက်နှင့်ပင် တမင် မသိဟန်ဆောင်နေသည်လား တော့မသိပါ။

အရယ်အပြုံးတွေနှင့် အစားအသောက်တွေလည်းမပျက်ပေ။ ဆက်ပိုင် နိုင်ဆွတ်မိုးနှင့် သူမတို့သာ အစားကိုလည်း ကောင်းကောင်းမစားနိုင်တော့ပဲ ရှိနေရတော့သည်။

သို့ပေမယ့် တစ်ယောက်နှင့်တစ်ယောက် ခံစားချက်ခြင်းတော့ မတူညီကြပါ။

နိုင်ဆွတ်မိုးရင်ထဲ ခံရခက်ခက် ဝေဒနာနှင့် ရှိနေရသလောက် ဆက်ပိုင်ကတော့ သိပ်လှသော နတ်မိမယ်အချောအလှလေးကြောင့် ရင်ခုန်စိတ်လှုပ်ရှားမှုတွေနှင့် ရှိနေရသည်။

သူတို့နှစ်ယောက်ကြား ပန်ရွယ်ဖူးကတော့ အနခက်ရခြင်းတွေနှင့်။ ဖြစ်နိုင်လျှင် ယခုပင် သူတို့ရှေ့ကနေ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားချင်ရပြီ။

ဒီကြားထဲ ဆက်ပိုင်မှာ အခြေအနေကို မသိစွာပဲ

"ပန်ရွယ်ဖူး .ရန်ကုန်အန့်တော့ ရောက်ဖူးပြီပေါ့နော်"





"ဟင့်အင်း ပန်ရွယ် မရောက်သေးပါဘူး ဦးဆက်ပိုင်"

"ဟောဗျာ"

"အဟွန်း ကိုယ်က မင်းရောက်ပြီးပြီမှတ်လို့၊ နိုင်ဆွတ်မိုး ဒါတော့ မင်း မကောင်းဘူးနဲ့တူတယ်၊ အနည်းဆုံး ပန်ရွယ်ဖူးကို မင်း ရန်ကုန်အန့်တော့ လိုက်ပို့သင့်တာပေါ့"

ပန်ရွယ်ဖူးကို ပြောနေရင်းမှ ဆက်ပိုင်သည် နိုင်ဆွတ်မိုးကိုပါ အပြစ်တင်သလိုဆိုလိုက်တော့ နဂိုကမှ အူနုကျွဲခတ်ဖြစ်နေရသော နိုင်ဆွတ်မိုးစိတ်မှာ ပို၍မလည်ကြီး ဖြစ်သွားရကာ မျက်နှာကြီး မှုန်တင်သွားရပြီး

"မင်းသိတဲ့အတိုင်း ငါမှမအားဘဲ"

"မင်းကွာ၊ မဟုတ်သေးပါဘူး၊ အလုပ် ဘယ်လောက်ပဲ များတယ်ပြောပြော အနည်းဆုံး အလုပ်က တစ်ရက်နှစ်ရက်တော့ နားပြီး နားတဲ့အချိန်မှာ ပန်ရွယ်ဖူးကို လိုက်ပို့သင့်ပါတယ်"

"ဆက်ပိုင် မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ အလုပ် မအားပါဘူးဆို၊ ဒီလောက်တောင် သူ့ကို ရောက်ဖူးစေချင်ရင် မင်းကိုယ်တိုင် သူ့ကို လိုက်ပို့လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါလည်း ခပ်ကောင်းကောင်းပဲ၊ မင်းပြောသလို ပန်းရွယ်ဖူးကို ငါကိုယ်တိုင် လိုက်ပို့သင့်ရင် ပို့ရမှာပဲ မောင်"

စကားသံခပ်ဆတ်ဆတ်ကြီးနှင့် အရွဲ့တိုက်ပြောလိုက်သည့် နိုင်ဆွတ်မိုးစကားကို ဆက်ပိုင်ကလည်း ပြန်၍ပြောလိုက်တော့ လူဖြောင့်စိတ်တိုသမားကြီး နိုင်ဆွတ်မိုးမှာ ပို၍ပင် စိတ်တိုသွားကာ

"မင်းမှာ အချိန်တွေ သိပ်ပိုနေမှတော့ ပို့ပေါ့ကွာ၊ ဒါ ငါ့ကို ပြောစရာမလိုပါဘူး"

တာဝန်မရှိသလိုပြောလိုက်သည့် နိုင်ဆွတ်မိုးစကားကြောင့် ပန်းရွယ်ဖူးမျက်နှာလေး ပျက်သွားရပြီး

"ဟုတ်ပါတယ် ကိုဆက်ပိုင်၊ ပန်းရွယ့်ကိစ္စ ဦးနိုင်ဆွတ်မိုးနဲ့မဆိုင်ပါဘူး၊ ပြီးတော့ ဦးနိုင်ဆွတ်မိုး မအားဘူးဆိုတာလည်း အမှန်ပါ၊ ဦးဆက်ပိုင် အားတဲ့နေ့ ပန်းရွယ်ဖူးကိုလာခေါ်လေ၊ ဦးဆက်ပိုင် လိုက်ပို့ရင်တော့ ပန်းရွယ် နေရာအနှံ့ရောက်မှာပေါ့"

သူ့စကားကို အပြုံးလုလုလေးနှင့် ပြန်၍ အရွဲ့တိုက်နေသော ပန်းရွယ်ဖူးကို နိုင်ဆွတ်မိုး စူးခနဲတစ်ချက်စိုက်ကြည့်လိုက်ပြီး နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ထားလိုက်သည်။

ပြောမည်ဆိုလျှင် ပန်းရွယ်ဖူးထံ ကျရောက်နေသော သူ့အကြည့်များသည် စကားပြောခြင်းထက် ပို၍ ထိရောက်နေရသည်ပဲ။

ပန်းရွယ်ဖူး ဆက်ပိုင်နှင့် စကားတွေ ဟန်မပျက်ဆိုနေရပေမယ့် စောစောကအထိ နိုင်ဆွတ်မိုးနှင့်သူ အဆင်ပြေသလိုရှိနေရာမှ ယခု မထင်မှတ်ပါဘဲ ချက်ချင်းလို တင်းမာသွားရသည့် အခြေအနေကြောင့် ကိုယ်စီ မာနတွေနှင့် တင်းမာသွားရသည်။

ထိုအခြေအနေနှင့်ပင် သူတို့နှစ်ဦး၏ ဆက်ဆံရေးများ ကိုယ်စီတင်းမာသွားကြပေမယ့် နိုင်ဆွတ်မိုးထံမှ စူးရှတောက်ပသည့် အကြည့်များကိုတော့ သူမ ရှောင်လွှဲလို့မရနိုင်ခဲ့ပါ။

မျက်ဝန်းညိုကြီးများဖြင့် စိုလက်စွာကြည့်တတ်သော သူ့အကြည့်များကို ပန်းရွယ်ဖူး တကယ်တော့မကြိုက်။

သူ့အကြည့်တွေက ပန်းရွယ်ဖူးအား စူးရှထိုးဖောက်မတတ် ရှိကာ သူ့အကြည့်များနှင့်ဆုံရတိုင်း သူမ အားအင်တွေ ကုန်ခမ်းသလို ရှိရသည်မဟုတ်ပါလား။




စိုး မိုး ၀၁၆၀
www.burmeseclassic.com

www.burmeseclassic.com



တွေ့စက မျက်နှာထားတည်တင်း ခက်ထန်လွန်းသည့် သူ့ကို ပန်ရွယ်ဖူးကိုယ်တိုင်က ကြည့်မရချင်ခဲ့ပါ။

တစ်စထက်တစ်စ စိုးမိုးနေရသော သူ့အကြည့်များကို တွေးလိုက်တိုင်းလည်း ပန်ရွယ်ဖူးအတွက် ခံစားမှုတွေက ဘယ်လို မှန်းမသိခဲ့ပါ။

တစ်ခါတစ်ခါတော့ ပန်ရွယ်ဖူး အလုပ်သာလုပ်နေရပါ သည်။ သူ့မစိတ်အတွေးထဲမှာတော့ နိုင်ဆွတ်မိုးအကြောင်းတွေက နေရာယူနေရ၏။

အို ငါ့စိတ်တွေ ဘာဖြစ်တာပါလိမ့်နော်။ သူနဲ့ပတ်သက်ပြီး ငါ ဘာတွေတွေးနေတာပါလိမ့်။

ကိုယ့်ကိုယ်ကို အားမလိုအားမရစွာ အတွေးများကို ဖယ် ထုတ်လိုက်ပြီးနောက် ပန်ရွယ်ဖူး အကြည့်များကို အခြားသို့ လွှဲလိုက်တော့

"ဟင်"

သူမ ဘယ်လိုမှ မမျှော်လင့်ထားသည့် ဆက်ပိုင်ကို တွေ့ လိုက်ရသဖြင့် ပန်ရွယ်ဖူး အံ့သြမှုတွေနှင့် မျက်နှာပျက်သွားရသည်။





ဦးဆက်ပိုင် သူ လာလိမ့်မည်လို့ သူမ မထင်ခဲ့ပါ။ ခုတော့ သူမမထင်ထားသည့် ဦးဆက်ပိုင်က သူမရှေ့ကို ဆိုက်ဆိုက်မြိုက် မြိုက် ရောက်ရှိခဲ့ရလေပြီ။

"ဦးဆက်ပိုင်"

"ဘယ်လိုလဲဗျ၊ ကိုယ့်ကိုမြင်လို့ အံ့သြနေတာလား"

"ရှင်"

"ဟိုလေ ရုတ်တရက်ကြီးဆိုတော့"

"အဟွန်း ဟွန်း ဟွန်း၊ အံ့သြသွားတယ်ဆိုပါတော့"

"အဟင်း ဟင်း"

သူ့စကားမှန်နေသဖြင့် ပန်ရွယ်ဖူး ရှက်ပြုံးလေးပြုံးမိသွား ရသည်။

"ဦးဆက်ပိုင် ဘယ်ကိုလာတာလဲ"

"သေပါတော့ဗျာ၊ ခင်ဗျားလေး စကားမေးပဲ မေးတတ် လွန်းတယ်၊ ခင်ဗျားရှေ့မှာ လူတစ်ယောက်လုံး ရောက်နေမှတော့ ကိုယ်လာတာ ပန်ရွယ့်ဆီကိုပေါ့"

"ဆောရီးပဲ ဦးဆက်ပိုင်ရယ်၊ ပန်ရွယ်လည်း ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မေးမိမှန်းမသိတော့ပါဘူး’’

အားနာလွန်းသဖြင့် ပန်ရွှယ်ဖူးမျက်နှာလေး ရဲပကာ တောင်းပန်စကားဆိုလိုက်မိသည်။

ဆက်ပိုင်ကတော့ အပြုံးနှင့်ပင် ကြွေရုပ်လေးလို သိပ်လှနေသည့် ပန်ရွှယ်ဖူးမျက်နှာလေးကို ငေးကြည့်နေလေသည်။

‘‘ပန်ရွှယ် အလုပ်အားရင် ကိုယ့်နဲ့အတူ ကော်ဖီလိုက်သောက်ပါလား’’

‘‘ဆောရီးပဲ ဦးဆက်ပိုင်၊ ပန်ရွှယ် ဦးဆက်ပိုင်နဲ့အတူ ကော်ဖီလိုက်သောက်ချင်ပေမယ့် အခုချိန်က ပန်ရွှယ် အလုပ်ချိန်ဆိုတော့’’

‘‘ကိုယ် နားလည်ပါပြီဗျာ၊ ဒီအတွက် ပန်ရွှယ် ကိုယ့်ကို အားနာစရာမလိုပါဘူး၊ ကိုယ်ကသာ ပန်ရွှယ်ကို အနှောင့်အယှက်ပေးမိတဲ့အတွက် အားနာရမှာပါ’’

‘‘အို မဟုတ်တာရှင်၊ ဦးဆက်ပိုင်ကို ဧည့်မခံနိုင်တဲ့ ပန်ရွှယ်ကသာ အားနာရမှာပါ’’

‘‘အဟွန်း ဟွန်း၊ ဒါဆို ကိုယ်တို့ချင်း ကျေပြီပေါ့’’





‘‘အဟင်း ဟင်း ဟင်း’’

ကိုယ်စီအပြုံးတွေနှင့် စကားတွေ ဖလှယ်မိကြသည်။ ဆက်ပိုင်မှာ သူမနှင့် စကားပြောရသည့်အဖြစ်ကိုပင် သူ့ရင်ထဲ ကြည်နူးရင်ဖိုခြင်းတွေနှင့် ပျော်ရွှင်ရသလိုလို။

သူ့ဘဝမှာ မိန်းမချောပေါင်းများစွာနှင့် တွေ့ဆုံခဲ့ရဖူးပေမယ့် ဒီမိန်းကလေးလို ကြည်နူးမှုမျိုးကိုတော့ သူ တစ်ခါမှ မရခဲ့ဖူးပါ။

အေးချမ်းသောအလှနှင့် ဒီမိန်းကလေးသည် သူ့ရင်ကို တွေ့စကတည်းက ငြိမ်းချမ်းမှုတွေ ပေးစွမ်းနိုင်သူလေးဖြစ်သည်။

ဒါကြောင့်လည်း သူမလေး၏ ပုံရိပ်က သူ့နှလုံးသားမှာ စွဲထင်နေရရုံမက လူက သူမရှေ့ကို ရောက်ရှိလာရသည့်အဖြစ်။

ဟင်း။

ဒီမိန်းကလေးနှင့်ပတ်သက်သည့် ရင်ထဲက ခံစားမှုတွေကို ဘူသာအသိဆုံးဖြစ်သည့် ဆက်ပိုင်သည် သက်မမောတစ်ချက်ကို ချလိုက်ရင်း သူမမျက်နှာလေးကို ငေးအကြည့်

‘‘ဦးဆက်ပိုင်သူငယ်ချင်းကိုကော ဦးဆက်ပိုင်မတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"နိုင်ဆွတ်မိုးကို ပြောတာလား"

"အင်း"

ပန်ရွှယ်ဖူး အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

"ဒီကောင်ကြီးက သူ့ကုမ္ပဏီကိုလာပြီး သူ့ကိုမတွေ့ရင် ကိုယ့်ကို စိတ်ဆိုးမှာသေချာတယ်"

"ဒါတော့ ဦးဆက်ပိုင်သူငယ်ချင်းအကြောင်း ဦးဆက်ပိုင် သိမှာပေါ့"

"သိလို့ ပန်ရွှယ်နဲ့ကိုယ် သေဖော်သေဖက် လာညှိနေတာ ပေါ့ဗျ"

"ကြည့်စမ်း ဦးဆက်ပိုင် တော်တော်ဆိုးတာပဲ၊ ပန်ရွှယ်ကို တမင်ချောက်ချတာပေါ့လေ ဟုတ်လား"

ဖူးစင်နေသည့် အလှတွေနှင့် ချစ်စဖွယ်လေးဆိုလိုက်သည့် ပန်ရွှယ်ဖူးစကားကြောင့် ဆက်ပိုင် နှစ်နှစ်ခြိုက်ခြိုက်ရယ်မောလိုက် လေသည်။

ထိုစဉ် သူတို့နှစ်ဦးအနားသို့ နိုင်ဆွတ်မိုးသည် ဘယ်အချိန်





က ရောက်ရှိလာသည်မသိဘဲ

"ဘာတွေ သဘောကျပြီး ရယ်နေကြတာလဲ"

"ဟင်"

"နိုင်ဆွတ်မိုး"

ပန်ရွှယ်ဖူးသာမက ဆက်ပိုင်ပါ အံ့သြသွားရလေသည်။ သူ ဘယ်အချိန်ကတည်းကများ သူမတို့အနား ရောက်နေတာပါ လိမ့်။

လိုတာထက်ပို၍ တည်တင်းခက်ထန်နေသော နိုင်ဆွတ် မိုးစကားကြောင့် ပန်ရွှယ်ဖူးမှာ မျက်နှာလေး သွေးမရှိတော့အောင် ဖြူဖျော့သွားရသည်။

သူ့မျက်နှာကိုကြည့်တာနှင့် သူ့ခံစားမှုတွေကို သူမ သိနေရ သလို။

နိုင်ဆွတ်မိုး အကြည့်တစ်ချက်သာ ပန်ရွှယ်ဖူးထံ ရောက်ရှိ ပြီးနောက် သူ့အကြည့်တွေက သူမထံ မရောက်ရှိတော့ပါ။

"မင်းဆီကို ငါ အခုပဲလာမလို့ နိုင်ဆွတ်မိုး၊ ဒီမှာ ပန်ရွှယ် ကို တွေ့လို့ နှုတ်ဆက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပိုင်စကားကို နိုင်ဆွတ်မိုးမှာ ဂရုမစိုက်ပါ။ မျက်နှာ တည်တည်ကြီးနှင့်သာ ရှိနေရင်း

"မင်းကြည့်ရတာ အချိန်တွေပိုနေတယ်နဲ့တူတယ်"

"ဟဲ ဟဲ အချိန်ပိုလို့ရယ်တော့ ဘယ်ဟုတ်ပါ့မလည်းကွ၊ ငါက မင်းကို သတိရလို့"

"တော်စမ်းပါကွာ၊ မင်းအကြောင်း ငါ မသိရင်ခက်မယ်၊ ငါ့ကုမ္ပဏီက အပျော်သဘောလာလည်ရမယ့် ကုမ္ပဏီမဟုတ်သလို အလုပ်လုပ်တဲ့သူတွေကလည်း အပျော်သဘောမျိုးလာတာမဟုတ်ဘူး"

"အို"

သူ့စကားတွေက သူမကို ရည်ရွယ်နေမှန်း ပန်ရွှယ်ဖူး သိလိုက်ပါ၏။

"မင်း ဒီကိုလာတာ ဘာလုပ်ဖို့လဲ ပန်ရွှယ်ဖူး"

"ရှင်"

"နိုင်ဆွတ်မိုး ပန်ရွှယ်ကို ငါ"

"မင်းကို ငါ မေးနေတာ မဟုတ်ဘူး ဆက်ပိုင်၊ မင်းလာ





ခဲ့"

"အို"

"အမေ့"

"ဟာ"

"နိုင်ဆွတ်မိုး"

နိုင်ဆွတ်မိုး ပေါက်ကွဲလေပြီ။

သူ့ကို လူတွေ ဘယ်လိုထင်ထင် သူ ဂရုမစိုက်နိုင်တော့ပါ။

တစ်ကိုယ်တည်း စိတ်ခံစားမှုတွေကြောင့် မျက်နှာကြီးနီမြန်းနေရကာ ပန်ရွှယ်ဖူးလက်လေးကို ရုတ်ခြည်းဆွဲကိုင်ကာ ခေါ်လာခဲ့လိုက်သည်။

သည့်နောက် ပန်ရွှယ်ဖူးကိုယ်လေးကို ကားထဲသို့ တွန်းတွန်းထိုးထိုးလေးထည့်လိုက်ပြီး ကားကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့လိုက်သည်။

ပန်ရွှယ်ဖူးမှာတော့ နိုင်ဆွတ်မိုး၏ လုပ်ရပ်များကို အံ့သြရသလို ထိတ်လန့်ဖြူဖျော့နေရသော မျက်နှာလေးနှင့် လိုက်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရင်ဝယ်တထိတ်ထိတ်နှင့် ရှိနေရတော့သည်။

သူ့မျက်နှာကြီးကို ကြည့်လိုက်တော့ ကြောက်ဖို့ကောင်းလောက်အောင် ခက်ထန်နေရသည်။

ပန်းရွယ်ဖူးမှာ သူမကို ဘာကြောင့် ခေါ်လာရမှန်းမသိသည်မို့ မျက်ဝန်းလေးပြူးကျယ်လျက် ထိတ်လန့်ရုံမှတစ်ပါး တခြားမတတ်နိုင်ခဲ့ပါသော်လည်း ထိတ်လန့်နေသည့်ကြားက ပန်းရွယ်ဖူးသည် အရဲကိုးကာ နိုင်ဆွတ်မိုးအား ကြည့်လိုက်ပြီး

"ပန်းရွယ်ကို ဘယ်ခေါ်လာတာလဲ"

သူမစကားကို သူသည် မကြားသလို မျက်နှာရှုတည်တည်ကြီးနှင့်သာ ကားကို မောင်းနေလေ၏။

"ဒီမှာရှင့် ပန်းရွယ် ရှင့်ကိုမေးနေတယ်လေ"

သည်တော့မှ ပန်းရွယ်ဖူးထံ သူ့အကြည့်တွေ ရောက်ရှိလာပြီး

"ဘယ်ခေါ်တယ်ဆိုတာ ရောက်တော့ မင်း သိမှာပေါ့"

"ဟင်"

သူ့စကားက ရင့်သီးလွန်းသည်မို့ ပန်းရွယ်ဖူး ရင်မှာ မခံ





ချင်စိတ်တွေနှင့် လှုပ်ခတ်သွားရသည်။

နိုင်ဆွတ်မိုး မောင်းလာသည့် ကားက ရန်ကုန်မြို့ပြင်တစ်နေရာသို့ ရောက်ရှိသည်နှင့် ကားကို ရပ်လိုက်သည်။

ပန်းရွယ်ဖူး ပတ်ဝန်းကျင်ကိုကြည့်ပြီး မျက်နှာလေးပျက်သွားကာ

"ရှင် ဒီနေရာကို ဘာကြောင့် ကျွန်မကို ခေါ်လာတာလဲ"

"မင်းနဲ့ ကျုပ် စကားပြောစရာရှိတယ်"

"ဒီလိုနေရာကို ခေါ်လာပြီး စကားပြောရအောင် ရှင်နဲ့ကျွန်မကြား စကားမရှိဘူးထင်ပါတယ်"

"ဒါက မင်းအထင်လေ၊ ကျုပ်ဘက်ကတော့ မင်းနဲ့ပတ်သက်ပြီး ပြောစရာတွေရှိတယ်"

ထိုစကားကို နိုင်ဆွတ်မိုးသည် စိတ်ထဲက မှန်စွာဆိုလိုက်ခြင်းဖြစ်သည်။

တကယ်လည်း သူ့ရင်ထဲမှာ ပန်းရွယ်ဖူးနှင့်ပတ်သက်ပြီး ပြောစရာစကားတွေ ရင်နှင့်အပြည့် ရှိနေရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောစမ်းပါ၊ မင်းနဲ့ဆက်ပိုင် အခြေအနေ ဘယ်အထိ ရောက်နေပြီလဲဆိုတာ"

"ဟင် ရှင် ဒါ ဘာစကားလဲ"

ပန်ရွှယ်ဖူးမှာ သူ့စကားကြောင့် ရင်မှာ ရှက်စိတ် မခံချင်စိတ်တွေနှင့် မျက်နှာလေး ရဲသွားရလေသည်။

"ကျုပ်မေးတာ ရှင်းပါတယ်၊ မင်းနဲ့ဆက်ပိုင်ရဲ့ ဆက်ဆံရေးအခြေအနေကို ကျုပ်သိချင်တယ်"

သူ့စကားတွေက တစ်ဖက်သား ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်နေသည်ဆိုတာရော သူကိုယ်သူ သိပါရဲ့လားမသိ။

ပိုင်စိုးပိုင်နင်းဆန်လွန်းသော သူ့စကားတွေကြောင့် ပန်ရွှယ်ဖူး ရင်ဝယ် မခံချင်စိတ်ဖြစ်ပေါ်လာရပြီး

"ဦးနိုင်ဆွတ်မိုး ရှင့်စကားကို ဆင်ခြင်ပြောပါ၊ ဦးဆက်ပိုင်နဲ့ ကျွန်မဆက်ဆံရေး ဘယ်လိုပဲရှိရှိ ရှင်နဲ့မဆိုင်ဘူးထင်ပါတယ်၊ ပြီးတော့ ရှင့်စကားတွေက တစ်ဖက်လူရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်စွက်လွန်းရာမကျဘူးလား"

"မင်း ဘယ်လိုထင်ထင် ကျုပ်က ဂရုစိုက်မှာမဟုတ်ဘူး





ကျုပ် သိချင်တာ မင်းနဲ့ဆက်ပိုင် ချစ်နေကြပြီလား"

"အို"

"ရှင် ရှင်"

နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်လိုက်မိသည်အထိ ပန်ရွှယ်ဖူး သူ့အား စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

သူ့စကားတွေက သူမရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်ရောက်စွက်ဖက်လွန်းနေသည်ကို သူကိုယ်တိုင်မှ သိပါရဲ့လား မသိပါ။

တစ်ဆိတ် ကျေးဇူးပြုပြီး ရှင် ပန်ရွှယ်ရဲ့ ကိုယ်ရေးကိုယ်တာထဲ ဝင်မစွက်ပါနဲ့လို့ ပြောလိုက်ချင်ပေမယ့် ထိုစိတ်ကို ပန်ရွှယ်ဖူး ပြန်၍ထိန်းချုပ်လိုက်ရသည်။

သိချင်၍မေးသူက မေးနေပေမယ့် ပန်ရွှယ်ဖူးမှာ ရှတ်ခြည်းအဖြေမရှိသလို ရှက်ဒေါသမျက်နှာလှလှလေးနှင့်သာ နှုတ်ခမ်းလေးဖိကိုက်လျက် လူက ငြိမ်သက်နေလိုက်သည်။

စိတ်ထဲမှာတော့ နိုင်ဆွတ်မိုးအား စကားတွေများစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်နေမိသည်။

ထို့အတူ ရင်ထဲတွင်လည်း ထိထိခိုက်ခိုက်ကြီး ခံစားနေမိသည်။

သူ့စကားတွေက သူမအား စော်ကားလွန်းနေရလေသည်။ တကယ်ဆို သူမ ဦးဆက်ပိုင်နှင့် စကားပြောမိသည်မှာ အပြစ်ကြီးကြီးမားမား လုပ်မိသည်မဟုတ်ပါ။

ဒါကို ဘာကြောင့် ဦးနိုင်ဆွတ်မိုးသည် သူမအပေါ် အပြစ်ကြီးကြီးမားမား လုပ်မိသူတစ်ယောက်လို ဘာကြောင့် အပြစ်ဖွဲ့နေရပါသည်လဲ။

ထိုအတွေးက ပန်ရွယ်ဖူးဘက်က အတွေးမျှသာဖြစ်ပေမယ့် နိုင်ဆွတ်မိုးမှာလည်း မပြေလည်ရသည့် ရင်ထဲက အတွေးဒေါသတွေနှင့် ပန်ရွယ်ဖူးနှင့် ဆက်ပိုင်အပေါ် ဒေါသယမ်းပုံကျနေရတော့သည်။

သူ့အပေါ် အပြုံးအရယ်မရှိ တည်တည်တင်းတင်းလေး ဆက်ဆံပြောဆိုတတ်သော သူမသည် ဆက်ပိုင်နှင့် ဆုံသည့်အခါမှာတော့ သူ့မျက်ဝန်းများကိုပင် သူ မယုံနိုင်အောင် အပြုံးလှလှလေး





နှင့် အလှဆုံးရှိနေရသည်ကလည်း မယုံနိုင်စရာပင်။

ပန်ရွယ်ဖူးနှင့် ဆက်ပိုင် ရယ်မောနေသည့်အဖြစ်ကို မျက်မြင်တွေ့လိုက်ရသည့် နိုင်ဆွတ်မိုး သူ့ရင်ထဲက ဘယ်လိုရှိသွားရသည်မသိပါ။

ထိုအဖြစ်ကိုပင် သူ့ရင်မှာ မခံစားနိုင်တော့သလို ရင်မှာ ပူလောင်မှုတွေနှင့် ခံရခက်ခက်ကြီးဖြစ်သွားရသည်။

ဆက်ပိုင်ဘေးတွင် သူမကို ခဏလေးယှဉ်တွဲတွေ့လိုက်ရုံနှင့်ပင် သူ့ရင်မှာ မခံစားနိုင်လောက်အောင် ဝေဒနာတွေ ဘာကြောင့်ဖြစ်သွားရပါသည်လဲ။

အဖြေကတော့ သူ့အတွက် ရှိနေသလို သေချာပါပြီ။

နိုင်ဆွတ်မိုး ပန်ရွယ်ဖူးကို ချစ်နေမိပြီဆိုတာ။ အဖြေတစ်ခုကို ရင်မှာ တိကျစွာ သိလိုက်ရပြီမို့ သူ့နှလုံးသားတွေ တုန်လှုပ်သွားရ၏။

တွေ့စတည်းက သူမနှင့်ပတ်သက်ကာ ရင်မှာဖြစ်တည်ခဲ့သော ခံစားချက်တွေကို နိုင်ဆွတ်မိုး သူ့ကိုယ်သူ ဘယ်လောက်ပဲ ဟန်ဆောင်ဖုံးကွယ်ထားပါစေ။ အချိန်ကာလလေးတစ်ခု ကြာလာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါမှာတော့ သူ့ကိုယ်သူ ဒီထက်ပို၍ ဆက်မညာချင်တော့။

ရင်မှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသည့် ခံစားမှုတွေနှင့် သူမကို သူ့ရင်မှာ နင့်နင့်သည်းသည်း ချစ်မိနေရပါပြီ။

ဒါကြောင့်သာ ဆက်ပိုင်နှင့်အတူ သူမကို ယှဉ်တွဲတွေ့လိုက်ရသည့်အခါ သူ့ရင်မှာ မခံမရပ်နိုင်အောင် နာကျင်ခံခက်စွာ ခံစားလိုက်ရခြင်းဖြစ်သည်။

ခုချိန်မှာတော့ သူ့ရင်ထဲ နာလိုခံခက် ဝန်တိုမှုတွေနှင့် ပူလောင်နေရသည်က သူ့နှလုံးသားမှလာသော ခံစားချက်များကြောင့် ဖြစ်သည်။

ထိုခံစားချက်များကြောင့်လည်း နိုင်ဆွတ်မိုးသည် ပန်ရွယ်ဖူး၏ လက်မောင်းလေးနှစ်ဖက်ကို သူ့လက်အစုံနှင့် ခပ်တင်းတင်း ဆုပ်ကိုင်ကာ သူသိလိုသည့် စကားတွေကို မေးနေလေ၏။

"မေးတာဖြေလေ ပန်ရွယ်၊ မင်းနဲ့ဆက်ပိုင် ချစ်နေကြပြီလားဆိုတာ"

ပန်ရွယ်ဖူး သူ့စကားတွေကို ဆက်ပြီး သည်းမခံနိုင်တော့ပါ။





ရင်မှာ မခံချင်စိတ်တွေနှင့် သူ့အပေါ် ပြန်၍အနိုင်ယူ အရွဲ့တိုက်ချင်လာရပြီမို့ မျက်နှာလှလှလေးကို ဆတ်ခနဲပင့်မော့လိုက်ပြီး…

"ရှင်ထင်သလိုပဲ ဦးနိုင်ဆွတ်မိုး၊ ဟုတ်တယ် ကျွန်မနဲ့ ဦးဆက်ပိုင် ချစ်နေကြပြီ"

"ဟင်"

"ဘာပြောတယ်၊ မင်း ဘာပြောတယ်"

"ဦးဆက်ပိုင်နဲ့ကျွန်မ ချစ်နေမိပြီ"

"ပန်ရွယ်"

"မင်း"

မျက်နှာလှလှလေးကို ပင့်မော့ကာ ပြောလိုက်သည့် သူမ ပုံစံက သူ့ရင်ကို နာကျင်သွားစေရုံမက သူမစကားတွေက သူ့နှလုံးသားကို ထုံကျင်အေးစက်သွားစေရသည်။

ပျက်ယွင်းသွားသော မျက်နှာကို နိုင်ဆွတ်မိုး မပြင်နိုင်ပါ။ သွေးမရှိတော့သလို ဆုတ်လျော့သွားရသော မျက်နှာ၊ အကြည့်ခံစားမှုတွေနှင့်ပင် မေးကြောကြီး ထောင်ကားလာသည့်အထိ အံကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကြိတ်လိုက်ပြီး…

"မချစ်ရဘူး၊ မင်း…မင်း ဆက်ပိုင်ကို မချစ်ရဘူး"

"ရှင် ကျွန်မကို ချုပ်ချယ်ဖို့ မကြိုးစားပါနဲ့ ဦးနိုင်ဆွတ်မိုး။ ကျွန်မ ကိုယ်ရေးကိုယ်တာကို ကျွန်မကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ပြီးတော့ ဒီကိစ္စ ရှင်နဲ့မဆိုင်ဘူးလို့လည်း ထင်ပါတယ်"

"မဆိုင်ဘူး ဟုတ်လား၊ နေပါဦး မင်းက ဘာကြောင့် ဒီစကားပြောရတာလဲ ပန်းရွှယ်ဖူး၊ မင်း မင်း ငါချစ်တာတွေကို မသိလို့လား"

"ရှင်"

"ချစ်တယ်၊ မင်းကိုငါချစ်တယ် ပန်းရွှယ်ဖူး"

"အို"

နိုင်ဆွတ်မိုး ချစ်စကားများကို ပါးစပ်ကတင် ပြောသည် မဟုတ်ပါ။ သူ့လက်အစုံကလည်း မွေ့မြအိထွေးသော ပန်းရွှယ်ဖူး၏ ကိုယ်လေးကို ခပ်တင်းတင်းလေး ပွေ့ဖက်ကာ သူမကိုယ်လေးကို သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ထွေးပွေ့ဖျစ်ညှစ်ထားလိုက်တော့သည်။





"အမေ့"

"ဟင့်အင်း…လွှတ်…လွှတ်ပါ"

"မလွှတ်ဘူး၊ ကိုယ် ပန်းရွှယ့်ကိုချစ်တယ်၊ သိပ်ချစ်တယ်"

ဘာကိုမှ မသိတော့သည့် အချစ်ရူးကြီးတစ်ယောက်လို ချစ်စကားတွေသာ တွင်တွင်ဆိုလျက် နိုင်ဆွတ်မိုးသည် ပန်းရွှယ်ဖူး ကိုယ်လေးနှင့် ရင်ချင်းကပ် ဆွဲအပ်ထားရင်း အနမ်းတွေကလည်း သူမတစ်ကိုယ်လုံးအနှံ့သို့ ခပ်ကြမ်းကြမ်းလေး ကျရောက်နေရတော့သည်။

တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ အတွေ့အကြုံ မရှိခဲ့ဘူးသည့် ပန်းရွှယ်ဖူးမှာလည်း ချစ်ပါသည်ဆိုကာ ချစ်စကားတွေ တွင်တွင်ဆိုလျက် ချစ်အနမ်းတွေ ဖွတ်ကြီးပေးနေသူကို သူမ အနေနှင့် ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်ဘဲ သူ့အနမ်းများအောက်မှာသာ လူက လှုပ်မရ၊ ပြုမရနှင့် မှိန်းကြပ်နေရသည်။

"ဆက်ပိုင်ကို မင်း မချစ်ရဘူး ပန်းရွှယ်၊ အို…ဆက်ပိုင်မှမဟုတ်ဘူး မင်း ငါကလွဲပြီး ဘယ်ယောကျ်ားတစ်ယောက်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မချစ်ရဘူး၊ ဒီအဖြစ်ကို ငါ ဘယ်လိုမှ ခွင့်မပြုနိုင်ဘူး၊ မင်းဟာ ငါ့နှလုံးသားထဲက မိန်းကလေး၊ မင်း ငါ့ဘဝထဲမှာပဲရှိရမယ်၊ မင်း ငါ့ကိုချစ်ရမယ် ပန်ရွှယ်၊ ငါ ငါ မင်းကိုသိပ်ချစ်တယ်"

စူးရှစိုလက်နေရသော ချစ်မျက်ဝန်း စူးစူးတောက်တောက်တွေနှင့် မျက်ဝန်းအကြည့်တွေကို ပန်ရွှယ်ဖူးမှာ ရင်ဆိုင်ကြည့်ဖို့ရှာ အင်အားမရှိသလို လူက တုန့်တုန့်ရီရီနှင့် ရှက်ကြောက်မှုတွေကသာ ရင်မှာ ပိုနေရသည့်အဖြစ်။

သူ့ရင်ခွင်ထဲက ရုန်းထွက်ပေမယ့် မရနိုင်အောင် တုပ်နှောင်လွှန်းသည့် သူ့လက်များအတွင်းက ပန်ရွှယ်ဖူးမှာ ရုန်းထွက်လို့မရအောင် ရှိနေရ၏။

ဒီလူတော့ တော်တော်လွန်လွန်းနေရပြီ။ မိန်းကလေးတစ်ယောက်ကို ချစ်စကားပြောတာ ဒီလိုပုံစံနှင့် ပြောရသည်တဲ့လား။

သူမရင့်ထဲက အချစ်တွေကို မြင်အောင်ကြည့်ဖို့ထက် သူ့အချစ်တွေကိုသာ ဖွတ်တိုးပေးနေသည့် သူ့လိုလူတစ်ယောက်ကို သူမရင်ထဲက အချစ်သည် ဖြစ်ပေါ်လာမည်တဲ့လား။





မထင်ပါ။

အချစ်သည် နူးညံ့သိမ်မွေ့သည်လို့ပဲ သူမ ကြားဖူးပါသည်။

ခုတော့ သူပေးသည့်အချစ်က ကြမ်းတမ်းရှတမှုတွေနှင့် ရင်မှာ နူးညံ့မှုတွေ ကင်းဝေးနေရသည့်အချစ်။

ဒီလိုအချစ်မျိုးတော့ သူမ မလိုချင်ပါ။ သူမ လိုလားတာ နူးညံ့သိမ်မွေ့သော နက်နဲသည့် ချစ်ခြင်းမေတ္တာ။

အို…မုန်းစရာကောင်းလိုက်တာ။ သူ ဘာကြောင့် သူ့ကို ဒီလိုကြမ်းရှသည့် အချစ်မျိုးကို ပေးရတာပါလိမ့်။

တဆစ်ဆစ်နာကျင်နေသည့် နှလုံးသားခံစားမှုတွေနှင့် ပန်ရွှယ်ဖူးမျက်ဝန်းထဲ မျက်ရည်ကြည်များ ပြည့်လျှံလာရသည်။

ရင်ထဲမှာတော့ ဝမ်းနည်းနာကျင်နေရ၏။

သူမမျက်နှာလေးထက် အုပ်မိုးပူးကပ်ကျရောက်လာသော သူ့မျက်နှာကြီးကို ဖယ်ရှားလိုက်ပေမယ့် သူမအင်အားက သူ့ကိုတော့ မတွန်းလှန်နိုင်ပါ။

သိပ်သိပ်သည်းသည်း ကျရောက်နေသည့် သူ့အနမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူမထံ အဆက်မပြတ် ရောက်ရှိနေရသည်။

"လွှတ်"

"အို"

"အဟွန်း...ပန်ရွှယ်ရယ်"

"အို...ရှင်"

ပန်းသွေးနီနီရဲနေသည့် ပန်ရွှယ်ဖူး၏ ရှက်အားပိုနေသည့် မျက်နှာလေးကို အပြုံးနှင့် စိုက်ကြည့်ရင်းက ခပ်လွှန့်လွှန့်ရယ်လိုက်သော နိုင်ဆွတ်မိုးကြောင့် ပန်ရွှယ်ဖူး မျက်နှာလေးရဲကာ ရှက်သွားရခြင်းဖြစ်သည်။

သူ့ရယ်သံကြောင့် ပန်ရွှယ်ဖူး ပို၍ရှက်သွားရကာ...

"ဦးနိုင်ဆွတ်မိုး...ရှင်...ရှင် လွှတ်နော်၊ ဘာရယ်တာလဲ"

"ပန်ရွှယ်ကို မောင်ချစ်တယ်"

"အို"

"ရှင် ဘာတွေပြောနေတာလဲ"

"ပန်ရွှယ်ကို မောင် ချစ်တဲ့အကြောင်းလေ"





"ရှင်...ရှင်နော်၊ ဘာတွေပြောနေတာလဲ"

"ဟော်...မောင်ပြောနေတာ ပန်ရွှယ်ကို ချစ်တဲ့အကြောင်းပါဆို"

"အို...မပြောနဲ့၊ ရှင် ရှင် ကျွန်မမှာ ချစ်သူရှိမှန်းသိရက်နဲ့"

"တော်စမ်း...မင်းမပြောနဲ့ ဒီစကား မောင် မကြားချင်ဘူး၊ ဒီမှာ မင်းကို မောင် တစ်ခါတည်းပြောလိုက်မယ်၊ မင်းမှာ ရည်းစားရှိရှိ မရှိရှိ မောင် ဂရုမစိုက်ဘူး၊ ဒီစကားကြောင့်လည်း မောင့်အချစ်တွေ နောက်ဆုတ်သွားလိမ့်မယ်လို့ မင်းမထင်နဲ့၊ မောင် မင်းဆီက အချစ်ကို ရအောင်ယူဖို့ ဆုံးဖြတ်ပြီးပြီ"

"ဟင်"

အံကို တင်းတင်းကြိတ်ကာ ပြောနေသည့် သူ့ပုံစံက တစ်စုံတစ်ရာ ဆုံးဖြတ်ချက်အတွက် နောက်မဆုတ်တော့မည့်ပုံစံ။

ပန်ရွှယ်ဖူး နှုတ်ခမ်းလေးဖွင့်ဟကာ သူ့အား ခပ်ငေးငေးလေးကြည့်နေမိ၏။ သူ သူမကို ချစ်တဲ့အကြောင်း တကယ်ပဲ ပြောနေသည်လား။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်တွေကတော့ မယုံနိုင်စရာပင်ဖြစ်သည်။ သူမနှင့် စတွေ့ကတည်းက ရှုတည်တည်မျက်နှာနှင့် လူကိုမကြည့်သလို ဆက်ဆံခဲ့သော သူသည် သူမကို ချစ်နေပါသည်ဆိုတာကတော့ အံ့ဩမှုတွေနှင့် မယုံနိုင်စရာပင်ဖြစ်နေရသည်။

လက်ရှိအခြေအနေက သူမအတွက် ယုံရခက်နေရသလို လူကလည်း သူ့အပွေ့အဖက်များကြားမှာ ရင်တဖိုဖိုနှင့် လိုက်ဖိုနေရသည်။

လေးလေးနက်နက် ပြောနေသည့် သူ့စကားတွေကို သူမ ယုံမည်တဲ့လား။

ပန်ရွှယ်ဖူး နားရှိလို့သာ ကြားရပါသည်။ သူ့စကားတွေအတွက် သူမမှာ ယုံနိုင်ဖွယ်ရာမရှိပါ။

သူမအတွက် သူနှင့်ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ စဉ်းစားခဲ့ဖူးခြင်းမရှိသည့် အခြေအနေ။

သူမ သိသလောက်တော့ ဦးနိုင်ဆွတ်မိုးဆိုတာ ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်းမရှိသည့် လူတစ်ယောက်။





အချစ်ဆိုတာကို နားမလည်ပါဟု ထင်ခဲ့ရသော သူ့လို လူတစ်ယောက်က ခုတော့ဖြင့် မယုံနိုင်စရာ သူမကို ချစ်နေပါသည် တဲ့လား။

အင်း…ကြည့်ရတာတော့ ဒီလူ သူမလို ချာတိတ်မ တစ်ယောက်၏စိတ်ကို စမ်းသပ်နေသည်ပဲလား။

နလုံးသားနုနုနှင့် မိန်းကလေးတစ်ယောက်ကို ငါယောကျ်ားပဲဆိုသည့်သဘောနှင့် စမ်းသပ်နေတာဆိုရင်တော့ ဒီလူ မှားပါလိမ့်မည်။

ပန်ရွှယ်ဖူးဆိုတာ သူ့လိုယောကျ်ားတစ်ယောက် အစမ်းသပ်ခံမည့် မိန်းကလေးမဟုတ်ဆိုတာ သူ ဘာကြောင့် မေ့တွက်မိတာပါလိမ့်။

ရင်ထဲတွင် မခံချင်စိတ်၊ ရှက်ဒေါသစိတ်တွေနှင့် သူမကို ဒီလိုပြုမူဆက်ဆံရပါ့မလားဆိုသော ဒေါသစိတ်တွေနှင့် သူမကိုယ်လေးကို နိုင်ဆွတ်မိုးရင်ခွင်ထဲမှ ခပ်ကြမ်းကြမ်း ရုန်းထွက်ပစ်လိုက်သည်။

"လွှတ်…လွှတ်၊ ရှင် ကျွန်မကို အခုလွှတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မရုန်းစမ်းနဲ့"

"ရှင် လွှတ်ဆို"

ဒေါသမျက်နှာနှင့် ခက်ထန်စွာဆိုလိုက်သော ပန်ရွယ်ဖူး စကားအဆုံး နိုင်ဆွတ်မိုးမှာ သူမခါးလေးကို ခပ်တင်းတင်းဖျစ်ညှစ်လိုက်ပြီး…

"မင်း…မောင့်ကိုချစ်လား ပန်ရွယ်"

"မချစ်ဘူး၊ မချစ်ဘူး၊ ဖယ် လွှတ် ရှင် ကျွန်မကို လွှတ်ပါ"

မျက်ရည်တွေ ပါးပြင်ပေါ် ဗိုးဗိုးပေါက်ပေါက်ကျလာရုံမက သူမလက်လေးနှစ်ဖက်ကလည်း နိုင်ဆွတ်မိုးကိုယ်ကြီးကို ကလေးတစ်ယောက်လို ငိုရင်းရှိုက်ရင်း ရိုက်ထုနေမိတော့သည်။

လက်သီးဆုပ်လေးများ နာကျင်လာရပေမယ့် နိုင်ဆွတ်မိုးကတော့ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ပေးမလွှတ်ပါ။

အံကြိတ်၍သာ အထုအရိုက်ခံရင်း ပန်ရွယ်ဖူးကိုယ်လေးကို ထွေးပွေ့ထားလေသည်။

သည်နောက် သူ့ရင်ခွင်ထဲမှ အဆက်မပြတ် ရုန်းထွက်နေ





သည့် ပန်ရွယ်ဖူးကိုယ်လေးကို သူ့ပို၍ ခပ်တင်းတင်းပွေ့ဖက်ထားလိုက်ပြီး သူ့အား ရန်တွေ့စကားတွေဆိုနေသည့် သူမနှုတ်ခမ်းဖူးဖူးလေးကို သူ့နှုတ်ခမ်းအစုံဖြင့် ခပ်ကြမ်းကြမ်းပိတ်ပစ်လိုက်သည်။

အို။

မွန်းကြပ်ကာ ပူနွေးသွားရသည့် အတွေ့အထိကပင် သူမတစ်ကိုယ်လုံးအား ဓာတ်လိုက်ခံလိုက်ရသလို လူက မူးမူးမေ့မေ့ဖြစ်သွားရသည်။

ရင်တွေခုန်တာကတော့ ဘာခုန်သလဲမမေးနှင့်။ တကယ့်ကို ကသောင်းကနင်းဖြစ်နေရပြီ။

မိုက်ခနဲဖြစ်သွားရသည့် အသိစိတ်တို့ကို ပြန်လည်ထိန်းယူရင်း အသိနှင့်ကိုယ် ပြန်ကပ်ကာ လက်ရှိအခြေအနေမှ ရုန်းထွက်ရန် ပန်ရွယ်ဖူး ကြိုးစားလိုက်၏။

ခုချိန်မှာ သူမအတွက် အကောင်းဆုံးအခွင့်အရေးက သူ့ရင်ခွင်ထဲက လွတ်မြောက်ရန်ပင်။

ချစ်စကားတွေ ဆိုနေပေမယ့် အချစ်အကြောင်း ဘာမှ သိနားမလည်သည့် လူတစ်ယောက်ရင်ခွင်ထဲ သူမ တစ်စက္ကန့်မှ



www.burmeseclassic.com

www.burmeseclassic.com



မနေလိုပါ။

"ပန်ရွယ်"

"ရှင်…ကျွန်မကိုမခေါ်နဲ့"

"မောင် ပြောပါရစေဦး ပန်ရွယ်"

"ဟင့်အင်း…ကျွန်မ ရှင့်စကားတွေ မကြားချင်ဘူး"

"ပန်ရွယ်…မင်း မောင်ချစ်တာကို မယုံတာလား"

"ဟုတ်တယ်၊ ကျွန်မ ရှင့်ကိုမယုံဘူး၊ ကျွန်မကို လွှတ်ပါ၊ ကျွန်မ ကျွန်မ ရှင့်ကိုမုန်းတယ်"

"ပန်ရွယ်"

"အဟင့်…ဟင့်…ဟင့် ခုလိုအနိုင်ကျင့်တာမျိုး ကျွန်မ မုန်းတယ်၊ လွှတ်…အဟင့်..အဟင့်…ဟင့်"

မုန်းစကားတွေဆိုကာ သူ့ရင်ခွင်ထဲက ရုန်းထွက်နေသူလေးကိုကြည့်ပြီး ရင်နာရသူက နိုင်ဆွတ်မိုး။

သူ့အချစ်တွေကို သူမ တုံ့ပြန်လိုက်ပုံက ဒီလိုတဲ့လား။ ပန်ရွယ်ရယ်။

ရင်မှ လှိုက်ဖြာလာသော ချစ်ခြင်း၏ခေါ်သံကြောင့် နိုင်ဆွတ်မိုးအသံသည် အက်ကွဲနေရပါသည်။

ချစ်မိသူ၏ တုံ့ပြန်မှုက သူ့အတွက် ခါးသီးနာကြည်းဖွယ်ရာ။ ဘယ်ဘ၀ ကံပါလိမ့်။

သူ ဘာကြောင့် ချစ်သူ၏ ထင်မြင်လွဲမှားခြင်းကို ခံရပါသည်လဲ။

သူ မျှော်လင့်သည်က ချစ်သူထံမှ ကြည်ဖြူစွာ တုံ့ပြန်လာမည့်အချစ်။ ယခု သူ လက်ခံရရှိသည်က ချစ်သူထံမှ နာကြည်းဖွယ်ရာ အမုန်း။

"ဒါ…မောင့်အလွန်လား ပန်ရွယ်၊ ပန်ရွယ်ကို မောင်ချစ်မိတာ မောင့်အပြစ်လား၊ ပြောပါ ပန်ရွယ်၊ မောင် မင်းကိုချစ်မိတာ အပြစ်လားဆိုတာ"

"ကျွန်မ ရှင့်ကိုမချစ်ဘူး"

"ဒါ အဖြေမဟုတ်ဘူး"

"ကျွန်မအတွက်တော့ ဒါ အဖြေပဲ"

"ဒါပေမယ့် မောင် မင်းကိုချစ်တယ်လေ"

"မကြားချင်ဘူး၊ ကျေးဇူးပြုပြီး ရှင့်ဆီက ချစ်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို ကျွန်မ မကြားပါရစေနဲ့၊ လူတစ်ယောက်ကို အတင်းချုပ်နှောင်ပြီး ချစ်ပါတယ်လို့ပြောတဲ့စကားဟာ သူ့အတွက်ကို သူကြည့်ပြီး ပြောတဲ့စကားတွေ ဖြစ်မနေဘူးလား''

''မဟုတ်ဘူး ပန်ရွယ်၊ မင်းထင်သလိုမဟုတ်ဘူး၊ မောင်မောင်''

''ကျွန်မကို သွားခွင့်ပြုပါတော့''

အေးစက်နေသည့် သူမစကားသံက သူ့နှလုံးသားကိုပါ အေးစက်သွားရစေသည်။

သူ့အချစ်တွေကို သူမကို ဖွင့်ပြောလိုက်မိတာ မှားသွားပြီလား။ ဆက်ပိုင်နှင့် သူမကို တူယှဉ်တွဲတွေ့လိုက်ရ၍ ပူလောင်သွားရသည့် ဝန်တိုမှုတွေနှင့်က ခုတော့ သူ့အချစ်များကိုပါ အထင်မြင်လွဲမှားမှုတွေ ဖြစ်သွားစေရလေပြီ။

သူမကို သူ့နှလုံးသားက ဘယ်လောက်ပဲ နင့်သည်းစွာချစ်နေပါစေ ဒီလိုအထင်အမြင်မှားသည့် နားလည်မှုလွဲသည့် အချစ်မျိုးကိုတော့ နိုင်ဆွတ်မိုးကိုယ်တိုင်လည်း မရယူချင်။

သူမထံက သူ မျှော်လင့်တောင့်တသည်ကလည်း ဒီလို





အချစ်မျိုးမဟုတ်ပါ။

လိုက်ဖိုဆူနွေးလာရသော ခံစားမှုတွေကို ထိန်းချုပ်ရင်း နိုင်ဆွတ်မိုး သူ့ရင်ခွင်ထဲက သူမကိုယ်လေးကို ဖြေလွှတ်ပေးလိုက်သည်။

သူ့ရင်ခွင်ထဲက ပွတ်သွားသည်နှင့် ပန်ရွယ်ဖူးသည်လည်း သူ့အား တစ်ချက်မှ လှည့်မကြည့်တော့ပါ။

လွင့်ထင်ကျန်ရစ်သည့် မျက်ရည်တွေနှင့် သူ့အနားမှ အပြေးလေးထွက်သွားရပြီမဟုတ်ပါလား။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကိုယ့်ကို မလိုလားမနှစ်သက်ဘူးဆိုတာကို သိနေပေမယ့် သူ့စိတ် သူ့အတွေးထဲကနေ ဘယ်လိုမှ နှင်ထုတ်လို့မရနိုင်အောင် စွဲနေရသည်က နိုင်ဆွတ်မိုးသာဖြစ်သည်။

ပန်းရွယ်ဖူးနှင့် ပတ်သက်ကာ နိုင်ဆွတ်မိုး သူ့ကိုယ်သူ ဘယ်လိုပဲ ဆင်ခြင်သတိထားနေပါသော်လည်း သူ့နှလုံးသားကို တော့ ထိန်းချုပ်လို့မရနိုင်ခဲ့။

သူ့ကိုတွေ့တိုင်း မျက်နှာထားတင်းတင်းလေးနှင့် ဆက်ဆံ ရေး ပြောင်းလဲသွားတတ်သော ချစ်သူကြောင့် သူ ရင်နာခဲ့ရသည့် အဖြစ်များလည်း မနည်းတော့ပါ။

ဟန်ဆောင်လို့မရနိုင်အောင် လွတ်ထွက်သွားရသည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အချစ်တွေအတွက် သူမလေး သူ့အပေါ် စိတ်ဆိုးနာကျင်နေမည်ကိုလည်း သူသိပါသည်။

ဒါကိုပင် သူမလေးသည် သူ့အား နာကျင်နေပုံရ၏။ အမုန်းမျက်ဝန်းစိမ်းစိမ်းလေးတွေနှင့် ကြည့်တတ်သည့် သူမအကြည့်တွေက သူ့နှလုံးသားကို ထွင်းဖောက်သွားစေရ၏။

သူ့နှလုံးသားကို သူ ထိန်းချုပ်ကာ ဘယ်လိုပဲ သူမကို သူ ကြိုးစားရှောင်လွှဲပါစေ ရှောင်လွှဲ၍မရသည့်အခါများမှာတော့ သူ့နှလုံးသားကို မဆန့်ကျင်နိုင်အောင် ရှိရသည်။

ဒီရက်တွေမှာ သူမကိုယ်တိုင်ကလည်း သူနှင့်မဆုံတွေ့ရအောင် ရှောင်နေပါ၏။ ဒါကို နိုင်ဆွတ်မိုးကိုယ်တိုင်လည်း သတိထားမိတော့ ရင်မှာ အခံရခက်စွာ မချင့်မရဲဖြစ်ရလေသည်။

သူ့အပေါ် နားလည်မှုလွဲကာ ရှောင်ဖယ်နေသည့် သူမကို နိုင်ဆွတ်မိုး ဘယ်လိုချဉ်းကပ်ရမှန်းလည်း မစဉ်းစားတတ်တော့။

ချစ်တဲ့စိတ်တစ်ခုနှင့် ပေါက်ကွဲမိတဲ့ သူ့အချစ်တွေကို သူမလေး ကောင်းကောင်း အထင်အမြင်လွဲသွားပြီးသည့်နောက် သူ နောင်တတွေနှင့် ကျန်ခဲ့ပေမယ့် သူမကိုချစ်သည့် သူ့အချစ်တွေကိုတော့ သူနောက်ဆုတ်ဖို့ မကြိုးစားမိခဲ့ပါ။



သူ ပန်းရွယ်ဖူးကို ချစ်မိသည်က နှစ်နှစ်ကာကာ မြတ်နိုးနှင့်သည်းစွာ ချစ်မိရသည်ပဲလေ။

အချစ်ဆိုတာကို ကိုယ်တွေ့ကြုံခဲ့ရပြီဖြစ်တဲ့ သူ့အတွက် အချစ်ကြောင့် ခံစားရသည့် ဝေဒနာတွေကိုလည်း သူ ကြုံတွေ့ခဲ့ရပြီဖြစ်သည်။

သူ့ဘဝတစ်သက်တာမှာ မိန်းကလေးတစ်ယောက်အပေါ် ဒီလောက်ထိ နှင့်နှင့်သည်းသည်း ချစ်မိသွားလိမ့်မည်လို့ နိုင်ဆွတ်မိုး သူ့ကိုယ်သူ မထင်ထားခဲ့။

သူများတွေ အချစ်ကြောင့် ခံစားရသည်ဆိုတုန်းက သူ လက်မခံဘဲ ရယ်မောမိသည့်အဖြစ်က ခုတော့ ကိုယ်တွေ့ကြုံခဲ့ရပြီဖြစ်သည်။

ချစ်စဖွယ် ဟန်ပန်အမူအရာလေးများနှင့် သူ့ရင်ထဲ တစ်စစီ ဘိုးဝင်နေရာယူခဲ့သော အဖြစ်ကိုလည်း သူ မအံ့သြချင်တော့။

အချစ်သည် လျှို့ဝှက်မှုတွေနှင့် နှလုံးသားတံခါးကို ခေါက်ပါဘဲ သူ့အလိုလို ရောက်ရှိလာတတ်မှန်း သူနားလည်ခဲ့





www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။

အချစ်၏ ခံစားမှု၊ နာကြည်းခါးသီးမှုတွေသည် သူ့အတွက် အစပျိုး ဝင်ရောက်ခဲ့ပြီမှန်းလည်း သူ့ကိုယ်သူ သိပါသည်။

ထိုဝေဒနာခံစားမှုတွေကို သူ့အနေနှင့် အချိန်မီ တားဆီးဖို့ လည်း သူ မကြိုးစားမိခဲ့။

ယခုပင်ကြည့် ချစ်သူကို သူ့အနေနှင့် မြင်ခွင့်၊ တွေ့ခွင့် ရပေမယ့် ယုယကြင်နာ ချစ်စကားဆိုခွင့် မရသည့် အဖြစ်လော သူ့ရင်မှာ မချင့်မရဲဖြစ်ရသည့်ကလည်း မရှိ။

ဒီစိတ်တွေကြောင့်လည်း ခုတလော သူ့မှာ စိတ်နှင့်ကိုယ် ကပ်သည်ရယ်လို့ မရှိပါ။ သူ့အတွေး စိတ်အာရုံတွေက အမြဲ ပြည့် သူမထံသာ ရောက်ရှိနေရသည်ပဲ။

အချိန် နေ့ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ပြောင်း သွားရသည်။ သူမနှင့် သူ၏ဆက်ဆံရေး အခြေအနေကတော့ တိုးတက်မှု မရှိခဲ့ပါ။

နိုင်ဆွတ်မိုး ဒီအခြေအနေကိုပင် ရင်မှာ ဆက်လက်သည် မခံနိုင်တော့အောင် ရှိလာရသည်။





"ဟင်း"

ခက်လိုက်တာ။

မြင်ပါ၊ တွေ့နေပါရက်နှင့် အရိပ်တကြည့်ကြည့်နှင့်သာ ရှိခွင့်ရသည့်အဖြစ်တွေအတွက် ကိုယ့်အဖြစ်ကို ကိုယ် အားမလို အားမရစွာ နိုင်ဆွတ်မိုးစိတ်မှာ မချင့်မရဲကြီး ညည်းညူလိုက်မိ သည်။

"ဘာတွေခက်နေတာလဲ နိုင်ဆွတ်မိုး"

စကားသံကြောင့် နိုင်ဆွတ်မိုး အကြည့်တွေက အခန်းဝဆီ ရောက်သွားတော့ သူ့ထံ ပြုံးပြုံးကြီးလျှောက်လာနေသည့် မြင့်ဟန်။

မြင့်ဟန်ဆိုတာ သူနှင့်ရင်းနှီးသည့် သူငယ်ချင်းတစ်ဦး။ သူ့အကြောင်း အဆိုးအကောင်း အားလုံးလည်း သိထားသည့်သူ။

"ငါ့စိတ်တွေ အရမ်းရှုပ်နေတယ် မြင့်ဟန်"

မျက်နှာမကြည်မသာနှင့် ပြောလိုက်သော နိုင်ဆွတ်မိုးကို မြင့်ဟန်မှာ အံ့သြသလို နားမလည်မှုတွေနှင့် ကြည့်ရင်း...

"မင်း ဘာတွေဖြစ်နေတာလဲ၊ ကြည့်ရတာ မင်း တစ်ခုခု ဖြစ်နေတယ်နဲ့တူတယ်၊ ဟုတ်လား နိုင်ဆွတ်မိုး"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆွတ်မိုးမှာ မြင့်ဟန်စကားကို အင်းမလုပ် အဲမလုပ် မတုန်မလှုပ်ကြီးနှင့် တွေတွေကြီး ကြည့်နေလေသည်။

"မင်းလာတာ အတော်ပဲ၊ လာကွာ ငါတို့ တစ်နေရာသွားကြရအောင်"

ခြေလှမ်းကျဲကြီးများနှင့် အခန်းထဲမှ ထွက်သွားသော နိုင်ဆွတ်မိုးနောက်သို့ မြင့်ဟန်မှာ ဘုမသိ ဘမသိ ယောင်ချာချာနှင့်ပင် ပါလာခဲ့သည်။

"ကဲ…မင်းမှာ ရင်ဖွင့်စရာကိစ္စတွေရှိနေရင် ငါ့ကိုရင်ဖွင့်လိုက်တော့၊ မင်းရင်ထဲမှာ ဘာတွေခံစားနေရလဲ နိုင်ဆွတ်မိုး၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ငါ့ကိုပြောစမ်းပါကွာ၊ ဒီလို မသာမယာကြီး လုပ်မနေစမ်းပါနဲ့"

မြင့်ဟန်စကားကို နိုင်ဆွတ်မိုး မတုန်မလှုပ်နှင့် ခပ်တွေတွေကြီး ရှိနေရာမှ ဘာစကားမှမဆိုဘဲ သူ့ရှေ့ အရက်ပုလင်းထဲမှ အရက်များကို ဖန်ခွက်ထဲသို့ ထည့်ကာ တစ်ခါတည်း ခပ်ကြမ်းကြမ်း မော့သောက်ပစ်လိုက်သည်။

"အား"





လည်ချောင်းထဲတစ်လျှောက် ပူလောင်ပြင်းရှသွားရသည်မို့ နိုင်ဆွတ်မိုးမျက်နှာကြီး ရှုံ့မဲ့သွားရသည်။

"မင်းကွာ…လုပ်လိုက်ရင် အရမ်းကြီးပါလား၊ အရက်ကို ရေသောက်သလို တစ်ခါတည်း မော့သောက်ရလားကွ"

"မင်းကွာ"

"ကျွတ်"

"မြင့်ဟန်…ငါ အရမ်းစိတ်ညစ်နေတယ်ကွာ"

"ငါသိတယ်၊ မင်းကိုကြည့်တာနဲ့ ငါသိတယ်၊ သိလို့လည်း မင်းနဲ့ငါ အေးအေးဆေးဆေးစကားပြောချင်လို့ ဒီကိုခေါ်လာတာ၊ ပြောစမ်းကွာ မင်း ဘာတွေစိတ်ညစ်နေတာလဲဆိုတာ"

စီးပွားရေးဦးဆောင်နေသူပီပီ အမြဲလို ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့်ရှိနေတတ်သူက ခုတော့ ထိုပုံစံနှင့် တခြားစီဖြစ်နေသည်ကို မြင်ရပြန်တော့ စိတ်မကောင်းစွာ မေးလိုက်သည်။

နိုင်ဆွတ်မိုး သက်ပြင်းမောတစ်ချက်ကို ချလိုက်ပြီး…

"ပန်ရှယ်နဲ့ပတ်သက်ပြီး ငါ အရမ်းခံစားနေရတယ် မြင့်ဟန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို နိုင်ဆွတ်မိုး၊ မင်း ပန်ရွယ်နဲ့ပတ်သက်ပြီး ခံစားနေရတယ် ဟုတ်လား"

"ဒီရက်တွေမှာ ပန်ရွယ်ကြောင့် ငါ့စိတ်တွေ မတည်မငြိမ် ဖြစ်နေတာတော့ အမှန်ပဲ မြင့်ဟန်"

"မင်းစကားက ဘာလဲကွာ၊ ငါ့ကို ရှင်းအောင်ပြော စမ်းပါ"

ပန်ရွယ်နှင့် သူ့အကြောင်း ဘာမှသိထားခြင်းမရှိသော မြင့်ဟန်မှာ နိုင်ဆွတ်မိုးစကားကို နားမလည်ဟန်အကြည့်တွေနှင့် ကြည့်ကာ မေးလာတော့ သူ့မျက်နှာကြီး ပို၍မှုန်တင်းသွားရပြီး…

"ပန်ရွယ်ကို ငါချစ်တယ် မြင့်ဟန်"

"ဟင်"

"မင်း ပန်ရွယ်ကို ချစ်နေပြီဟုတ်လား"

မြင့်ဟန်မှာ နိုင်ဆွတ်မိုးစကားကို နားမလည်ဟန်မေးလာတော့ နိုင်ဆွတ်မိုးမှာ အံကို တင်းခနဲကြိတ်လိုက်ကာ…

"မင်းက ငါ ပန်ရွယ်ကိုချစ်တာ အံ့ဩနေတာလား"

"ဟဲ…ဟဲ…ဟဲ မဟုတ်ပါဘူးကွာ၊ ငါက ရုတ်တရက်

စိုး၊မိုး၊၁၁၆၀



ကြီးဆိုတော့ အံ့ဩသွားလို့ပါ"

နိုင်ဆွတ်မိုးတစ်ယောက် ခံစားနေရသည်ကို မြင်ရတော့ မြင့်ဟန်မှာ သူ့စကားတွေကို ရှေ့မဆက်ရဲတော့ပါ။

နိုင်ဆွတ်မိုး ပန်ရွယ်နှင့် သူ့အကြောင်းကို အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူ မြင့်ဟန်အား သူ့ရင်ထဲက ခံစားချက်များကို ရင်ဖွင့်လိုက်သည်။

သူ့စကားအဆုံး မြင့်ဟန်မှာ မျက်နှာကြီး တဖြည်းဖြည်း ပြုံးလာပြီး…

"ဟား…ဟား…ဟား နိုင်ဆွတ်မိုး မင်းကွာ၊ ငါက ဘာများလဲလို့၊ မင်းခံစားနေရတယ်ဆိုတာ ဒါကြောင့်ကိုး"

"မြင့်ဟန်…မင်း ငါ့စကားကို ရယ်စရာမလုပ်နဲ့ကွာ၊ ငါ တကယ်ခံစားနေရတာကွ"

"အေးပါ ဟုတ်ပါပြီ၊ ငါကရော ဘာပြောနေလို့လဲ၊ တကယ်တော့ မင်း ပန်ရွယ်ကို ချစ်မယ်ဆိုလည်း ချစ်စရာပါပဲ၊ ဘာကြောင့်လဲဆိုတော့ ပန်ရွယ်ကလည်း ချစ်စရာကောင်းအောင် သူတာကိုး၊ ငါသာ မင်းနေရာမှာဆိုလည်း ဟဲ …ဟဲ…ဟဲ"

စိုး၊မိုး၊၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ်ကောင် မြင့်ဟန်၊ မင်းတော့ သေချင်ပြီနဲ့တူတယ်"

ပန်ရွယ်ဖူးနှင့် ပတ်သက်လာလျှင် စကားနှင့်မှ အထိမခံ။ အတိမ်းအစောင်းမခံနိုင်သူပီပီ နိုင်ဆွတ်မိုးမှာ မျက်နှာကြီး တည်တင်းလျက် မြင့်ဟန်အား ခပ်တည်တည် ပိတ်ဟောက်ပစ်လိုက်သည်။

မြင့်ဟန်မှာ သူငယ်ချင်းအကြောင်း ခံစားချက်တွေကို သိနေသူပီပီ မျက်နှာကြီးမချိုမချဉ်နှင့် နိုင်ဆွတ်မိုးအား ပြုံးပြုံးကြီးကြည့်လာပြီး...

"နိုင်ဆွတ်မိုး...နိုင်ဆွတ်မိုး၊ မင်းအဖြစ်က သနားစရာပါလားကွာ၊ ငါ့သူငယ်ချင်း ဒီလောက်ထိ ခံစားတတ်လိမ့်မယ်လို့ ငါမထင်ခဲ့တာ မှားတာပဲ၊ မင်းနှလုံးသားက ချစ်မယ့်ချစ်တော့လည်း တကယ့်ကို နတ်သမီးကိုမှ သွားချစ်တာပါပဲလား၊ ဒီတော့လည်း မင်း ပိုခံစားရတာ မဆန်းပါဘူးကွာ"

"မင်း ငါ့ကိုဝေဖန်မှာလား၊ အကြံပေးမှာလား မြင့်ဟန်၊ ငါ့ကိုပေးဖို့အကြံ မင်းမှာမရှိတော့ဘူးဆိုရင် မင်းသွားတော့"

"ဒီကောင်တော့ကွာ၊ စိတ်ချည်းပဲ၊ အင်း ဒါကြောင့်နေမှာ၊





ကောင်မလေးက မင်းကိုလန့်နေတာ"

"ဘာ..မင်း ဘာပြောတယ် မြင့်ဟန်၊ ပန်ရွယ်က ငါ့ကိုလန့်နေတယ်ဟုတ်လား"

"ဟုတ်တယ်လေကွာ"

"မင်း ဒါ ဘာကိုပြောတာလဲ မြင့်ဟန်"

"ပန်ရွယ်က ငါ့ကိုလန့်တယ်ဆိုတာ ဘာကိုပြောတာလဲ"

"ပြောရင်းက လောလာပြန်ပြီ၊ မင်း အဲလိုနေရာတကာမှာ စိတ်မြန်လက်မြန်ရှိလို့ အဲဒါတွေ မင်းပြန်ခံစားတာပဲ၊ အဲဒီစိတ်နဲ့ရော မင်း ကောင်မလေးကို ဘာတွေလုပ်ခဲ့လဲဆိုတာ မင်းကိုယ်မင်းသိမှာပေါ့"

မြင့်ဟန်ဆိုတာ စကားကို ပွင့်ပွင့်လင်းလင်း ပြောတတ်သူ။ မြင့်ဟန်စကားကြောင့် နိုင်ဆွတ်မိုးမျက်နှာကြီး ရဲခနဲဖြစ်သွားပြီး...

"ငါ ပန်ရွယ်ကို သိပ်ချစ်တယ်၊ ချစ်တဲ့စိတ်နဲ့ ပန်ရွယ်ကို ငါ နမ်းခဲ့တာ အပြစ်လားကွာ"

"သေစမ်းကွာ၊ မင်းက မင်းကိုယ်မင်း ဒီလိုလုပ်တာ အပြစ်မဟုတ်ဘူးလို့ ထင်နေတာလား၊ ဒီမှာ ဟကောင်ရ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



မသေမချင်းမှတ်ထား၊ မိန်းကလေးတစ်ယောက်ကို ကိုယ်က ချစ်ပါတယ်ဆိုပြီး စိတ်မြန်လက်မြန်နဲ့ သွားပြီး မနမ်းရဘူးကွ၊ မင်း အဲဒီလိုလုပ်တာ ကောင်မလေးက မင်းကို ဘယ်လိုထင်သွားမလဲ၊ ရက်စွဲ့စိတ်တွေနဲ့ မင်းကို ကြောက်သွားမှာတော့ အမှန်ပဲ''

မြင့်ဟန်စကားကြောင့် နိုင်ဆွတ်မိုး ငေးငေးငူငူကြီးဖြစ်သွားရသည်။ သူ ဒါကို ဘာလို့မတွေးမိရတာပါလိမ့်။

''ဒါဆို ငါ ဘာလုပ်ရမလဲ မြင့်ဟန်၊ ငါ့အချစ်တွေကို ယန်ရွှယ်လက်ခံအောင် ငါဘယ်လိုလုပ်ရမလဲ''

စီးပွားရေးလောကမှာ ဘယ်လောက်ပဲ အောင်မြင်နေသူတစ်ယောက်ဖြစ်ပါစေ အချစ်ရေးမှာတော့ တကယ့်ကို အတွေ့အကြုံမရှိသူတစ်ယောက်ပီပီ နိုင်ဆွတ်မိုးမှာ မြင့်ဟန်ကို ဆရာတင်ကာ မေးလိုက်သည်။

မြင့်ဟန်ဆိုတာ လူက လူချောတစ်ယောက်မဟုတ်ပေမယ့် မြင့်ဟန်သည် မိန်းကလေးများ ကျလောက်အောင်တော့ စကားပြောကောင်းသူတစ်ယောက်ဖြစ်သည်။

ဒါကြောင့် သူ့အနား မိန်းကလေးတွေ ရှိနေတတ်သလို





မိန်းကလေးများနှင့် ပတ်သက်လို့ အတွေ့အကြုံရှိသူတစ်ယောက်လည်းဖြစ်သည်။

''အင်း...ခုမှ ဘာလုပ်ရမလဲ၊ ငါ့ကို မေးမနေနဲ့ နိုင်ဆွတ်မိုး၊ တကယ်ဆို မင်း စောစောကတည်းက ငါ့ကိုပြောသင့်တာ၊ ယန်ရွှယ်ဖူးဟာ ငါချစ်တဲ့ မိန်းကလေးဆိုတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ၊ ခုတော့ မင်းရဲ့မပြတ်သားမှုတွေကြောင့် ဟိုကောင် ဆက်ပိုင်လည်း ကြားထဲ အရူလည်လည်ဖြစ်ရတော့မယ်၊ ယန်ရွှယ်ဖူးကလည်း မင်းအပေါ် အထင်အမြင်လွဲပြီ၊ ဒါတွေအားလုံးဟာ မင်းအပြစ်ပဲ နိုင်ဆွတ်မိုး''

ဒါကိုတော့ နိုင်ဆွတ်မိုး သူ့ကိုယ်သူ ဝန်ခံပါသည်။ တကယ်တော့ ဒီလိုဖြစ်ရခြင်းအကြောင်းမှာ သူ့ဘက်က အပြစ်တွေ ရှိခဲ့သည်မဟုတ်ပါလား။

သူ့နှလုံးသားကို သူ ဒီထက်စောစောသာ နားလည်ခဲ့ပါလျှင် ယန်ရွှယ်ဖူးနှင့်ပတ်သက်ကာ သူ ခုလိုမျိုးလည်း ခံစားနေရလိမ့်မည်မဟုတ်ပါ။

ခုတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟူး…။

မြင့်ဟန်စကားတွေက အမှန်တွေချည်းပဲမို့ နိုင်ဆွတ်မိုး ကိုယ့်အဖြစ်ကို ကိုယ် စိတ်မောလူမောနှင့်သာ သက်ပြင်းမော တစ်ချက် မှုတ်ထုတ်လိုက်မိသည်။

ပန်ရွှယ်ဖူးနှင့် ပတ်သက်ကာ သူ့အမှားတွေကို သူ သိရလေ လေ သူ့ကိုယ်သူ နောင်တတွေနှင့် ဖြစ်ရလေမို့ စိတ်ညစ်သမျှ အရက်တွေကိုသာ တစ်ခွက်ပြီးတစ်ခွက် သူသောက်နေမိတော့သည်။

"မင်းများနေပြီ နိုင်ဆွတ်မိုး၊ တော်တော့ကွာ၊ မင်း ဘယ်တုန်းက ဒီလိုမျိုး သောက်တာမဟုတ်ဘူး"

"ငါ့ကိုမတားနဲ့ မြင့်ဟန်၊ ငါ့စိတ်တွေ အရမ်းညစ်နေ တယ်၊ သောက်ပါရစေကွာ၊ မင်း ငါ့ကိုမတားပါနဲ့"

"တားရမယ် နိုင်ဆွတ်မိုး၊ ငါ့ရှေ့မှာ ငါ့သူငယ်ချင်း တစ်ယောက် ဒီလောက်သောက်နေတာကိုမှ မတားရင် ငါ ဘာဖြစ် သွားမလဲ၊ စီးပွားရေးလောကမှာ ဦးစီးဦးဆောင်လုပ်နေတဲ့ လူ တစ်ယောက်ဟာ အချစ်ရေးကိစ္စမှာ ဘာဖြစ်လို့ ဒီလောက် ပျော့ညံ့ နေရတာလဲ၊ ပြီးတော့ ပန်ရွှယ်ဖူးက မင်းကိုမချစ်ဘူးလို့ပြောတာ





ဟာ သူ့ရင်ထဲက တကယ့်စိတ်ရင်းနဲ့ မဟုတ်ဘဲ မင်းကို အရွဲ့တိုက် ချင်စိတ်နဲ့ ပြောနေတာရော မဖြစ်နိုင်ဘူးလား၊ မင်း ဒါကိုလည်း စဉ်းစားရမယ် နိုင်ဆွတ်မိုး"

ဟုတ်သားပဲ။ မြင့်ဟန်တွေးသလို သူဘာဖြစ်လို့ မတွေးမိ ရတာပါလိမ့်။

ပန်ရွှယ်ဖူးအပေါ် ပိုင်စိုးပိုင်နင်း တစ်ဖက်သတ်ဆန်သွားရ သည့် သူ့အပြုအမူတွေကြောင့် သူမ သူ့ကို ပြန်အရွဲ့တိုက်တာလည်း ဖြစ်နိုင်ပါသည်။

ဒါကို သူမစဉ်းစားမိဘဲ ပန်ရွှယ်ဖူးနှင့် ပတ်သက်ကာ ရင်မှာ ခံစားနေရသမျှ မြင့်ဟန်ပြောပြမှ ထိုအဖြစ်ကို သူသတိထား မိလာရသည့်အဖြစ်။

"မင်းပြောတာ ဖြစ်နိုင်တယ် မြင့်ဟန်၊ ဘာကြောင့်လဲ ဆိုတော့ ပန်ရွှယ်မှာ အဲလိုပြန်ပြီး ဂျစ်ကျချင်တဲ့စိတ်ရှိတယ်ဆိုတာ ငါ သတိထားမိတယ်"

"ဒါကိုသိရက်နဲ့ မင်း ဘာလို့ ဒီလောက်စိတ်ညစ်ခံနေ ရတာလဲ၊ အချိန်တန်ရင် မင်းတို့နှစ်ယောက် တစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အဆင်ပြေမှာ သေချာပါတယ်၊ အဲဒီအချိန်ကျရင်သာ မင်း ငါ့ကိုမမေ့နဲ့"

"အဟွန်း…ဟွန်း…ဟွန်း စိတ်ချပါကွာ၊ အဲဒီအချိန် အမြန်ရောက်ပါစေလို့သာ မင်း ဆုတောင်းစမ်းပါ"

"စိတ်ချ၊ ဆုတောင်းနေမယ်ဆရာ"

"အဟွန်း…ဟွန်း"

"ဟား…ဟား…ဟား"

တစ်ယောက်စကားကို တစ်ယောက် သဘောကျစွာ နှစ်ယောက်သား ရယ်မောမိလိုက်သည်။

"ဒါနဲ့ နေစမ်းပါဦး၊ ငါ မင်းကိုမသိလို့ မေးစမ်းပါရစေ"

"ဘာလဲကွ၊ မင်းက ဘာကိုသိချင်ရတာလဲ"

"ဟဲ…ဟဲ တခြားတော့ မဟုတ်ပါဘူးကွာ၊ မင်းကောင်မလေးကိုတော့ တကယ်ချစ်တာ သေချာပါတယ်နော်"

"ဘာလဲ မင်းမျက်စိထဲမှာ ငါ့အချစ်တွေက ပန်းရွှယ့်အပေါ် မလေးနက်လို့လား"

"ဒီလိုတော့လည်း မဟုတ်ပါဘူးကွာ၊ မင်းက ဒီအသက်





အရွယ်ထိ ဘယ်မိန်းကလေးကိုမှ ချစ်ခဲ့တာမဟုတ်တော့ ပန်းရွှယ်ဖူးကို မင်းချစ်တယ်ဆိုတာကလဲ"

"ငါဝန်ခံပါတယ်၊ ငါ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ပေမယ့် ပန်းရွှယ်ကိုတော့ ငါ့နှလုံးသားက နင့်နင့်သည်းသည်း ချစ်မိသွားခဲ့ပြီ၊ ချစ်တာမှ ငါ့ဘဝတစ်ခုလုံး ပေးအပ်တဲ့အချစ်တွေနဲ့ချစ်တာ၊ ချစ်လွန်းလို့လည်း ငါ သိပ်ခံစားနေရတာ မင်းမမြင်ဘူးလား မြင့်ဟန်"

နိုင်ဆွတ်မိုးမှာ ပန်းရွှယ်ကို ချစ်တဲ့အချစ်တွေအတွက် ရင်မှာ လေးနက်စွာ စကားတွေ ဆိုလိုက်သည်။

မြင့်ဟန်မှာ သူငယ်ချင်းဖြစ်သူ၏ ရင်ထဲက ခံစားမှုများကို နားလည်စွာနှင့်ကြည့်ရင်း…

"မင်း ခံစားနေရတာတွေကို ငါ မသိလို့ ပြောနေတာ မဟုတ်ဘူး နိုင်ဆွတ်မိုး၊ မင်းအပေါ် ငါမြင်သလို ပန်းရွှယ်ဖူးကို လည်း မြင်စေချင်လို့ ငါပြောနေတာ"

နိုင်ဆွတ်မိုး တွေခနဲဖြစ်သွားရလေသည်။ မြင့်ဟန်ပြောသလို ပန်းရွှယ်ဖူးသာ သူ့ခံစားမှုတွေကို နားလည်လျှင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်မည်လဲ။

"ပန်းရွှယ်ရယ်"

စိတ်ဝယ် မချင့်မရဲဖြစ်ရလွန်းသော အတွေးတွေဖြင့် နိုင်ဆွတ်မိုးသည် ပန်းရွှယ်ဖူးအမည်လေးကို တီးတိုးရေရွတ်လိုက်မိသည်။

သူ့အဖြစ်က တကယ့်ကို စိတ်မောစရာကောင်းနေရှာသည့်အဖြစ်။

တကယ်ဆို သူ့အဖြစ်တွေလည်း မကောင်းပါ။ အစကတည်းက သူမလေးနှင့် ရင်းနှီးကျွမ်းဝင်စွာ နေခဲ့ပါလျှင် သူ့ရင်မှာ ခံစားမှုတွေလည်း ဒီလောက်ထိ ဆိုးလိမ့်မည်မဟုတ်ပါ။

ကုန်လွန်ခဲ့သည့် အချိန်များအတွက် နိုင်ဆွတ်မိုးသည် ယူကျုံးမရ နောင်တများနှင့်သာ သက်မတွေချနေရသည်။

တကယ်တမ်း သူ့ရင်ထဲက ဝေဒနာခံစားချက်များကိုသာ ပန်းရွှယ်ဖူးသည် နားလည်၍ ကြည်ဖြူစွာနားလည်ခဲ့ပါလျှင် သူနှင့် ပန်းရွှယ်ဖူးသည်လဲ…

"မောင့်ကို ဘာလို့များ နားလည်မှုတွေ လွဲနေရတာလဲ



ပန်းရွှယ်ရယ်၊ မောင်သိပ်ချစ်တာ ပန်းရွှယ် နားမလည်လို့လားဗျာ"

ချစ်သူလေးထံမှ ချစ်အဖြေရဖို့ ဘယ်လိုဘယ်နည်းကြံရမည်မှန်းမသိသော နိုင်ဆွတ်မိုးမှာ ရင်မှာနာကျင်နေရသော ဝေဒနာတွေနှင့် ကိုယ့်ကိုယ်ကိုသာ အပြစ်တင်လို့မဆုံး ရှိနေရတော့သည်။

"မင်းကိုကြည့်ရတာ စိတ်မချမ်းသာလိုက်တာကွာ၊ သောက်ထားတာတွေတောင် ဘယ်ရောက်ကုန်ပြီလဲမသိပါဘူး"

သောက်ထားသည်က အရှိန်လေးရလာပြီမို့ မြင့်ဟန်မှာ နိုင်ဆွတ်မိုး၏ နွမ်းနေသည့် မျက်နှာကြီးကိုကြည့်ပြီး ရင်မှာ မချမ်းမြေ့စွာ ဆိုလိုက်သည်။

"မင်း မသိပါဘူး မြင့်ဟန်ရာ၊ ငါ ပန်းရွှယ်နဲ့ ပတ်သက်ပြီး တကယ်ခံစားနေရတာ၊ ငါ ပန်းရွှယ်ကို သိပ်ချစ်တယ်၊ ပန်းရွှယ်ကိုချစ်တာ ကြာလေလေ ငါ့ကိုယ်ငါ ပိုသိလာရလေပဲ၊ ရှင်းရှင်းပြောမယ်ကွာ၊ ငါ ပန်းရွှယ်ကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး၊ ပန်းရွှယ်နဲ့နီးရအောင် မင်း ငါ့ကိုအကြံပေးပါဦး မြင့်ဟန်"

"ဟဲ…ဟဲ…ဟဲ ဒီလိုတော့လည်း မင်းက ငါ့ကို ဆရာကြီးတင်တယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"မနောက်စမ်းပါနဲ့ကွာ၊ ငါ တကယ်ခံစားနေရတာကွ"

"ဒါဆိုလည်း မင်း ပန်းရွယ်ကိုရအောင် ယူပေါ့ကွ"

"ဟာ…ဒါတော့ မင်း ပြောမှလားကွ၊ ယူချင်တိုင်းယူလို့ရအောင် ပန်းရွယ်က အရုပ်မှမဟုတ်တာ"

"နိုင်ဆွတ်မိုး…နိုင်ဆွတ်မိုး၊ မင်း ဒီတစ်ခါတော့ ညံ့သွားပြီပဲ"

"ဆိုပါဦး၊ မင်းမှာ ဘာအကြံတွေ ရှိနေလို့လဲ မြင့်ဟာန်"

"လူပဲကွာ၊ ကြံရမှာပေါ့၊ ဒီမှာ နိုင်ဆွတ်မိုး လူဆိုတာ ကိုယ်လိုချင်တဲ့အရာကို ရအောင်ယူနိုင်ရတယ်ကွ၊ အဲဒါမှ ကိုယ့်အစွမ်းကို ပြရာကျမယ်၊ အဲဒီလို ကိုယ်လိုချင်တဲ့အရာကို ရအောင်ယူဖို့ဆိုတာကလည်း ကိုယ့်ကိုယ်ကို စိတ်သစ်၊ ခွန်အားသစ်တွေ မွေးမြူနေဖို့လိုတယ်၊ ဒီတော့ မင်းရဲ့အတွေးအခေါ်ဟောင်းတွေကို ဒီနေ့ကစပြီး ဖယ်ထုတ်လိုက်၊ ပြီးရင် ပန်းရွယ်အချစ်ကို မင်း စိတ်သစ်၊ လူသစ်နဲ့ ပြန်ပြီးရအောင်ယူ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်း ပန်းရွယ်ဖူးကို ပိုင်ဆိုင်ရဖို့အဓိကပဲ မဟုတ်လား နိုင်ဆွတ်မိုး"

"ပန်းရွယ့်အချစ်ကို ပိုင်ဆိုင်ရဖို့ ငါ ဘာမဆို စွန့်စားဝံ့တယ် မြင့်ဟာန်၊ ဒါပေမဲ့"





နိုင်ဆွတ်မိုး ပြောလက်စ စကားရပ်သွားရသည်။ ယခုသူ့အဖြစ်က ဘေးကျပ်နံကျပ်နှင့် အခက်တွေ့နေရသည့်အဖြစ်။

"ဒါပေမဲ့ လုပ်မနေနဲ့ ကိုယ့်လူ၊ အချစ်မှာ ဒါပေမဲ့ဆိုတာ မရှိဘူး၊ ဒီလိုပဲ အချစ်မှာ အချိန်အခါဆိုတာလည်း မရှိဘူး၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို ချစ်တဲ့အကြောင်း ပြောရတာ ဘာဖြစ်လဲကွာ၊ ဟဲ …ဟဲ ကိုယ်က ရိုးရိုးပြောလို့မှ မရလည်း ကြမ်းသင့်ရင် ကြမ်းပစ်ပေါ့ကွာ"

"တော်စမ်းပါကွာ"

စကားအကောင်းပြောနေရာမှ ဖောက်လာသည့် မြင့်ဟာန် စကားကြောင့် နိုင်ဆွတ်မိုးမျက်နှာကြီး ရှုတည်တည်ဖြစ်သွားရလေသည်။

ဒါကြောင့်လည်း မြင့်ဟာန်အား ခပ်ငေါက်ငေါက် ဆိုလိုက်လေ၏။

"ဟကောင်ရ…ငါ တကယ်ပြောနေတာကွ၊ တချို့မိန်းကလေးတွေက ကိုယ်ကချော့နေရင် သူတို့က ပိုပြီးဆိုးချင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် မင်း ပန်ရွယ်ကို ချော့ပြောလို့မရရင် ကြမ်းပစ်လိုက်လို့ ငါပြောနေတာပေါ့၊ ငါပေးတဲ့အကြံကို မင်းလက်ခံသင့်တယ်နော် နိုင်ဆွတ်မိုး၊ နောက်မှ ငါ့ကိုကျေးဇူးတင်မနေနဲ့''

မြှောက်သူက မြှောက်ပြောနေပေမယ့် ကာယကံရှင် နိုင်ဆွတ်မိုးကတော့ မတုန်မလှုပ်နှင့်ရယ်။

အေးစက်စက် သူ့အသွင်ကြီးက သူ့ရှေ့က အရက်ဖန်ခွက်ကိုသာ ခပ်ငေးငေးကြီး စိုက်ကြည့်နေလေသည်။

''နိုင်ဆွတ်မိုး ငါပြောတာ ကြားရဲ့လား''

''တော်ပြီကွာ၊ ငါပြန်တော့မယ်''

ပြောပြောဆိုဆို ရုတ်ခြည်း ဆတ်ခနဲ ထွက်သွားသည့် နိုင်ဆွတ်မိုးကြောင့် မြင့်ဟန်မှာ အံ့သြစွာကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

နိုင်ဆွတ်မိုး အိမ်ပြန်ရောက်တော့ ညအတော်မှောင်နေလေပြီ။

''မောင်နိုင်ဆွတ်မိုး ပြန်လာပြီလား''

''ဟုတ်ကဲ့''

စိုးမိုး၁၁၆ပ



ဒေါ်လေးခင်ကို နှုတ်ဆက်ရင်း နိုင်ဆွတ်မိုး အပေါ်ထပ်သို့ တက်လာခဲ့လိုက်သည်။

သူ့ခြေလှမ်းတွေ အပေါ်ထပ်သို့ ရောက်သည်နှင့်...

''ဟင်''

တောက်ပသွားရသော မျက်ဝန်းများနှင့်အတူ သူ့ရင်ထဲတွင် အချိန်နှင့်အမျှ တွေ့ချင်သူလေးကို မြင်လိုက်ရတော့ နိုင်ဆွတ်မိုး ရင်ခုန်သံများ မြန်လာရလေသည်။

ဖူးဖူးနုနု ကြည်စင်သောအလှတွေနှင့် အပေါ်ထပ် ဧည့်ခန်းထဲတွင်ထိုင်ကာ ကွန်ပျူတာမှ စာရင်းများကိုလုပ်နေသော သူမသည် သူ ရောက်လာသည်ကိုလည်း သိပုံမရပါ။

ဆံနွယ်ရှည်ကြီးများ ကပိုကရို ဖြာကျလျက် ဖူးသစ်ကြည်စင်သော အလှတွေနှင့် လှလွန်းနေသည့်က အကြည့်များ မလွှဲနိုင်စရာပင်။

သိပ်ချစ်တာပဲ ပန်ရွယ်ရယ်။ ချစ်လိုက်တာဆိုသည့် စကားများကို သူ့ရင်မှာ အခါခါဆိုရင်း ချစ်ရသူကို သူ ငေးခနဲ စိုက်ကြည့်မိသွားရသည်။

စိုးမိုး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပန်ရွှယ်ဖူးကတော့ မသိပါ။

ကုမ္ပဏီတွင် လုပ်လက်စ အလုပ်များ မပြီးပြတ်သေးသည်မို့ အိမ်သို့ ယူလာကာ အလုပ်ထဲ အာရုံနှစ်လုပ်နေသော ပန်ရွှယ်ဖူးမှာ အလုပ်လုပ်နေရင်းက သူမကို တစ်စုံတစ်ယောက် ကြည့်နေသလို ခံစားရတာကြောင့် သူမခေါင်းလေးက ဆတ်ခနဲ မော့ကာ နောက်သို့ ဖျတ်ခနဲ လှည့်အကြည့်···

''အို''

ရုတ်ခြည်းတော့ မျက်နှာလှလှလေး နီရဲထူပူသွားရသည်။

ဦးနိုင်ဆွတ်မိုး။

သူ ဘယ်အချိန်ကများ သူမအနား ရောက်နေရပါသည်လဲ။

မျက်ဝန်းစူးစူး အကြည့်တည်တည်ကြီးတွေနှင့် သူ့အကြည့်များကို မြင်ရတော့ ပန်ရွှယ်ဖူး ရှက်လန့်တကြားနှင့် ပြာဝေသွားရသည်။

''မအိပ်သေးဘူးလား ပန်ရွှယ်''

''ရှင်''





ဘာကြောင့်ရယ်မသိပါ။ ပန်ရွှယ်ဖူးမှာ သူ့ကို တအံ့တသြလေး ကြည့်နေဆဲ···

''ဟို···စာရင်းလက်ကျန်တွေ မပြီးသေးလို့ အိပ်တော့မှာပါ''

''ညဉ့်နက်နေပြီလေ၊ လုပ်စရာရှိတာတွေ မနက်ကျမှ ဆက်လုပ်၊ အိပ်တော့''

အိပ်တော့ဆိုပေမယ့် ပန်ရွှယ်ဖူး မအိပ်နိုင်သေးပါ။ သူမ လုပ်ရမည့်အလုပ်က တော်တော်နှင့် ပြီးဦးမည်မဟုတ်။

သူမနား တိုးလျှောက်လာသည့် နိုင်ဆွတ်မိုးထံမှ ရလိုက်သည့် ရနံ့တစ်မျိုးကြောင့် ပန်ရွှယ်ဖူး မျက်မှောင်လေးကုပ်သွားရသည်။

ဘုရားရေ···သူ့ထံက အရက်နံ့တွေ ရနေပါလား။

ဒါဆို သူ အရက်သောက်လာသည်ပေါ့။ သူ့ကို သတိထားကာ ကြည့်လိုက်တော့ သူ့ပုံစံက အရက်သောက်ထား၍ထင်။ မျက်ထောင့်ကြီး နီရဲနေလေသည်။

ထို့အတူ ဖြူသောမျက်နှာမှာလည်း အရက်ရှိန်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နီမြန်းနေရသည်။

ညအချိန် သွေးမတော်သားမစပ် သူစိမ်းယောကျာ်းပို တစ်ယောက်နှင့်အတူ ရှိနေရသည့်အပြင် ထိုယောကျာ်းကလည်း အရက်တွေ သောက်ထားသည်မို့ ပန်ရွှယ်ဖူးမှာ သတိနှင့် သူမ ခြေလှမ်းလေးကို နောက်သို့ ဆုတ်လိုက်သည်။

"ရှင် အရက်တွေသောက်ထားလား ဦးနိုင်ဆွတ်မိုး"

"ပန်ရွှယ်...ဘယ်လိုသိတာလဲ"

"ရှင့်ဆီက အရက်နံ့တွေ ရနေတာပဲ"

"အဟွန်း...ဟုတ်တယ်၊ မောင် နည်းနည်းသောက်လာ မိတယ်"

"ဘာဖြစ်လို့ သောက်တာလဲ"

"စိတ်ညစ်လို့"

"ရှင့်မှာ ဘာစိတ်ညစ်စရာတွေရှိတယ်ဆိုတာ ကျွန်မ မသိ ပေမယ့် ခုလို အရက်သောက်တာမျိုးတော့ ကျွန်မ တားချင်တယ်"

"ဆောရီးကွာ၊ ပန်ရွှယ်မကြိုက်ရင် မောင် နောက် မသောက်တော့ဘူး"





"အို"

သူ့စကားက ဘယ်လိုပါလိမ့်။

"ဆောရီး...ကျွန်မ ရှင့်ရဲ့ကိုယ်ရေးကိုယ်တာကို ဝင်စွက် မိပြီနဲ့တူတယ်"

ပန်ရွှယ်ဖူးမှာ သူမကိုယ်သူမ အပြစ်တင်ရင်း မျက်နှာရဲရဲ လေးနှင့် သူ့ကိုပြောလိုက်တော့ နိုင်ဆွတ်မိုး မျက်နှာကြီးမှာ မချိုပြုံး ပြုံးသွားကာ...

"ပန်ရွှယ်က မဆိုင်ဘူးဆိုပေမယ့် မောင့်ဘက်ကတော့ ဆိုင်တယ်၊ ဒီတော့ ပန်ရွှယ် မကြိုက်တဲ့ကိစ္စကို မောင့်ဘက်က မလုပ်မိအောင် သတိထားရမှာပေါ့"

"ဦးနိုင်ဆွတ်မိုး ရှင့်စကားတွေက"

"ဘာလဲ ပန်ရွှယ်၊ ဘာဖြစ်လို့လဲ"

နှုတ်ခမ်းလေး ဖိကိုက်ကာ မှုန်တည်နေရသော မျက်နှာ လှလှလေးကိုကြည့်ပြီး နိုင်ဆွတ်မိုး သူမ စိတ်အနှောင့်အယှက်ဖြစ် မှန်း သိလိုက်၏။

"ကျွန်မ တစ်ခုပြောပါရစေ၊ ရှင် ကျွန်မနဲ့ စကားပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုယ်ရှင် မောင်ကလို့ ကျေးဇူးပြုပြီး ထည့်မပြောပါနဲ့''

''ဘာဖြစ်လို့လဲ ပန်ရွယ်''

''အို···ကျွန်မ ရှက်တယ်''

တကယ်လည်း ပန်ရွယ်ဖူးမျက်နှာလေးက ရှက်စိတ်ကြောင့် နီမြန်းနေရသည်။

ထိုနီမြန်းနေရသည့် မျက်နှာလေးကိုကြည့်ပြီး နိုင်ဆွတ်မိုးမှာ စိတ်မှာ ပို၍မချင့်မရဲဖြစ်ရကာ···

''ပန်ရွယ်ရယ်၊ မောင်က ဘာများလဲလို့''

''ရှင်နော် လာပြန်ပြီလား၊ ဒီမောင်ဆိုတာကြီးက၊ ဖယ်ပါ ကျွန်မရှေ့က''

''ဘယ်သွားမလို့ဗျာ ပန်ရွယ်''

''အို···ဘယ်သွားရမှာလဲ၊ ကျွန်မအခန်းကိုပေါ့''

''မသွားရဘူး''

''ဟင်''

''မောင်ပြောတာက''

''ဟင့်အင်း···ကျွန်မ မကြားချင်ဘူး၊ ပြီးတော့ အရက်





သောက်ထားတဲ့လူနဲ့လည်း ကျွန်မ စကားမပြောချင်ဘူး''

သူမသွားမည့်ရှေ့တွင် ပိတ်ရပ်သလိုရှိနေသော နိုင်ဆွတ်မိုးကိုယ်ကြီးကို တွန်းဖယ်ရင်းက သူမ ဆိုလိုက်တော့ နိုင်ဆွတ်မိုးသည် ပန်ရွယ်ဖူးစကားနှင့် အပြုအမူများအတွက် မခံချင်ဖြစ်သွားကာ···

''မောင် အရက်သောက်ထားတာ မောင့်ခံစားချက်နဲ့ မောင်ပါ''

''ရှင့် ခံစားနေရတာကို ဘယ်သူကမှ မခံစားနဲ့လို့ မပြောပါဘူး၊ ခု ကျွန်မ ပြောနေတာက ရှင် ကျွန်မရှေ့က ဖယ်ပေးဖို့ ပြောနေတာ''

''မောင် ပန်ရွယ်နဲ့ စကားပြောချင်တယ်''

''ကျွန်မ ပြောပြီးပြီပဲ၊ ခုချိန်မှာ မပြောချင်ဘူးဆိုတာ၊ ရှင် ပြောစရာရှိတယ်ဆိုလည်း မနက်ကျမှ ပြောပါ၊ ခုတော့ ကျေးဇူးပြုပြီး ကျွန်မကို သွားခွင့်ပြုပါ''

သူ့ကိုလည်း မကြည့်ပါဘဲ မျက်တောင်ရှည်ကြီးများချကာ သူ့အနားက ထွက်ခွာရန် တောင်းဆိုနေသူလေးကို နိုင်ဆွတ်မိုး



www.burmeseclassic.com

www.burmeseclassic.com



ချစ်အသည်းယားစွာနှင့်ကြည့်ရင်း…

“မောင်က သွားခွင့်မပြုဘူးဆိုရင်ရော”

“ရှင်”

ဖြူဖျော့သွားရသော မျက်နှာလေးနှင့် ပန်းရွယ်ဖူးမှာ ထိတ်လန့်သလို နိုင်ဆွတ်မိုးကို ကြည့်လိုက်တော့ သူ့အကြည့်စူးရှူး ကြီးတွေနှင့် ဆုံသွားရလေသည်။

စူးရှလွန်းသော သူ့အကြည့်တွေကြောင့် ပန်းရွယ်ဖူးရင်တွေ ပင် တဒိတ်ဒိတ်ခုန်လာရကာ သူ့အကြည့်များအောက်တွင် ခံနိုင် ရည်မရှိသော သူမအဖြစ်ကိုလည်း သူမပြန်၍ ဒေါသဖြစ်ချင်လာရ ၏။

ဒါ မာယာတစ်ခု၏ ထောင်ချောက်ပဲလား။ ဒါဆိုရင်ဖြင့် ထိုထောင်ချောက်ထဲ သူမ မဝင်မိအောင် ကြိုးစားရပေမည်။

တဒိတ်ဒိတ် အခုန်မြန်နေသည့် ရင်ခုန်သံတွေကို ပန်းရွယ် ဖူးသည် သတိနှင့် ထိန်းချုပ်လိုက်ရင်း လက်ရှိအခြေအနေကို သူမ ပြန်သုံးသပ်လိုက်သည်။

ဦးနိုင်ဆွတ်မိုး ကြည့်ရတာ သူမအပေါ် ဆက်ဆံပြောဆိုပုံ





တွေက တစ်ဖက်သတ်ဆန်ဆန် ပိုင်စိုးပိုင်နင်းရှိနေရုံမက လူကို သူ့ဆန္ဒတွေနှင့် ဖွတ်အတင်း နမ်းရှိုက်သွားခဲ့သည့်အဖြစ်ကလည်း သူမအတွက် အခံရခက်မှုတွေနှင့် ထိုအဖြစ်တွေက နာကျင်စွာ မမေ့နိုင်စရာဖြစ်သည်။

ထိုနာကျင်မှုတွေက သူမရင်ထဲ ဝင်ရောက်လာရသည့်အခါ မှာတော့ သူ၏ ပိုင်စိုးပိုင်နင်းဆန်မှုများအတွက် သည်းမခံနိုင်တော့ သလို သူမမျက်နှာလေးကို ဆတ်ခနဲ ပင့်လိုက်ကာ…

“ရှင်မသွားခိုင်းပေမယ့် ကျွန်မ ကိုယ့်သဘောနဲ့ကိုယ် သွားတယ်ဆိုရင်ရော”

ပြောလည်းပြော ပန်းရွယ်ဖူးသည် သူ့ကိုယ်ကြီးကို ဖွတ် အတင်းပင် တွန်းတိုက်ကာ ထိမထင်မျက်နှာလေးနှင့် သူ့ရှေ့က ချာခနဲ လှည့်အထွက်…

“ပန်းရွယ်”

“အမေ့”

“အို”

ဖျတ်ခနဲဆိုသလို သူမလက်လေးကို ဖမ်းဆွဲလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယန်ရွယ်ဖူး သူမကိုယ်ကို အရှိန်မထိန်းနိုင်တော့ဘဲ သူမ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲကို ရောက်ရှိသွားရလေတော့သည်။

"ဖယ်...လွှတ်...လွှတ်၊ ရှင် ဒါဘာလုပ်တာလဲ"

"ယန်ရွယ်ရယ်၊ မောင် မင်းကို ဘယ်လောက်တမ်းတ နေလဲဆိုတာ မင်းလေး သိရဲ့လားဗျာ"

"မောင် မင်းကို မခံနိုင်တော့ဘူး"

"ရှင်...ရှင် ဘာတွေလာပြောနေတာလဲ၊ လွှတ် ကျွန်မ ကိုလွှတ်ပါ"

"သိပ်ချစ်တယ်"

"အို...လွှတ်ဆိုတာ"

"ချစ်တယ် ယန်ရွယ်ရယ်"

နိုင်ဆွတ်မိုး ယန်ရွယ်ဘာပြောပြော ဂရုမစိုက်ပါတော့။

သူ့ရင်မှာ အချိန်နှင့်အမျှ သတိရတမ်းတနေသူလေးကို ယခုလို သူ့ရင်ခွင်မှာ ပိုင်ပိုင်ထွေးပွေ့ခွင့်ရသောအခါ သူ ဘာကိုမှ ဂရုမစိုက်ချင်တော့ပါ။

နဂိုကတည်းက သူမနှင့်ပတ်သက်လာလျှင် ပေါက်ကွဲချင်





နေသည့် သူ့အချစ်တွေက ခုတော့ ကံကြမ္မာ၏ မျက်နှာသာပေးမှု ကြောင့် အစွမ်းကုန်လွှတ်ချင်နေရပြီမဟုတ်ပါလား။

ရုတ်ခြည်း သူမကိုယ်လေးကို ဆွဲ၍ ကလေး တစ်ယောက်လို ပွေ့ချီလိုက်တာကြောင့် ယန်ရွယ်ဖူး မျက်ဝန်းတွေ ပြာကာ ထိတ်လန့်သွားရပေမယ့် နိုင်ဆွတ်မိုးကတော့ ဘာကိုမှ မသိပါတော့။

သူမကိုယ်လေးကိုသာ ပွေ့ချီလျက် သူ့အခန်းဆီသို့ သူ့ခြေလှမ်းများ ဦးတည်လိုက်လေသည်။

ယန်ရွယ်ဖူး လက်သီးဆုပ်လေးများနှင့် တဗုန်းဗုန်းထုရိုက် ကုတ်ဖဲ့တွန်းထိုးနေသည့်ကြားက နိုင်ဆွတ်မိုးကလည်း နည်းနည်းမှ မလျော့ပါ။

"ဦးနိုင်ဆွတ်မိုး...ရှင်နော်၊ ကျွန်မ ပြောနေတာမကြား ဘူးလား"

"လွှတ်...ခု လွှတ်"

"ရှင့်ကို ကျွန်မ မုန်းတယ်"

"ရှင်နော် ပြောလို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကဲ"

"ဗုန်း"

"ဗုန်း"

သွေးမရှိတော့သလို ထိတ်လန့်ကြောက်ရွံ့နေရသော ပန်ရွှယ်ဖူး။ နိုင်ဆွတ်မိုးရင်ခွင်ထဲ အင်နှင့်အားနှင့် ရုန်းထွက်ပေမယ့် သူမအတွက်တော့ ရုန်းထွက်မှုတွေက အရာမဝင်နိုင်သလို။

တင်းကြပ်စွာ တုပ်နှောင်ထွေးပွေ့ထားသော သူ့လက်များကြား သူမကိုယ်လေးသည် အရုပ်လေးတစ်ရုပ်လို ပါလာခဲ့ရပြီးသည့်နောက်မှာတော့ ပန်ရွှယ်ဖူးအတွက် အရာအားလုံးသည် မှောင်အတိကျသွားရလေတော့သည်။

□ □ □



## အခန်း (၆)

ခပ်တိုးတိုး၊ ခပ်သဲ့သဲ့ကြားနေရသည့် ငိုရှိုက်သံများက သူ့နားဝဆီသို့ တဖြည်းဖြည်းကျယ်လောင်စွာ ကျရောက်လာသောအခါ နိုင်ဆွတ်မိုးမျက်ဝန်းများသည်လည်း တဖြည်းဖြည်းနှင့် ပွင့်လာရလေသည်။

"ဟင်"

သူ့မျက်ဝန်းအစုံ ဖျတ်ခနဲ ပွင့်သည်နှင့် သူ ဦးဆုံးတွေ့လိုက်ရသူက သူ့ရင်မှာ နင့်သည်းစွာ ချစ်မိရသည့် ချစ်သူသက်လျာသာ ဖြစ်လေသည်။

ကိုယ်လေး သိမ့်သိမ့်တုန်အောင် ငိုရှိုက်နေသော ပန်ရွှယ်ဖူးကိုကြည့်ပြီး နိုင်ဆွတ်မိုး အိပ်ရာမှ ရုတ်တရက်ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်ရွယ်"

"ပန်ရွယ်ရယ်"

"ရှင်...သွား"

"ကဲဟယ်"

"ဖြန်း"

ခပ်တိုးတိုး ရေရွတ်လိုက်သည့် နိုင်ဆွတ်မိုးကို ပန်ရွယ်မှာ နာကြည်းသော မျက်ဝန်းများဖြင့်ကြည့်ပြီးနောက် သူမလက်လေးက သူ့ပါးပြင်ပေါ်သို့ ဆင့်ကဲဆိုသလို ရိုက်ချပစ်လိုက်၏။

"ကျေနပ်ပြီလား ပန်ရွယ်၊ မကျေနပ်သေးရင် မောင့်ကို ထပ်ရိုက်ပါဦး၊ မောင့်အပြစ်က ပန်ရွယ် ဒီလောက်ရိုက်တာလေးနဲ့ မတန်ဘူးဆိုတာ သိပါတယ်ဗျာ"

"မပြောနဲ့၊ ရှင့်အသံကို မကြားချင်ဘူး၊ ရှင့်ကို သတ်ပစ်ချင်တယ်၊ အဟင့်...ဟင့်...ဟင့်"

တလိမ့်လိမ့်စီးဆင်းနေသော မျက်ရည်တွေနှင့် သူ့အား ရန်တွေစကားတွေဆိုလျက် ထုရိုက်နေသူလေးကို နိုင်ဆွတ်မိုး မတုန်မလှုပ် ငြိမ်သက်စွာ ခံယူရင်း သူမကိုသာ ကြည့်နေလေသည်။





သူမစိတ်ထဲ ပေါက်ကွဲနေရသည့်အဖြစ်များကို သူသိပါသည်။

တကယ်တမ်း သူ့အပြစ်က ဒီလောက်နှင့်မတန်ဆိုတာကို လည်း သူသိပါ၏။

သူမ သူ့ကို ဒီထက်မက နာကျင်အောင်လုပ်စေဦး သူ ခံရမည်သာ။

"ရှင့်မျက်နှာ မကြည့်ချင်ဘူး၊ ရှင့်ကို သိပ်မုန်းတယ်"

"ပန်ရွယ်ရယ် ရိုက်ပါဗျာ၊ ရိုက်ပါ၊ ပန်ရွယ် မောင့်ကို ခွင့်မလွှတ်နိုင်ဘူးဆိုတာ မောင် သိပါတယ်၊ အဲဒီအတွက် ပန်ရွယ် မောင့်ကို ခွင့်လွှတ်ပါလို့လည်း မောင် မပြောချင်တော့ပါဘူး"

"ရှင် ပြောလို့မရပါဘူး ဦးနိုင်ဆွတ်မိုး၊ ရှင့်ကို ကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ ဒီတစ်သက် ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ ရှင်သိထားပါ"

"မောင် နားလည်ပါတယ် ပန်ရွယ်၊ ဒါပေမဲ့ ပန်ရွယ် သိထားရမှာက မောင့်ကို ပန်ရွယ် ခွင့်လွှတ်သည်ဖြစ်စေ၊ ခွင့်မလွှတ် သည်ဖြစ်စေ မောင်ကတော့ ပန်ရွယ်ကို တောင်းပန်နေရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အဟောင့်…ဟင့်…ဟင့် ရှင်ဟာ အလကားလူ၊ အခွင့်အရေးသမား၊ မုန်းတယ်၊ မုန်းတယ်၊ ရှင်ကြီးကို မုန်းတယ်''

သူဘယ်လိုတောင်းပန်နေပါစေတော့ ပန်ရှယ်ဖူးသည် ခွင့်မလွှတ်တော့ပါ။

စိမ်းတောက်နေသော မျက်ဝန်းတွေနှင့်သာ သူ့ကို နာကျင်စွာ တစ်ချက်ကြည့်ရင်း အနားမှ အပြေးလေးထွက်သွားတော့ သူ့မှာ လစ်ဟာ၍ ကျန်ခဲ့ရလေသည်။

ပန်ရှယ်ဖူး သူ့အား နာကြည်းမှုတွေနှင့် မုန်းသွားပြီဆိုတာ သူ သိလိုက်ပါပြီ။

သူဘယ်လို တောင်းပန်နေစေဦး သူမသည်လည်း ခွင့်လွှတ်တော့မည်မဟုတ်။

နာကြည်းမှုအမုန်းတွေက သူမနှလုံးသားမှာ ကပ်ငြိသွားပြီဖြစ်သည်။

နိုင်ဆွတ်မိုးကို သူမလက်မထပ်နိုင်ပါဟု အတန်တန်ငြင်းခဲ့သည့်ကြားက နောက်ဆုံးမှာတော့ ပန်ရှယ်ဖူးတစ်ယောက် သူ့ဘာသာ သူမဘဝအတွက် မလိုအပ်စွာနှင့်ပင် လက်ထပ်ခဲ့ရလေသည်။





သည်အတွက် သူမအမုန်းတွေက သူ့အပေါ် ဆင့်ကဲဆိုသလို ပိုသွားရသည်။

မင်္ဂလာပွဲတစ်လျှောက်နှင့် မင်္ဂလာပွဲကျင်းပနေစဉ်မှာလည်း ပန်ရှယ်ဖူးသည် အပြုံးအရယ်မရှိခဲ့ပါ။

ဒါတွေကို နိုင်ဆွတ်မိုး သိနေပါ၏။ သိပေမယ့် နိုင်ဆွတ်မိုး ပန်ရှယ်ဖူးအဖြစ်ကို မသိဟန်ပြုထားလိုက်သည်။

သူ့ရင်ထဲမှာတော့ သူမကို ပိုင်ဆိုင်ခွင့်ရလိုက်သည့်အတွက် ပျော်ရွှင်မှုတွေက ဘာနှင့်မှ နှိုင်းယှဉ်မပြနိုင်ပါ။ ဒါကြောင့်လည်း သူ့အကြည့်တွေက ပန်ရှယ်ဖူးထံ အရိပ်လိုရှိနေရသည်။

ယခုလည်း လူကြီးများနှင့်အတူ သူတို့နှစ်ဦး ညစာစားပြီးသွားသည်နှင့် ပန်ရှယ်ဖူးသည် လူကြီးများကို ခွင့်ပန်ကာ အပေါ်ထပ်သို့ တက်သွားလေသည်။

နိုင်ဆွတ်မိုးကိုတော့ တစ်ချက်လေးမှ ကြည့်မသွားခဲ့ပါ။

မင်္ဂလာပွဲတစ်လျှောက်မှသည် ယခုအချိန်ထိ သူမစိတ်ထဲ သူ့အား ရှိသည်လို့မထင်မှတ်သည်ကတော့ သူမလွန်နေပါလေပြီ။

နိုင်ဆွတ်မိုးဆိုသည့်သူကလည်း သူ့ကို သူမလေး အရေး



www.burmeseclassic.com

www.burmeseclassic.com



မစိုက်လေလေ သူ့ရင်မှာ အခံရခက်ခက်ကြီးဖြစ်ရလေမို့ ကျောခိုင်းထွက်သွားသည့် ပန်းရွှယ်ဖူး၏ နောက်ကျောလှလှလေးကိုသာ မမှိတ်မသုန် မျက်ဝန်းများဖြင့် ကြည့်နေမိတော့သည်။

သူ သတိထားမိသလောက် သူမလေး ထမင်းကိုလည်း ကောင်းကောင်းမစားသည်ကို သိသည်မို့ သူမအတွက် တခြား စားစရာတစ်ခုပြင်ဆင်ကာ သူကိုယ်တိုင် အပေါ်ထပ်သို့ ယူလာခဲ့သည်။

အခန်းထဲသို့ ရောက်သည်နှင့် သူ့အား ကျောခိုင်းထားသော ပန်းရွှယ်ဖူးကို တွေ့ရလေသည်။

"ပန်းရွှယ်"

"ဟင်"

ပြတင်းတံခါးမှနေ ခြံထဲသို့ အဓိပ္ပာယ်မဲ့ ခပ်ငေးငေးကြည့်နေသော ပန်းရွှယ်ဖူး သူမအမည်ကို ခေါ်လိုက်သော သူ့အသံကြောင့် သူမကိုယ်လေး တွန့်တုန်သွားရသည်အထိ လန့်သွားရသည်။

"ဆောရီး ပန်းရွှယ်၊ လန့်သွားလား"

"ရှင် ဘာလာလုပ်တာလဲ"



"ဘယ်လိုပြောလိုက်တာလဲ ပန်းရွှယ်"

ပန်းရွှယ်ဖူးစကားကြောင့် နာကျင်သွားရသလို နိုင်ဆွတ်မိုး စိုဖွတ်သွားရသော မျက်ဝန်းကြီးတွေနှင့် သူမအား ခပ်ငေးငေးကြည့်ရင်း မေးလိုက်သည်။

သူမထံက အကြည့်စူးစူးလေးကလည်း သူ့ထံသို့ ရောက်ရှိလျက်မှ…

"ရှင် ဒီကိုဘာလာလုပ်တာလဲလို့ မေးတာ"

"မောင်လာတာ ဘာဖြစ်လို့လဲ ပန်းရွှယ်"

"ကျေးဇူးပြုပြီး ရှင် ဒီအခန်းထဲကို ဝင်မလာပါနဲ့"

"ပန်းရွှယ်ရယ် ဒီအခန်းက မောင့်အတွက် မင်္ဂလာအိပ်ခန်း"

"အို…ရှင် ဘာတွေပြောနေတာလဲ၊ ဒီအခန်းက ရှင်နဲ့ မဆိုင်ဘူး၊ ရှင် ဒီအခန်းမှာ မနေရဘူး"

"ဟင်…ဘာဖြစ်လို့လဲ၊ ဒါဖြင့် မောင်က ဘယ်မှာသွားနေရမှာလဲ"

"ဒါကတော့ ရှင့်သဘောပဲ၊ ရှင် ဒီအခန်းမှာ မနေရင်ပြီး

www.burmeseclassic.com



တာပဲ''

ပန်ရွယ်ဖူး ထိုစကားကို နိုင်ဆွတ်မိုးအား ကြည့်လည်း မကြည့်ဘဲ မျက်နှာလေးတည်တည်တင်းတင်းနှင့် ဆိုလိုက်တော့ နိုင်ဆွတ်မိုးမှာ မချင့်မရဲကြီးဖြစ်သွားကာ…

''မောင့်သဘောပဲဆိုရင်တော့ မောင် ဒီအခန်းမှာပဲနေ လိမ့်မယ်''

''အို''

အကြည့်စူးစူးကြီးတွေနှင့် ပြောလိုက်သည့် စကားကြောင့် ပန်ရွယ်ဖူး မျက်နှာလေး နီရဲသွားရသည်။

''ရှင် ဘာတွေပြောနေတာလဲ၊ ရှင့်ကို ကျွန်မ အလိုမရှိ ဘူးဆိုတာ ရှင်မသိဘူးလား၊ ကျွန်မ ရှင့်ကိုမုန်းတယ်လို့ ဘယ်နှခါ ပြောရမလဲ''

''မပြောနဲ့၊ ဒီစကားကာ မောင့်ရင်ကို နာကျင်စေရတယ် ဆိုတာ မင်းလေး မသိဘူးလား ပန်ရွယ်၊ ပန်ရွယ်သိထားရမှာက မောင်ဟာ ခုချိန်မှာ ပန်ရွယ်ရဲ့ ခင်ပွန်းဖြစ်နေပြီဆိုတာ''

''အို…ရှင်''





ရဲတောက်နေသော မျက်နှာလေးနှင့် ပန်ရွယ်ဖူးနှုတ်မှ တအိုအိုနှင့်သာ ရှိနေရတော့သည်။

သူ့ကို သူမ ဘယ်လိုပင် မုန်းပါသည်ပြောပြော၊ သူ့ထံက ချစ်စကားတွေကို သူမ အမြဲလိုကြားနေရသည့်အခါ ပန်ရွယ်ဖူး နှလုံးသားတွေ နာကျင်ရမြဲဖြစ်သည်။

သူ…သူမကို တကယ်ချစ်ပါလျှင် သူမ ကြည်ဖြူစွာ ပေးအပ်လာမည့် အချစ်များကို သူ စောင့်စားရုံသာရှိသည်။

ခုတော့ သူ့ဆန္ဒ၊ သူ့သဘောထားတစ်ခုတည်းနှင့် သူမ ဘဝကို ဖွတ်တိုးသိမ်းပိုက်သွားသည်ကတော့ လွန်သည်ပဲလေ။

အရင်ကတော့ သူ့အပေါ် ရှိရင်းစွဲသံယောဇဉ်တွေနှင့် ရှိခဲ့ပေမယ့် ခုချိန်မှာတော့ ထိုသံယောဇဉ်တွေက သူမရင်ထဲက လွင့်စင် ကွယ်ပျောက်ခဲ့ရပြီဖြစ်သည်။

ထိုအစား နာကြည်းမှု အမုန်းတွေကသာ သူမရင်ထဲ ကြီးစိုး နေရသည်မဟုတ်ပါလား။

''ဟင်…ရှင်…ရှင် မသွားသေးဘူးလား''

''ဟောဗျာ…မောင်က ဘယ်ကိုသွားရမှာလဲ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ပန်ရွှယ်အတွက် မောင် စားစရာတွေ ယူလာခဲ့တယ်၊ ပန်ရွှယ် ဘာမှ ကောင်းကောင်းမစားဘူးဆိုတာ မောင်သိတယ်၊ ဒါကြောင့် စားစရာတွေ ယူလာတာ၊ မောင် ယူလာတာတွေကို စားလိုက်ဦး နော်၊ တော်ကြာ အစာမရှိရင် ပန်ရွှယ် အိပ်မပျော်ဘဲနေလိမ့်မယ်''

''မစားဘူး၊ မစားဘူး၊ ရှင်ယူလာတာတွေ ဘာတစ်ခုမှ ကျွန်မ မစားဘူး''

''မစားလို့မရဘူး၊ တော်ကြာ''

''ဦးနိုင်ဆွတ်မိုး''

နိုင်ဆွတ်မိုးစကားကို ရှေ့မဆက်လာခင် ပန်ရွှယ်က အသံ ခပ်ဆောင့်ဆောင့်နှင့် ပြောလိုက်သည်။

''ပြောလေ ပန်ရွှယ်''

''ရှင့်ကို ကျွန်မအခန်းထဲက ထွက်သွားလို့ပြောနေတယ် လေ''

''မောင် တောင်းပန်ပါတယ် ပန်ရွှယ်၊ မောင်ပြောတာကို လည်း နားထောင်ပါဦးကွာ''

သူယူလာသည့် စားစရာများကို နိုင်ဆွတ်မိုး စားပွဲပေါ်





တင်ရင်းက တောင်းပန်စကားဆိုလိုက်သည်။

''နားမထောင်နိုင်ဘူး၊ ရှင် ကျွန်မအခန်းထဲက အမြန်ဆုံး ထွက်သွားပါ''

''ပန်ရွှယ် မောင် ပြော''

''အို ရှင်မသွားရင် ကျွန်မ သွားမယ်''

မျက်နှာတင်းတင်းလေးနှင့် သူ့အနားက ရှောင်ထွက်ရန် လုပ်တော့ နိုင်ဆွတ်မိုး သူမကို စူးခနဲတစ်ချက်ကြည့်လိုက်ပြီး…

''မင်းမသွားရဘူး ပန်ရွှယ်''

''အို''

ပြောရင်းက သူမကိုယ်လေးကို ဆတ်ခနဲ ပွေ့ဖက်လာ တော့ ပန်ရွှယ်ဖူး သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက် သည်။

နှစ်ယောက်သား ရုန်းကန်လုံးထွေးရင်း မင်္ဂလာခုတင်ကြီး ပေါ် ပစ်ကျသွားရသည်။

ပန်ရွှယ်ဖူးမှာ သတိနှင့်မို့ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ က အတင်းရုန်းထွက်ကာ လူးလဲထလိုက်ပေမယ့် နိုင်ဆွတ်မိုးက



www.burmeseclassic.com

www.burmeseclassic.com



တော့ မလွှတ်ပါ။

"ပန်ရွှယ်"

"ရှင်နော်"

"ဟင့်အင်း…အို"

မင်္ဂလာဦးညဆိုသော အသိနှင့်အတူ နိုင်ဆွတ်မိုး ချစ်သူ ကိုယ်လေးကို ရင်ခွင်ထဲက ပေးမလွှတ်ချင်တော့ပြီမို့ သူမကိုယ် နွေးနွေးအိအိလေးကိုသာ ရင်ခွင်ထဲ တင်းကြပ်စွာ ပွေ့ဖက်ပစ်လိုက် သည်။

"ချစ်တယ် ပန်ရွှယ်"

"မချစ်နဲ့၊ ရှင့်ကို မုန်းတယ်၊ ကျွန်မ အမုန်းဆုံးလူက ရှင်ပဲ"

"စကားပုံတစ်ခုရှိတယ်၊ သိပ်မုန်းရင် သိပ်ချစ်တတ်တယ် တဲ့"

"စိတ်ချ၊ ကျွန်မကတော့ ရှင့်ကို ဘယ်တော့မှ ချစ်မှာ မဟုတ်ဘူး"

"အဟွန်း…ဟွန်း…ဟွန်း သေချာလှချည်လားဗျာ၊





သားရဲ့မေမေဖြစ်ရင်တော့ ပန်ရွှယ် မောင့်ကို ချစ်လာမှာပါ"

"အို"

အပြောရဲရဲနှင့် သူ့စကားတွေကြောင့် ပန်ရွှယ်ဖူး သူ့ရင်ခွင် ထဲမှာ မျက်နှာလေးမဖော်ရဲနိုင်အောင် ရှက်သွေးများ ပိုနေရတော့ သည်။

သူ့ကို သူမ ဒီလောက်ထိ အပြောရဲလိမ့်မည်လို့ သူမ မထင်ထားခဲ့ပါ။ ခုတော့ သူ့စကားတွေကြောင့် သူမ နှလုံးသား လေး တုန်လှုပ်ပူနွေးခဲ့ရပြီဖြစ်သည်။

မျက်နှာရဲရဲလေးနှင့် ခွတ်တိုးရုန်းကန်နေသူလေးကို နိုင်ဆွတ်မိုး မျက်နှာချင်းတေ့လိုက်ပြီးနောက် သူ့မျက်နှာချောချော ကြီးကို သူမမျက်နှာလေးထက် အုပ်မိုးလိုက်သည်။

ချစ်အနမ်းတွေ ဝေဝေဆာဆာ ကျရောက်နေသောကြောင့် ပန်ရွှယ်ဖူး သူ့ရင်ခွင်ထဲကနေ တစ်စက်မှ လှုပ်လို့မရပါတော့။

ရှက်စိတ်တွေနှင့်ပင် သူမမျက်နှာလေး မှုန်တည်တင်းမာ နေရတော့သည်။

နိုင်ဆွတ်မိုး ချစ်ဇနီးအဖြစ်ကို သိပေမယ့် မသိဟန်ပြုကာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကားတွေ ပြောလို့မကုန်နိုင်ခဲ့ပါ။

''တကယ်ပါဗျာ၊ မောင် ပန်ရှယ်ကို ချစ်တာ ပန်ရှယ်ယုံပါ၊ မောင့်ဘဝမှာ ပန်ရှယ်နဲ့တွေ့မှ အချစ်ဆိုတာ ဖြစ်ပေါ်ခဲ့တာပါ၊ မောင့်ဘဝမှာ ပန်ရှယ် မရှိလို့မဖြစ်ဘူး၊ ပန်ရှယ် မောင့်သားမှာ မောင့်သွေးသက်နဲ့အတူ ရှိနေရမယ်၊ ဟုတ်တယ် မင်း မောင့်သားမှာ အမြဲရှိနေရမယ် ပန်ရှယ်''

နူးညံ့ညင်သာသော အနမ်း၊ လှိုက်လှဲသော ချစ်စကားတွေနှင့် သူ၏ချိုမြိန်သော ချစ်စကားတွေကို ပန်ရှယ်ဖူးတစ်ယောက် မကြားသလို ငြိမ်သက်နေတော့ နိုင်ဆွတ်မိုး အသည်းယားယားမချင့်မရဲဖြစ်သွားရပြီး သူမကိုယ်လေးကို တင်းခနဲ ဖျစ်ညှစ်လိုက်ကာ…

''ပန်ရှယ်''

''လွှတ်…ကျွန်မကိုလွှတ်''

ချစ်လွန်းလို့ မျက်စိအောက်က အပျောက်မခံနိုင်၍ အရယူထားပေမယ့် ချစ်သူမိန်းမချောကတော့ သူ့ရင်ခွင်ထဲကနေ ဆေးရာကိုသာ ပြေးထွက်ဖို့ ကြံနေသောအခါ နိုင်ဆွတ်မိုး စိတ်မရှည်ချင်





တော့ပါ။

''ပန်ရှယ်နော်…မင်း မောင့်ကို သိပ်ပြီးအသည်းယားအောင် မလုပ်နဲ့ဆို၊ မောင် သိပ်စိတ်မရှည်ချင်တော့ဘူးဗျ''

''ကြည့်စမ်း…ရှင်ကပဲ ပြောရသေးတယ်၊ ရှင် စိတ်မရှည်တော့ ဘာလုပ်ချင်လို့လဲ''

''အဟွန်း…ဟွန်း စွာလိုက်တာဗျာ၊ ဘာမှမလုပ်ချင်ပါဘူး၊ အဲ ချစ်ပဲချစ်ချင်တယ်''

''ရှင်နော်''

မျက်နှာချင်းတိုးဖော့ကာ ပြောလိုက်တော့ ပန်ရှယ်ဖူး သူမမျက်နှာလေးကို ရှောင်တိမ်းရင်း သူ့ကိုယ်ကြီးကို တွန်းထုတ်ပစ်လိုက်သည်။

ထိုအခါ နိုင်ဆွတ်မိုးသည် လူပါးဖြစ်၏။ သူမကိုယ်လေးကိုပါ သူ့ရင်ခွင်ထဲ တစ်ခါတည်း ဆွဲပွေ့ယူလိုက်ကာ သူမကိုယ်လေးကို သူ့ရင်ခွင်အောက်က လုံးဝ မလွှတ်ပါတော့။

မွှန်းကြပ်သွားရသော အနမ်း၊ နူးညံ့သော အတွေ့များအောက်တွင် ပန်ရှယ်ဖူး စကားများ ပျောက်ကွယ်သွားရသလို



www.burmeseclassic.com

www.burmeseclassic.com



သူမအား ဖြားယောင်းနေသော အချစ်များအောက်တွင် ပန်ရွယ်ဖူး နှလုံးသားလေးသည် အေးတစ်ခါ နွေးတစ်လှည့်ဖြင့် အရာအားလုံးကို အရှုံးပေးခဲ့ရပြန်သည်။

□ □ □



## အခန်း (၇)

အိမ်ထောင်ရက်လေးတွေ တစ်ရက်ပြီးတစ်ရက် ပြောင်းလာရပေမယ့် မပြောင်းလဲသေးသည်က ပန်ရွယ်ဖူး၏ သူ့အပေါ် ဆက်ဆံရေးပင်ဖြစ်သည်။

ချစ်သူကို ပိုင်ဆိုင်ခွင့်ရ၍ နိုင်ဆွတ်မိုး ပျော်ရသလောက် ပန်ရွယ်ဖူးကတော့ သူနှင့်ပတ်သက်လာလျှင် အရာအားလုံးကို အေးစက်စွာ တုံ့ပြန်တတ်သူဖြစ်သည်။

ထို့အတွက် ရင်မှာ မချိအောင် ခံစားရသည်ကလည်း နိုင်ဆွတ်မိုးသာဖြစ်သည်။

ပန်ရွယ်ဖူးသည် သူ့အား ချစ်ပါသည်လို့ ဘယ်ခါမှ မပြောသလို သူ့အား ချစ်လားဟု မေးတိုင်းလည်း စကားလွှဲသွားတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဒီအဖြစ်တွေက ကြာတော့ နိုင်ဆွတ်မိုး ခံစားစရာများ ဖြစ်လာရသည်။

သူမပုံစံက သူ့အား လက်ထပ်ထားသည့် ခင်ပွန်းသည် တစ်ယောက်ရယ်လို့လည်း အသိအမှတ်ပြုချင်ပုံမရပါ။

သူမဘက်က သူ့အပေါ် ဝတ္တရားကျေအောင် ပြုစုလုပ်ကိုင် ပေးသည်ကလွဲပြီး ကျန်အချိန်များမှာ သူ့အပေါ် ခင်ပွန်းသည် တစ်ယောက်ရယ်လို့ အသိအမှတ်ပြုပေးဖော်မရသော ချစ်ဇနီးကို နိုင်ဆွတ်မိုး သူ့ဘက်ပါအောင် ဘယ်လိုလုပ်ရမည်မှန်းလည်း မသိ တော့ပါ။

တကယ်တော့ သူလိုချင်သည်က သူမဘက်က ဝတ္တရား ကျေ လုပ်ကိုင်ပေးနေမှုမျိုးကို မဟုတ်ပါ။ ချစ်ဇနီးတစ်ယောက် အနေနှင့် ခင်ပွန်းသည်တစ်ယောက်အပေါ်မှာ ချစ်ကြင်နာစွာ တုံ့ပြန် သော ချစ်ခြင်းမေတ္တာများဖြင့် တုံ့ပြန်မှုများသာဖြစ်ပါသည်။

ဒါပေမဲ့ တကယ်တမ်း သူရရှိနေသည်က သူမထံမှ အေးစက်စက် ဝတ္တရားတစ်ခုလို လုပ်ဆောင်နေသည့် လုပ်ဆောင်





မှုများ။

ဘယ်မလဲ သူလိုချင်တောင့်တပါသည့် ချစ်ခြင်းမေတ္တာ။

သူမဘက်က သူ့အပေါ် ဝတ္တရားအရ လုပ်ကိုင်ဆောင်ရွက် ပေးပြီးသည်နှင့် ပန်းရွယ်ဖူးသည် သူနှင့် အဝေးတစ်နေရာကို ရှောင် ထွက်သွားတတ်သူလည်းဖြစ်သည်။

ကြည့်ရတာ သူမလေးသည် သူနှင့်အဝေးဆုံးတွင် နေရန် ဆုံးဖြတ်ထားသည့်ဟန်။

တကယ်ဆို သူမလို ငယ်ရွယ်နုငယ်သည့် မိန်းကလေး တစ်ယောက်အနေနှင့် ခင်ပွန်းသည်ဖြစ်သူအပေါ်မှာ တီတီတာတာ နှင့် ယုယကြင်နာစွာ ချွဲနွဲ့ရမည်ဖြစ်ပေမယ့် သူ၏ချစ်ဇနီးကတော့ ထိုအဖြစ်တွေနှင့် မသက်ဆိုင်သလို။

လူငယ်ပေမယ့် လူကြီးလေးတစ်ယောက်လို ဣန္ဒြေသိက္ခာ အပြည့်နှင့် နေတတ်သူလေးကိုကြည့်ပြီး သူ ရင်မောခဲ့ရသည်က လည်း မနည်းတော့။

ခုလည်း မနက်စာစားပြီး သူအလုပ်သွားမည်ဆိုတာနှင့် ပန်းရွယ်ဖူးသည် သူ့အတွက် အဝတ်အစားများ ထုတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်နှင့် သူ့ဘက်က တာဝန်ကျေသလိုမျိုး သူမအနား က လှည့်ထွက်သွားသော နိုင်ဆွတ်မိုး အံကို ကြိတ်လိုက်ပြီး မချင့်မရဲဖြစ်ကာ...

"ဒီမှာ အမိ ခဏနေပါဦး၊ ခင်ဗျား ဒါ ဘယ်ကိုသွား မလို့လဲ"

သူ့စကားသံကြောင့် သူမ သူ့အား ကြည့်လာလေသည်။

"ဘာဖြစ်လို့လဲ ဦးနိုင်ဆွတ်မိုး၊ ဘာလိုသေးလို့လဲ"

သူမစကားကြောင့် နိုင်ဆွတ်မိုး မျက်ခုံးကြီးတွန့်သွားရ ပြီး...

"နေပါဦး၊ ခင်ဗျားက ကျုပ်အပေါ် တာဝန်ကျေချင်နေ တာပဲ၊ ခင်ပွန်းသည်တစ်ယောက်အပေါ် ဝတ္တရားထက်ပိုပြီး မင်း ကျုပ်ကို မဆက်ဆံတော့ဘူးလား"

"ခု ကျွန်မ ဘာဖြစ်နေလို့လဲ၊ ကျွန်မဘက်က ဦးနိုင် ဆွတ်မိုးအပေါ် တာဝန်မကျေတာများ ရှိလို့လား"

"တာဝန်...တာဝန်၊ တော်စမ်းကွာ၊ အဲဒီတာဝန်ဆိုတာ ကြီးကို ကျုပ် မကြားချင်ဘူး၊ ဒီမယ် ပန်ရွှယ်၊ မင်းမသိဘူးလား





မောင်လိုချင်တာ မင်းဆီက ကြင်နာမှုဆိုတာ"

"ကျွန်မ ဒီလိုပဲနေတတ်တယ်"

"ဟင်...ဒါဆို မင်း မောင့်အပေါ် ဒီလိုပဲဆက်ဆံနေ မှာပေါ့"

"ဦးနိုင်ဆွတ်မိုးက ကျွန်မကို ဘယ်လိုဆက်ဆံစေချင်လို့ လဲ"

"မင်းမသိဘူးလား ပန်ရွှယ်၊ မောင် မင်းဆီက ဘာလို ချင်တယ်ဆိုတာ"

ပန်ရွှယ်ဖူးသည် သူ့အကြည့်များကို ရှောင်ဖယ်လိုက်ပြီး

"ကျွန်မဘဝတစ်ခုလုံး ပေးခဲ့ပြီ၊ ရှင် ကျေနပ်သင့်ပါပြီ"

"ပန်ရွှယ်"

ပန်ရွှယ်စကားက သူ့နှလုံးသားကို ဘယ်လောက်ထိ နာကျင်စေရသည်မသိပါ။

ပျက်ယွင်းကာ အုံ့မှိုင်းသွားရသော မျက်နှာကြီးက တစ်စုံ တစ်ရာ နာကျင်ချက်ကြောင့် မည်းမှောင်သွားရသည်။

ပန်ရွှယ်ဖူးကတော့ ထိုအဖြစ်ကို ဂရုမစိုက်ပါ။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှ တင်းတင်းလေးနှင့်ပင် သူ့အား ကျောခိုင်းပစ်လိုက်တော့

"နေဦး…စကားမဆုံးသေးဘူး၊ မောင့်အနားက မင်း ဒီလိုရှောင်ပြေးဖို့ ကြိုးစားနေတာကို မောင် ဒီအတိုင်းလက်ပိုက်ကြည့်နေမယ်လို့များ မင်းထင်နေလား"

မျက်နှာကြီး မှုန်တည်ကာ မချင့်မရဲကြီးဆိုရင်း လူကလည်း သူမအနားသို့ လှမ်းခနဲ ရောက်လာတော့ ပန်ရွှယ်ဖူး အံ့သြသွားရသည်။

ဒီနောက် ပန်ရွှယ်ဖူး ခါးကျဉ်းကျဉ်းလေးကို လက်အစုံနှင့် ဖျစ်ညှစ်လိုက်တော့…

"အို…ဖယ်ပါ"

ဆေးမကူပါဘဲ ရဲရဲတောက်နေသော မျက်နှာလေးနှင့် ပန်ရွှယ်ဖူး ရုန်းလိုက်တော့…

"ပန်ရွှယ်"

"အို…ဖယ်ပါ"

"အဟွန်း…ဟွန်း…ဟွန်း ပန်ရွှယ်ရယ်"

သူ့ရင်ခွင်ထဲ ရောက်နေသည့် အဖြစ်ကိုပင် အပျိုစင်လေး





တစ်ယောက်လို ရဲရဲနီသွေးနေသော မျက်နှာလေးဖြင့် ရုန်းနေသည့် ချစ်ဇနီးချောကို နိုင်ဆွတ်မိုး ချစ်အသည်းတွေယားစွာနှင့် သူ့အနမ်းတွေ သူမမျက်နှာလေးထက် တစ်ရှိုက်မက်မက် ရောက်ရှိသွားရသည်။

ပန်ရွှယ်ဖူးသည် သူ့အနမ်းတွေကို အမြန်ရှောင်တိမ်းလိုက်တော့ နိုင်ဆွတ်မိုးမှာ အပြုံးလွန့်လွန့်နှင့် သဘောကျသွားရပြီး…

"ဘာဖြစ်လို့လဲ၊ မောင့်ကို မချစ်လို့လား"

"ဘာတွေမေးနေတာလဲ၊ ရှင် အလုပ်သွားမှာမဟုတ်လား"

"သွားမယ်လေ"

"ဒါဆို သွားတော့လေ၊ ရှင် ဒီနေ့ ကုမ္ပဏီမှာ အစည်းအဝေးရှိတယ် မဟုတ်လား"

"မောင့်အပေါ်မှာ အခုလို ဂရုတစိုက်နဲ့ ဘာကြောင့် မောင့်အချစ်တွေကို မင်း အသိအမှတ်မပြုတာလဲ ပန်ရွှယ်"

"ရှင်နော်…ဘာတွေပြောနေတာလဲ၊ သွားမှာသာသွားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မေးတာကို မင်း ဖြေစမ်းပါ ပန်းရွယ်၊ မင်း မောင့်ကို ဘာဖြစ်လို့ ပြန်မချစ်တာလဲဆိုတာ"

"ဒီမှာ ဦးနိုင်ဆွတ်မိုး၊ ကျွန်မက ရှင့်ကိုပြန်ချစ်ပါ့မယ်လို့ ကတိပေးထားလို့လား၊ တကတည်း လူကို အနိုင်ယူလွန်းတယ်"

"ဘာပြောတယ်၊ မောင်က အနိုင်ယူတယ်ဟုတ်လား"

"ဟုတ်တယ်၊ ရှင်က ရှင့်ဆန္ဒကို သိပ်ဦးစားပေးလွန်းတယ်၊ တစ်ဖက်လူရဲ့ဆန္ဒကို နည်းနည်းမှ ထည့်မတွက်ဘူး၊ ဒါတွေကြောင့်လဲ"

"ဒါတွေကြောင့် ဘာဖြစ်လဲ ပန်းရွယ်၊ ပြောစမ်းပါ၊ ဒါတွေကြောင့် ဘာဖြစ်လဲဆိုတာ"

"အို…မသိဘူး၊ မသိဘူး၊ ရှင် ကျွန်မကို ခုလိုမျိုးဖွတ်တိုးလုပ်နေရုံနဲ့ ကျွန်မအချစ်ကို ရှင်ရမှာမဟုတ်ဘူး"

"ဟင်"

မမျှော်လင့်သည့်စကား ပန်းရွယ်ထံမှ ကြားလိုက်ရသဖြင့် နိုင်ဆွတ်မိုး မျက်နှာပျက်သွားရလေသည်။ ပန်းရွယ့်အမုန်းတွေက သူထင်တာထက် ပို၍ကြီးမားနေသည်ပါလား။





မယုံနိုင်ခြင်း၊ အံ့သြစိတ်တွေနှင့် နိုင်ဆွတ်မိုး လက်တွေက ပန်းရွယ်ဖူးကိုယ်လေးကို ဖြေလွှတ်လိုက်၏။

ဒီနောက် သူမမျက်နှာကို ခပ်စူးစူးငေးစိုက်ကြည့်ရင်း…

"မောင့်ကို လက်ထပ်လိုက်ရတဲ့အတွက် ပန်းရွယ် မောင့်ကို နာကျင်နေတာလား"

"ရှင့်ကို နာကြည်းတာထက် ကျွန်မကိုယ်ကျွန်မ နာကြည်းတယ်ဆိုရင် မှန်လိမ့်မယ်"

"ပန်းရွယ်"

စိမ်းလဲ့နေသော မျက်ဝန်းထဲက ခံစားမှုတွေကို သူမြင်လိုက်တော့ နိုင်ဆွတ်မိုးရင်မှာ မချိနိုင်ပါတော့။

သူအသက်မက ချစ်ရပါသော သူ၏ချစ်ဇနီးသည် သူ့အပေါ် တကယ်ပင် နာကြည်းမုန်းနေပါရောလား။

သည်အဖြစ်က သူ့အတွက် ဘယ်လောက်များ နာကြည်းဖွယ်ကောင်းလိုက်ပါသည်လဲ။

တစ်နေ့မှာ သူ၏ချစ်ခြင်းမေတ္တာတွေကြောင့် သူမ သူ့အချစ်တွေကို နားလည်လက်ခံလာလိမ့်မည်လို့ ထင်ထားခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ခုတော့ ထိုထင်မြင်မှုတွေနှင့် တခြားစီ တုံ့ပြန်ရရှိနေသည့် အဖြစ်များက သူ့အတွက် ခါးသီးဖွယ်ရာများပင်။

ထိုအဖြစ်တွေအတွက် သူ့နှလုံးသားကလည်း ခံနိုင်ရည် မရှိတော့။

အကြိမ်ကြိမ်စိတ်ကူးဖြင့် မျှော်မှန်းထားပါသော အဖြစ် တွေကလည်း ခုတော့ အရာမရောက်နိုင်တော့သလို။

ခံစားရသည့်စိတ်ကြောင့်လည်း ခြေလှမ်းတွေပင် နေရာမှ မရွေ့နိုင်တော့အောင် ရှိလာရသည်။

"မင်း မောင့်ကို မုန်းတယ်ဆိုတာ တကယ်ပဲလား ပန်းရွယ်၊ မောင့်အပေါ် မင်း ခွင့်မလွှတ်နိုင်အောင် သိပ်မုန်းနေပြီ ပေါ့ ဟုတ်လား၊ မောင်က မင်း အမုန်းတွေနဲ့ပဲ ထိုက်တန်တဲ့လူ ဖြစ်နေပြီလား၊ ပြောစမ်း ပန်းရွယ်၊ မင်းပြောစမ်းပါ"

သူမပခုံးလေးကို သူ ဆုပ်ကိုင်ကာ မေးပေမယ့် ပန်းရွယ် ဖူးမဖြေ။ နှုတ်ခမ်းလေးတင်းတင်းစေ့ပိတ်လျက် ငြိမ်သက်နေလေ သည်။

"အဟွန်း…ကောင်းပါတယ်လေ၊ မောင့်လိုကောင်က





မင်းအမုန်းတွေနဲ့ပဲ ထိုက်တန်တယ်ဆိုတာ မောင် ခုသိရပါပြီ၊ ကောင်းပြီ မောင် ဒီနေ့ကစပြီး မင်းဆီက ချစ်ခြင်းမေတ္တာတွေကို မောင် မတောင်းဆိုတော့ဘူး ပန်းရွယ်၊ အဲဒီအတွက် မင်းစိတ်ချမ်း သာပါတော့၊ မောင် သွားမယ်"

ရင်မှာ ခံစားရသမျှ နာကျင်ပေါက်ကွဲစွာဆိုရင်း နိုင်ဆွတ် မိုး ပန်းရွယ်ဖူးအား ကျောခိုင်းပစ်လိုက်သည်။

ပန်းရွယ်ဖူးမှာ သူ့အား ကျောခိုင်းသွားသည့် နိုင်ဆွတ်မိုး၏ နောက်ကျောမြင့်မြင့်မားမားကြီးကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမမျက်ဝန်းထဲမှာတော့ မျက်နှာကြီးတစ်ခုလုံး နီရဲကာ စိတ်ထိခိုက်သွားရသည့် သူ့အသွင်ကို မြင်ယောင်နေလေသည်။

သူ့ကိုပြောလိုက်သည့် စကားများ သိပ်ကို လွန်သွားခဲ့ ပြီလား။

ပန်းရွယ်ဖူး သူ့စိတ်ကိုလည်း သူမ ဝေခွဲမရဖြစ်နေလေ တော့သည်။

ဦးနိုင်ဆွတ်မိုး သူမအပေါ် ဟာယုတာယနှင့် ချစ်တတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုလည်း သူမ မသိမပ‌ောတ် သိပါ၏။ သိနေပေမယ့် သူ့အချစ်ကို သူမ လက်မခံနိုင်တာက ခက်နေလေသည်။

ဒါကလည်း သူ့အပေါ် နာကြည်းချက်ကြောင့်သာ ဖြစ်ပါလိမ့်မည်။ ဘာပဲပြောပြော သူမရင်ထဲမှာတော့ သူ့အပေါ် အတူနေရက်လေးများ ကြာလာသည်နှင့်အမျှ ရင်ထဲက သံယောဇဉ်ကြိုးများကလည်း တစ်စွန်းတစ်စ ဟွယ်ငြိလာရသလို။

သူ့အပေါ် အရွဲ့တိုက်အနိုင်လိုချင်စိတ်နှင့် ပါးစပ်က မချစ်နိုင်ပါ၊ မုန်းပါသည်လို့ ပြောနေပေမယ့် တကယ်တမ်း သူမရင်ထဲ နိုင်ဆွတ်မိုးနှင့် ပတ်သက်သမျှ ဝင်ကြည့်မည်ဆိုပါလျှင် သူ့အပေါ် သူမ အမုန်းစိတ်လေးသည် ရင်ထဲပါးလျနေရပြီဖြစ်သည်။

သို့သော် ဒီပြောင်းလဲမှုကိုပင် ပန်ရွယ်ဖူး သူမကိုယ်သူမ လက်မခံနိုင်အောင် ရှိနေရသည်။

သူမရင်ထဲက ပြောင်းလဲနေမှုတွေကို ဘာမှမသိသည့် သူကတော့ သူ့အချစ်များကို လှစ်လျူရှုရက်ပါမလားဆိုကာ နာကျင်မှုတွေနှင့် မချင့်မရဲဖြစ်နေမှန်းလည်း ပန်ရွယ်ဖူး သိပေမယ့် မသိဟန်ပြုကာ သူ့အား အမုန်းတွေနှင့် တုံ့ပြန်ခဲ့လေသည်။





တကယ့် တကယ်တမ်း သူမရင်ထဲ အချစ်မြားလေး စိုက်ဝင်နေခဲ့ပြီဆိုတာ သူသိရင်ဖြင့်

ဦးနိုင်ဆွတ်မိုးရယ်…။

နိုင်ဆွတ်မိုး၏ မျက်နှာချောချောကြီးက သူမမျက်ဝန်းထဲ ထင်ဟပ်လာရသည်။

နူးညံ့ချိုသာသော ချစ်စကားတွေနှင့် ဦးနိုင်ဆွတ်မိုးသည် သူမအား အချစ်များဖြင့် ပြုစားတတ်သူဖြစ်ပါသည်။

အချစ်နှင့်ပတ်သက်လို့ ဘာအတွေ့အကြုံ ခံစားမှုမှမရှိသည့် ပန်ရွယ်ဖူးဘဝတွင် နိုင်ဆွတ်မိုးဆိုသည့်သူတစ်ယောက်သည်သာ သူမနှလုံးသားတွင် ဦးဆုံးဝင်ရောက်လာသူဖြစ်သည်။

သူ့အချစ်များအောက်တွင် သူမ တဖြည်းဖြည်းကျရှုံးခဲ့ရသည့် အဖြစ်များအတွက်လည်း ပန်ရွယ်ဖူး သူမကိုယ်သူမ နာကျင်ခြင်းပါ၏။

ခက်တာက ဦးနိုင်ဆွတ်မိုးဆိုတာ သူမဘဝရဲ့ အိမ်ထောင်ဦးသခင်။ သူ့ကို ဘာကြောင့် ဘယ်လိုမုန်းပါသည်ပြောပြော ခုချိန်မှာတော့ သူ့ကို သူမကြောင့် စိတ်မဆင်းရဲစေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တောင့်တနေသည့် အချစ်များကို ပန်ရွယ်ဖူးသည် ဦးနိုင်ဆွတ်မိုးအား ပေးအပ်လိုက်ရန်ကိုလည်း ဆုံးဖြတ်လိုက်မိသည် နှင့် သူ့ရင်ထဲ ရှက်သွေးလွှန့်လွှန့်လေး ဖြတ်သန်းသွားရကာ ဖြူနု သော မျက်နှာလေးမှာလည်း ရှက်စိတ်တွေနှင့် ပန်းသွေးရှင့် သန်းသွားရသည်။

ဩော်…ဘာပဲပြောပြော ချစ်ခြင်း၏ ပြုစားမှုကိုတော့ ဘယ်သူမဆို ခံနိုင်ရည်ရှိမည်မဟုတ်နိုင်ပါ။ ထိုထဲ ပန်ရွယ်ဖူးသည် လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့ရပြီမဟုတ်ပါလား။

နိုင်ဆွတ်မိုးနှင့် ပတ်သက်ကာ ရင်ထဲ ချစ်ခြင်း၊ ရှက်ခြင်း တွေနှင့် မျက်နှာလှလှလေး ပန်းသွေးတောက်သည့်အထိ ရှက်ပြုံး အတွေးလေးနှင့် ရှိနေရာ ပန်ရွယ်ဖူးသည် ခင်ပွန်းသည်၏ မျက်နှာ ချောချောကြီးကို မြင်ယောင်ပြီး တစ်ယောက်တည်း ရင်ခုန်ခြင်းတွေ နှင့် ရှိနေဆဲ…

"တူ…တူ…တူ"

ဖုန်းသံကြောင့် အတွေးများထဲမှ ပန်ရွယ်ဖူး လန့်နိုးသွားရ သည်။





"ဟဲလို အမိန့်ရှိပါရှင်"

"ဟုတ်ပါတယ်"

"ရှင်"

"ဘာပြောလိုက်တယ်"

"ဘယ်သူ"

"ဟင်…မောင်…မောင် ဘာဖြစ်တယ်"

"အို…ကျွန်မ အခုပဲလာခဲ့မယ်၊ ဟုတ်ကဲ့"

သွေးမရှိတော့သလို ဖြူဖျော့သွားရသော မျက်နှာလေးကို ပန်ရွယ်ဖူး ဖုန်းလေးကို ချလိုက်၏။

"ဒေါ်လေးခင်…ဒေါ်လေးခင် အဟင့်…ဟင့်…ဟင့်"

ပန်ရွယ်ဖူး ဒေါ်လေးခင်ကို ခေါ်ရင်းက လူကလည်း သည်းသည်းထန်ထန် ငိုရှိုက်နေမိ၏။

"ဘာဖြစ်တာလဲ ပန်ရွယ်၊ ဘာဖြစ်လို့လဲ၊ မထိတ်သာ မလန့်သာရှိလိုက်တာကွယ်၊ ဘာဖြစ်တာလဲ ဒေါ်လေးခင်ကိုပြောပါ ဦး"

"ဒေါ်လေးခင် အဟင့် ဟင့် မောင်လေ၊ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"လူလေး ဘာဖြစ်လို့လဲ ပန်ရွှယ်"

"အဟင့်...ဟင့်...မောင့် အခု ဆေးရုံပေါ်မှာ၊ ကားတိုက်လို့တဲ့၊ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ပန်ရွှယ်လည်း မသိရသေးဘူး၊ ပန်ရွှယ် မောင့်နောက်ကို လိုက်သွားဦးမယ်၊ ဒေါ်လေးခင် လူကြီးတွေကို အကြောင်းကြားပေးထားပါနော်"

"အေး...အေး သွား...သွား၊ ဒေါ်လေးခင် နောက်မှာ အားလုံးစီစဉ်ထားလိုက်မယ်၊ ပြီးရင် ဒေါ်လေးခင်လည်း လိုက်ခဲ့မယ်"

ဒေါ်လေးခင်စကားကို ပန်ရွှယ်ဖူး ဆုံးအောင်နားမထောင်နိုင်တော့ပါ။ မောင်ရှိရာသို့ အပြေးလေး လှမ်းခဲ့ပြီဖြစ်သည်။

ရင်ထဲတွင်တော့ မောင့်အတွက် စိုးရိမ်ပူပန်မှုများကြောင့် ဗလောင်ဆူဝေနေရပြီ။

တစ်လမ်းလုံးမှာလည်း မောင် အန္တရာယ်ကင်းအောင် ဆုတောင်းရင်း ပန်ရွှယ်ဖူး ဆေးရုံသို့ ရောက်ခဲ့ရလေသည်။

ပန်ရွှယ်ဖူး ဆေးရုံသို့ရောက်တော့ မောင့်ကုမ္ပဏီမှ မန်နေဂျာက သူမအား စောင့်ကြိုနေသည်။





"ဦးလေး...မောင့်အခြေအနေ"

"ကံကောင်းတယ်လို့ ပြောရမယ်ကွဲ့၊ ဆရာ့ကားက တစ်ဖက်ကားကို အမြန်ရှောင်လိုက်တာ အရှောင်ကောင်းသွားပြီး ဒဏ်ရာက သိပ်ကြီးကြီးမားမား မရလိုက်ဘူး၊ ဒါပေမယ့် ဘယ်ဘက်နံရိုးတော့ ကျိုးသွားတယ်၊ ဆရာ ခုထိတော့ သတိမရ သေးဘူး၊ ဆရာဝန်က ပြောပါတယ်၊ စိုးရိမ်စရာမရှိဘူး၊ မကြာခင် သတိရလာလိမ့်မယ်တဲ့"

မန်နေဂျာဦးလေးကြီးမှာ ပန်ရွှယ်ဖူးအား ဘယ်လိုပင် မစိုးရိမ်ဖို့ ပြောနေပေမယ့် ပန်ရွှယ်ဖူး မောင့်အတွက် မစိုးရိမ်ဘဲ မနေနိုင်ခဲ့ပါ။

သူမရင်ထဲ ခံစားမှုတွေက ခုချိန်မှာ မောင်နဲ့ထပ်တူသာ ဖြစ်ပါသည်။ မောင့်ကိုချစ်သောစိတ်ဖြင့် သူမရင်ထဲ စိုးရိမ်ပူပန်မှုတွေက သူမခန္ဓာကိုယ်အနှံ့ စီးဝင်ပျံ့နှံ့နေရပြီဖြစ်သည်။

"ဆရာ ဒီဘက်အခန်းမှာပါ"

ထိန်းထားသည့်ကြားကပင် မျက်ရည်တွေက ပါးပြင်ပေါ် ပိုးပိုးပေါက်ပေါက် ကျလာရပေမယ့် ပန်ရွှယ်ဖူး ထိုအဖြစ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှက်နိုင်ပါ။

ခုချိန်မှာ သူမအတွက် မောင်သာ အရေးကြီးဆုံးဖြစ်သည်။

ဆေးရုံခုတင်ထက်တွင် ပတ်တီးအဖွေးသားနှင့် ဆေးပိုက်များသွင်းကာ သတိလစ်နေပါသော မောင့်ကို တွေ့လိုက်ရသည်နှင့် ပန်ရွှယ်ဖူး နှလုံးသား ဖျစ်ညှစ်ခံလိုက်ရသလို မွန်းကြပ်သွားရသည်။

"အဟင့်…ဟင့်…ဟင့် မောင်ရယ်"

"မောင်"

ပန်ရွှယ်ဖူး သူမကိုယ်သူမ မထိန်းချုပ်နိုင်တော့။ မောင့်ရင်ဘတ်ပေါ် မျက်နှာအပ်ကာ သူမ သည်းထန်စွာ ငိုရှိုက်လိုက်မိပါပြီ။

မောင်ရယ်။

ယခုထက်တိုင် သတိမရသေးသော မောင့်အဖြစ်က ပန်ရွှယ်ဖူးအတွက် နှလုံးသားများကို တဆစ်ဆစ် နာကျင်စေရပါသည်။

မောင့်မျက်နှာကို ပန်ရွှယ်ဖူး ငေးစိုက်ကြည့်လိုက်သည်။ စကားကို လိုတာထက်ပို မပြောတတ်သော မောင်သည်





ရုတ်တရက်ဆိုပါက မောင့်ပုံစံက ရှုတည်တည်နှင့် ခက်ထန်လွန်းသည်လို့ ထင်ရပေမယ့် တကယ်တမ်းမှာတော့ မောင်သည် နှလုံးသား နူးညံ့သိမ်မွေ့သူတစ်ယောက်ဖြစ်သည်။

မောင်နှင့် အနေကြာလာသည်နှင့်အမျှ ပန်ရွှယ်ဖူးသည် မောင့်စိတ်ကို နားလည်လာရပြီဖြစ်သည်။

အမုန်းတိုင်းဝန်ခံရပါလျှင် ပန်ရွှယ်ဖူးသည် မောင့်ကို မြင်မြင်ချင်းမှာပင် မောင်၏ ချောမောသော ရုပ်ရည်နှင့် တည်ကြည်မှုတို့ကို သတိထားမိခဲ့ရပြီဖြစ်သည်။

သို့သော် ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်ခဲ့ရသည့် မောင့်ဘက်က ဆက်ဆံရေးများကြောင့် ပန်ရွှယ်ဖူး မောင့်အပေါ် အမြင်မကြည်ခဲ့တော့ပါ။

သည်ကြားထဲ လူကို ရှုတည်တည်မျက်နှာထားကြီးနှင့် စကားကို ဘုဘောက်ဆိုလာသောအခါ ပန်ရွှယ်ဖူး သူ့အပေါ် ကြည့်မရတော့။

သည်လို ဆက်ဆံရေးနဲ့ပင် သူသည် သူမကို ချစ်ပါသည်ဆိုလာသောအခါ ပန်ရွှယ်ဖူး သူ့အချစ်များကို မယုံနိုင်တော့သလို



www.burmeseclassic.com

www.burmeseclassic.com



သူမအချစ်များကို ရွတ်တရွတ် သိမ်းပိုက်လာသောအခါ ပန်းရွယ်ဖူး အမုန်းတွေက သူ့အပေါ် ပိုခဲ့ရလေသည်။

အစကတော့ သူ ပန်းရွယ်ဖူးမာနကို တမင်ချိုးချင်လို့များ လားလို့ ထင်ခဲ့ပေမယ့် အချိန်နေ့ရက်လေးများ ကြာလာသည့်အခါ မှာတော့ သူ့အချစ်တွေက သူမအပေါ် ယုံမှားသံသယကင်းလောက် အောင် နိုင်မာလေးနက်လွန်းနေရသည်။

သူ သူမကို တကယ်ချစ်နေမှန်း သိလိုက်ရတော့ ပန်းရွယ် ဖူးနှလုံးသားလေးက ကြည်နူးဝေဖြာစွာ လိုက်ခုန်မောခဲ့ရလေသည်။

တစ်ဆက်တည်း သူမကိုယ်သူမ သိလိုက်သည်က ပန်းရွယ် ဖူးသည် သူ့ကိုပြန်၍ ချစ်နေမိပြီဆိုတာပင်။

ချောမောသောရုပ်ရည်၊ တည်ကြည်သောမျက်နှာထား တို့ကြောင့် တွေ့စကပင် လိုက်ခုန်ခဲ့ရသည့် သူ့နှလုံးသားခံစားချက် က သူ့ကို ချစ်နေမိပြီမှန်း သိလိုက်ရတော့ ရင်မှာ ပျော်ရွှင်မှုတွေ နှင့် ခံစားမှုတွေသည်လည်း ပြောင်းလဲခဲ့ရလေပြီ။

မောင့်ကို ချစ်နေမိပြီဖြစ်တဲ့ သူမ မောင့်အတွက် စိုးရိမ်ပူ ပန်မိသည်မှာလည်း မဆန်း။





မောင် ဘာမှမဖြစ်ပါစေနဲ့။

ပန်းရွယ်ဖူး မောင့်ဘေးတွင် ထိုင်ရင်း သတိလစ်နေသည့် မောင့်လက်တစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ ဆုတောင်းနေမိ သည်။

ချစ်တတ်လာပြီဆိုတော့ နှလုံးသားက စကားများစွာ ဆိုတတ်လာပြီဖြစ်သည်။

အချိန်လေးတွေ တရွေ့ရွေ့ကုန်သွားပါသည်။ မောင်က တော့ သတိမရသေး။

ဆရာဝန်ကြီးကိုယ်တိုင်က မောင့်အတွက် မစိုးရိမ်ပါနှင့်ဟု ပြောပေမယ့် ပန်းရွယ်ကတော့ ချစ်သောမောင့်အတွက် ရင်မှာ စိုးရိမ် စိတ်တွေ ပိုနေရပါပြီ။

ထိုစိုးရိမ်စိတ်တွေကြောင့်လည်း ပန်းရွယ်ဖူး မောင့်လက် တစ်ဖက်ကို သူမပါးနှင့် ကပ်ထားလိုက်သည်။

“မောင်”

“မောင်ရယ်”

“ပန်းရွယ် ခေါ်နေတယ်လေ၊ မောင် ကြားပါတော့နော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ အဟင့်…ဟင့်…ဟင့်''

မောင့်လက်လေးကို တင်းတင်းဆုပ်ထားရင်းက ထိနိုက်နာကျင်လွန်းသည့် ခံစားမှုတွေကြောင့် မျက်ရည်တွေက သူမပါးပြင်ထက် ကျလာသည်မှာ မောင့်မျက်နှာသို့ပင် စွန်းထင်သွားရသည်။

အသိနှင့်ခန္ဓာတွဲ၍မရသေးပေမယ့် သူ့အာရုံထဲမှာတော့ သူ့အား မောင်ဟု တဖွဖွခေါ်နေသော အသံက စွဲထင်နေရသည်။ ထိုခေါ်သံလေးသည် တိုးသွားလိုက် ဝေးသွားလိုက် နီးလာလိုက် ဝေးလာလိုက်နှင့် ရှိုက်သံနှင့် ခေါ်သံက သူ့နားထဲ အဆက်မပြတ် ကြားယောင်နေမိသည်။

အာရုံတွေ တဖြည်းဖြည်း ရှင်းလင်းလာရ၏။ ထို့အတူ သူ့အား မောင်ဟုခေါ်နေသည့် ခေါ်သံရှင်ကိုလည်း နိုင်ဆွတ်မိုး ကောင်းစွာ သိလိုက်ပါပြီ။

''ပန်ရွှယ်''

''ပန်ရွှယ်''

''မောင်''

''မောင် သတိရလာပြီနော်''





''အင်း''

''အင်း''

''အို…မောင်…မောင်ရယ်၊ ပန်ရွှယ် ဝမ်းသာလိုက်တာရှင်၊ မျက်စိဖွင့်ကြည့်ပါဦး မောင်၊ ပန်ရွှယ်လေ မောင်ချစ်တဲ့ ပန်ရွှယ်ပါ''

လွန့်လူးလာသည့် ခန္ဓာကိုယ်နှင့် လှုပ်ရှားမှုကြောင့် ပန်ရွှယ်မှာ ဝမ်းသာသွားရကာ မောင့်လက်ကိုလည်း ပို၍ဖျစ်ညှစ်လိုက်ပြီး မောင့်ပါးပြင်ချောချောကြီးထဲ သူမပါးပြင်ဖိကပ်ကာ…

''ပန်ရွှယ်ကို ကြည့်ပါဦး မောင်၊ မောင့်ဘေးမှာ ပန်ရွှယ်ရောက်နေပြီလေ၊ မောင် ပန်ရွှယ်ကို ချစ်တယ်ဆို၊ အဟင့်…ဟင့် ဟင့် ပန်ရွှယ်ကို ကြည့်ပါဦးမောင်ရဲ့၊ ပန်ရွှယ် ပန်ရွှယ် မောင့်ကို ချစ်ပါတယ် မောင်ရယ်''

''မောင့်ကိုချစ်တယ်တဲ့လားကွယ်''

နိုင်ဆွတ်မိုး မျက်ဝန်းများ ရုတ်တရက် မဖွင့်သေးပါ။ သူ ကောင်းစွာကြားနေရပြီဖြစ်တဲ့ ချစ်ဇနီး၏ခေါ်သံနှင့် စကားတွေကိုသာ ရင်မှာ ကြည်နူးချမ်းမြေ့စွာ နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသတိရလာလာခြင်း ယခုလို ချစ်ဖနိုးသည်ထံမှ ချစ်ပါသည်ဆိုသောစကားကို ကြားခွင့်ရလိုက်သည့်အဖြစ်က သူ့ဘဝအတွက် ဖော်မပြနိုင်သော ဆုကြီးဖြစ်သည်။

မျက်ရည်တွေနှင့် သူ့အပေါ် စိုးရိမ်ပူပန်နေသော ချစ်ဖနိုး၏ ခံစားမှုများကို သိရတော့ သူ့ဝေဒနာတွေကိုပင် နိုင်ဆွတ်မိုး မေ့ချင်ချင်ဖြစ်သွားရ၏။

သူ ယခုလို ဒဏ်ရာရလိုက်ခြင်းဖြင့် ချစ်ဖနိုးရင်ထဲ မြုပ်ကွယ်ထားသည့် ရင်ထဲက ချစ်စကားများကို ကြားသိခွင့်ရလိုက်ခြင်းကပင် သူ့အဖို့ ကံအကောင်းဆုံးလူသားတစ်ယောက် ဖြစ်သွားရပြီဖြစ်သည်။

တကယ်တော့ သူ ဒီလိုဖြစ်ရခြင်းအကြောင်းမှာ သူမလေးကြောင့်ဆိုလျှင်လည်း မမှားပါ။

အမုန်းမျက်ဝန်းစိမ်းစိမ်းတွေနှင့် သူ့အား မုန်းပါသည်ဆိုသော စကားများ ကြားပြီးကတည်းက နိုင်ဆွတ်မိုး သူ့အတွက် မျှော်လင့်ချက်မရှိတော့သလို နာကျင်ကြေကွဲစွာခံစားရသော ဝေဒနာများဖြင့် ကားကို မောင်းလာခဲ့ရာမှ တစ်နေရာအရောက်မှာတော့





တစ်ဖက်က ဘရိတ်ပေါက်လာသောကားကို နိုင်ဆွတ်မိုး သတိမထားမိလိုက်ခြင်းဖြစ်သည်။

ဒါတောင် သူ့အတွက် ကံကောင်းသည်လို့ ပြောရပါမည်။ သူ သတိနှင့် ကားကိုလွတ်ရာကို ရှောင်လိုက်၍သာ ဒီမျှလောက်သူ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

မဟုတ်ပါက သူ့အတွက် စိုးရိမ်ဖွယ်ရာပင်။ ယခုတော့ သူခံစားရသမျှ ဝေဒနာတွေအားလုံးမှာ ချစ်ဖနိုး၏စကားတစ်ခွန်းနှင့်ပင် အရာအားလုံး ပျောက်ကွယ်ခဲ့ရပြီ ဖြစ်သည်။

"မောင်"

"ပန်ရှယ်ခေါ်တာ ကြားရဲ့လားမောင်ရယ်"

"မောင်တဲ့လားဗျာ၊ ပန်ရှယ်ခေါ်တာ မောင် ကြားပါတယ်"

"အို…မောင်…မောင် သတိရလာပြီနော်၊ ပန်ရှယ် ဝမ်းသာလိုက်တာ မောင်ရယ်၊ ပန်ရှယ် သိပ်ဝမ်းသာတာပဲရှင်"

မျက်ဝန်းများ ရုတ်တရက် ဖွင့်ကာပြောလိုက်သော နိုင်ဆွတ်မိုးကြောင့် ပန်ရှယ်ဖူး မျက်နှာလှလှလေး ဝင်းပသွားရကာ



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာကိုသာ မလွှတ်တမ်း ငေးစိုက်ကြည့်နေမိတော့သည်။

“ဟုတ်ပါတယ် ပန်ရွယ်၊ မောင် သတိရလာပါပြီ”

“မောင်ရယ်”

တလိမ့်လိမ့်ကျနေသည့် မျက်ရည်ဥကြီးတွေနှင့်ပင် ရင်မှာ ဝမ်းနည်းဝမ်းသာစွာ မောင့်ရင်ခွင် ခေါင်းလေးမှေးတင်လိုက်မိသည်။

“မောင်သိရဲ့လားဟင်၊ ပန်ရွယ် မောင့်အတွက် ဘယ်လောက်စိုးရိမ်လဲဆိုတာ”

တိုးတိုးလေးထွက်လာသည့် သူမ၏စကားသံက သူ့ရင်ကို ထိခိုက်သွားရလေသည်။

“မောင်သိပါတယ်ဗျာ၊ ပန်ရွယ် မောင့်အတွက် ဘယ်လောက်တောင် စိုးရိမ်နေလဲဆိုတာ၊ ပန်ရွယ့်စကားကို နားထောင်တာနဲ့တင် မောင်သိပါတယ်”

“ဟင်…မောင်သိတယ်ဟုတ်လား၊ ဒါဖြင့် မောင် စောစောကတည်းက”

“အဟွန်း…ဟုတ်တယ်၊ မောင်သတိရနေတာ ကြာပြီ”

“အို”





“ကြည့်စမ်း မောင် မကောင်းဘူးကွယ်”

“ဘာဖြစ်လို့လဲဗျာ”

နီရဲနေသော မျက်နှာလေးနှင့် ရှက်သွေးဖြာစွာဆိုနေသော ချစ်ဇနီးချောကို နှိုင်ဆွတ်မိုး အပြုံးတွေနှင့် ငေးကြည့်ကာ ဆိုလိုက်သည်။

ထိုအခါ ပန်ရွယ်ဖူးမှာ သူ့ရင်ဘတ်ပေါ် လက်လေးဖွဖွ တင်လာရင်း…

“ဒါဆို ပန်ရွယ်ပြောနေတာတွေ”

“ဟုတ်တယ်၊ အားလုံး မောင် ကြားပြီးပြီ”

“အို”

ပန်ရွယ်ဖူး သူ့မျက်နှာကို မကြည့်ရဲတော့ပါ။ သူမကတော့ သူမစကားတွေကို သူမကြားဘူးအထင်နှင့် ရင်မှာ ခံစားရသမျှ ဖွင့်ပြောနေသမျှ ခုတော့ မောင်က အားလုံးကြားနေသည်တဲ့လား။

ရှက်လိုက်တာ။

ပန်ရွယ်ဖူး ရှက်ရှက်နှင့် သူ့မျက်နှာကိုလည်း မကြည့်ရဲတော့ပါ။ ရင်ထဲမှာတော့ ရင်ခုန်သံလေးတွေ မြန်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်ပေါ် တင်ထားသည့် သူမလက်လေးကို ပန်ရွှယ်ဖူးတစ်ယောက် ရှက်ရှက်နှင့် ရုန်းယူတော့ နိုင်ဆွတ်မိုးက လှုပါ။ သူမလက်ကလေးကို သူ့လက်နှင့် ခပ်တင်းတင်းဆုပ်ထားလေသည်။ သူ့အပြုအမူကြောင့် ပန်ရွှယ်ဖူး ပို၍ရှက်သွားရသည်။

"လွှတ်ပါ"

"ဘာဖြစ်လို့လဲ၊ မောင့်ကို မချစ်တော့ဘူးလား"

"သူနော်"

"မောင် မဟုတ်တော့ဘူးလား"

"ကြည့်စမ်း…မောင် အားလုံးသိနေတာပဲ"

"အဲဒီထက် သိတာရှိသေးတယ်၊ ဒီကောင်မလေး မောင့်ကိုဖက်ပြီး ငိုတာကိုလေ"

"မောင်နော်"

ရှက်မျက်စောင်းလေးတွေက နိုင်ဆွတ်မိုးထံ ရောက်ရှိလာရသည်။

ဝေဒနာတွေနှင့်ကြားက နိုင်ဆွတ်မိုးမှာ ချစ်ဇနီးကြောင့် မချင့်မရဲဖြစ်သွားကာ…





"နောက်ပြီး အဲဒီကောင်မလေးက မောင့်ကို ဘာပြောသေးတယ်မှတ်လဲ၊ မောင်ရယ်တဲ့ ပန်ရွှယ် မောင့်ကို ချစ်ပါတယ်တဲ့လေ"

"မောင်"

ကိုယ့်ကိုယ်ကို ဝေဒနာသည်တစ်ယောက်ပါလားရယ်လို့ မေ့သွားရသော နိုင်ဆွတ်မိုးမှာ သူမအပေါ် ချစ်မြတ်နိုးစိတ်တွေနှင့် ကလေးတစ်ယောက်လို စနောက်နေမိသည်။

ပန်ရွှယ်ဖူးမှာလည်း ဝေဒနာတွေ ခံစားနေသည့်ကြားက သူမကို မပျော်ပျော်အောင် စနေသော မောင့်ကို ချစ်သနားစိတ်တွေနှင့် ခပ်ငေးငေးလေး ကြည့်နေမိတော့သည်။

"မောင်ရယ်…မသေကောင်းမပျောက်ကောင်းကွယ်"

နိုင်ဆွတ်မိုးကိုယ်ပေါ်က ဒဏ်ရာများကို ကြည့်ပြီး ပန်ရွှယ်ဖူး သနားကြင်နာစွာ ပြောလိုက်လေသည်။

"မောင့်အတွက် ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ မောင် ဘာမှမဖြစ်ပါဘူး၊ တကယ်တော့ မောင် ဒီလိုဖြစ်တာ ပန်ရွှယ့်အကြောင်းတွေ မောင် တွေးသွားမိလို့ပါ"

"ဘယ်လို…မောင်"



www.burmeseclassic.com

www.burmeseclassic.com



“မောင့်အတွေးတွေထဲမှာ ပန်ရွှယ်က အမြဲရှိနေတော့ မောင် ဂရုမစိုက်မိခဲ့ဘူး၊ ပန်ရွှယ်ကို မောင် အဲဒီလောက်ထိ ချစ်တယ်”

“မောင်ရယ်”

မောင့်ထံမှ ချစ်ခြင်းမေတ္တာများကို သူမ အကြွင်းမဲ့ယုံကြည်လိုက်ပါပြီ။ မောင်သည် သူမနှင့် ပတ်သက်လာလျှင် ကိစ္စအသေးအမွှားလေးကအစ ဂရုစိုက်အလေးထားတတ်သူဖြစ်သည်။

မောင့်အချစ်ကို ပန်ရွှယ် အသိအမှတ်မပြုရဲ၍မရတော့။ သူမအပေါ် ချစ်တတ်လွန်းသည့် မောင့်ကို ပန်ရွှယ် ကျေးဇူးတင်မြတ်နိုးရပါ၏။

“မောင်…ပန်ရွှယ်ကို သိပ်ချစ်တာပဲလားဟင်”

“ပန်ရွှယ်ရယ်…ဘယ့်လိုပြောလိုက်တာလဲဗျာ၊ မောင့်အချစ်တွေက ပန်ရွှယ်အတွက် အထင်သေးစရာဖြစ်နေလို့လား”

“ဟင့်အင်း…မဟုတ်ပါဘူး မောင်၊ ပန်ရွှယ် မောင့်အပေါ် အဲလိုထင်လို့ မဟုတ်ပါဘူး၊ မောင် ပန်ရွှယ်ကို သိပ်ချစ်တာပဲလားလို့ သိချင်တာတစ်ခုတည်းပါ”

“သိချင်ရုံပဲလား၊ မောင့်ကို ချစ်ပါတယ်လို့ရော ပန်ရွှယ် မပြောတော့ဘူးလား”

“ဟင်…မောင်ပဲ စောစောက ကြားပြီးပြီဆို”

“ပန်ရွှယ်ရယ်”

ချစ်ပါသည်လို့ သူ့အား ပြောရမှာကိုပင် ရှက်မျက်နှာရဲရဲလေးနှင့် ကြံဖန်တွန့်တိုနေသော ကလေးဆန်လွန်းသည့် သူမလေးအပေါ် သူ၏ချစ်မြတ်နိုးမှုတွေက လွှမ်းကဲနေရသည်။

ဒါကြောင့်လည်း သူ ကြားချင်သည့် စကားကို သူမလေးထံက ထွက်ပေါ်လာအောင် ကြံရလေတော့သည်။

“မောင့်ကိုလည်း ချစ်တယ်ဆိုသေးတယ်၊ ချစ်ပါတယ်ဆိုတဲ့ စကားလေးကိုလည်း မောင် ကြားရအောင် မပြောချင်ဘူးလားဗျ”

ပန်ရွှယ်မှ မောင့်အား သနားသွားရသည်။ မောင် စိတ်ချမ်းသာမည့်စကားပြောဖို့ရာ သူမ ဘာကြောင့် နှောင့်နှေးနေရပါသည်လဲ။

“ပန်ရွှယ်ကို ခွင့်လွှတ်ပါ မောင်၊ ပန်ရွှယ် မောင့်ကို ချစ်ပါတယ်”

“ပန်ရွှယ်ရယ်”







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဘဝမှာ မောင် အကြားချင်ဆုံးဖြစ်တဲ့ စကားကို ကြားလိုက်ရပြီမို့ မောင့်ဘဝ သေပျော်ပါပြီဗျာ"

"အို…မောင်ရယ်၊ ဘယ်လိုပြောလိုက်တာလဲရှင်၊ မောင် သာတစ်ခုခုဖြစ်ရင် ပန်းရွယ် သေလိမ့်မယ်သိလား"

"ပန်းရွယ် တကယ်ပြောတာလားဟင်"

"တကယ်ပေါ့"

"အိုဗျာ"

နိုင်ဆွတ်မိုး သူကိုယ်သူ ခံစားနေရသည်များကို မေ့သွားကာ လူကောင်းတစ်ယောက်ပမာ ပန်းရွယ်ဖူးကိုယ်လေးကို ခပ်တင်းတင်းလေး ဆွဲပွေ့လိုက်တော့ ပန်းရွယ်ဖူးကိုယ်လေးမှာ သူ့ကိုယ်ပေါ် ယိုင်ဆင်းလာရသည်။

"အား"

"ဟင်…နာသွားပြီလား၊ အဲဒါကြောင့် ပြောတာပေါ့၊ မောင်က အရမ်းပဲ"

"ဘာဖြစ်လဲ"

"တော်ပါကွယ်၊ လူမမာမို့လို့ပဲ၊ မောင့်ကိုတော့ ကြောက်ပါတယ်"





"မောင့်ကို ဘာကြောင့် ကြောက်ရတာလဲဗျ"

"မောင်က ဆိုးတာကိုး"

"ပြောပါဦး၊ မောင် ဘယ်လိုဆိုးလဲဆိုတာ"

ပြုံးလွန့်လွန့်နှင့် သူ့အမေးကြောင့် ပန်းရွယ်ဖူးရှက်စိတ်တွေနှင့် မျက်နှာလေး မဖော်ရဲတော့ပါ။

မောင် သူမအပေါ် ချစ်မြတ်နိုးမှုတွေ လွန်ကဲနေပြီမှန်းလည်း သူမ သိပါသည်။

သည်အတွက် သူမရင်မှာလည်း ကြည်နူးရပါ၏။

"ကျွတ်…ဒဏ်ရာကလည်း ဒီအချိန်မှ ဖြစ်ရတယ်လို့"

နိုင်ဆွတ်မိုး ချစ်ဇနီးအပေါ် ချစ်စိတ်တွေနှင့် အားမလို အားမရ ဆိုလိုက်သည်။

"ဟိုး…ဆရာကြီး၊ ဘယ့်နှယ် ဒဏ်ရာကို အပြစ်တင်နေရတာလဲရှင့်၊ အဲဒီဒဏ်ရာကို တကယ်ဆို မောင် ကျေးဇူးတင်ရမှာ"

"ဟောဗျာ..ဘာဖြစ်လို့လဲ"

"ဒီဒဏ်ရာကြောင့် ပန်းရွယ့်ရင်ထဲက အချစ်တွေကို မောင် သိသွားလို့ပေါ့"

www.burmeseclassic.com



"ကောင်းကွာ"

"အဟွန်း…ဟွန်း…ဟွန်း"

"ခစ်…ခစ်…ခစ်"

ပန်းရွယ်ဖူးကပါ သူ့အဖြစ်ကို သဘောကျသလို သူနှင့်အတူ ကြည်မွေ့စွာ ရယ်မောမိလိုက်သည်။

မျက်တောင်ရှည်ကြီးများ စင်းချလျက် သွားစွယ်ဖွေးဖွေးလေးများပေါ်အောင် ရယ်မောနေသော အပြစ်ကင်းစင်လွန်းသည့် ချစ်စဖွယ် မိန်းကလေးကိုကြည့်ပြီး နိုင်ဆွတ်မိုး ကိုယ်ထဲ ရင်ခုန်သံများ မြန်လာရသလို။

"အေးဗျ…ခင်ဗျားလေး အဲလိုရယ်မနေနဲ့၊ ဒီကောင် ကိုယ့်စိတ်ကို ကိုယ် ဘယ်လောက်ထိန်းချုပ်ထားရတယ်ဆိုတာ ခင်ဗျားလေးမှ မသိဘဲ"

မချင့်မရဲဖြစ်စွာ ဆိုလိုက်တော့ ပန်းရွယ်ဖူးမျက်နှာလေး ရဲသွားရပြီး…

"မောင်နော်…ပန်းရွယ် မောင့်အနား မနေရဲအောင်မလုပ်နဲ့ သိလား"

"ဟင်…မောင်လည်း ဘာမှမလုပ်ရပါလား၊ ကြည့်ရတာ





ကောင်မလေး မောင့်အပေါ် စိတ်ထဲက မရိုးသားဘူးနဲ့တူတယ်"

"မောင်နော်…မောင်"

ပန်းရွယ်ဖူး ရှက်သွားရတော့ မောင်သည် သဘောတကျ ရယ်မောကာ…

"ရှက်တဲ့မျက်နှာလေးကလည်း အရမ်းလှတာပဲကွာ"

"မောင့်ရယ် တော်ပါပြီကွယ်"

ချစ်မြတ်နိုးမှုတွေနှင့် စနေပေမယ့် ပန်းရွယ်ဖူးမှာ ရှက်စိတ်တွေနှင့် သူ့အကြည့်များအောက် မျက်နှာလေး မဖော်ရဲတော့ပါ။

ရှက်စိတ်တွေနှင့် မောင့်နှုတ်ခမ်းကို သူမလက်လေးနှင့် ခပ်ဖွဖွ ပိတ်ကာထားလိုက်လေသည်။

ထိုအခါ နိုင်ဆွတ်မိုးသည် နူးညံ့သည့် သူမလက်လေးကို တင်းတင်းထွေးဆုပ်လိုက်ပြီး

"မောင်တော့ ဒီရက်လေးကို ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး၊ ဘာဖြစ်လည်းလို့ သိလား၊ ပန်းရွယ့်ဆီက မောင် ကြားချင်တဲ့စကားကို ကြားလိုက်ရလို့လေ"

"မောင်ရယ်"

"ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရွယ်လည်း အတူတူပါပဲ၊ ပန်းရွယ့်အချစ်တွေက မောင့်အပေါ်မှာ အသည်းအသက်နဲ့ ထပ်တူပါတဲ့ရှင်"

ချစ်ဝန်းစိုကာ လက်ဖြာနေသည့် ချစ်ခြင်းအကြည့်တွေနှင့် စကားက ဒဏ်ရာတွေရထားသည့် နိုင်ဆွတ်မိုးကို ကုစားလိုက်သလို။ ရင်ဝယ် ကြည်နူးခြင်းတွေနှင့် နှောင်လာမည့် ချစ်ရက်များအတွက် လှပသော နွေသစ်လေးများ ဖြစ်ပေါ်တော့မည်ကိုလည်း သူတို့နှစ်ဦး နားလည်လိုက်ပါတော့သည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ

ချစ်စေတနာဖြင့်

မြပုလဲသွယ်